# မြန်မာနိုင်ငံ
# ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး မူဘောင်နှင့် လုပ်ငန်းစီမံချက်
# ပဏာမဖော်ပြချက်စာတမ်း




*၂၀၁၆ခုနှစ် မတ်လ*


အာရှဖွံ့ဖြိုးရေးဘဏ်၊ မဲခေါင်ဒေသစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၊ ဩစတြေးလျအစိုးရ တို့မှ ပံ့ပိုးမှုပေးပါသည်။

# မာတိကာ


စကားချီးနှင့် ကျေးဇူးဥပကာရတင်ရှိခြင်းများ ........ ၂
၁။ နိဒါန်းနှင့် ဆက်စပ်အခြေအနေ ........ ၄
၂။ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးကို အဘယ်ကြောင့် လုပ်ဆောင်ပါသနည်း။ ........ ၆
၃။ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး ဆက်စပ်အခြေအနေနှင့် တွေ့ရှိချက်များ ........ ၁၀
၄။ ကဏ္ဍ ၁ - ဥပဒေနှင့် စည်းမျဉ်းပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေခြင်း ........ ၁၃
၅။ ကဏ္ဍ ၂ - ငွေကြေးဝန်ဆောင်မှုများရရှိနိုင်စေရန် ဆောင်ရွက်ခြင်း ........ ၂၀
၆။ ကဏ္ဍ ၃ - ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ခြင်း ........ ၂၉
၇။ ကဏ္ဍ ၄ - စီးပွားရေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုဖြည့်ဆည်းပေးရာတွင် နိုင်ငံတော်၏ အခန်းကဏ္ဍကို ပြန်လည်စုဖွဲ့ခြင်း ........ ၃၇
၈။ ကဏ္ဍ ၅ - မြန်မာနိုင်ငံ၏ လူသားအရင်းအနှီးအခြေခံကို တည်ဆောက်ခြင်း ........ ၄၇
၉။ ကဏ္ဍအများနှင့်သက်ဆိုင်သော အကြောင်းအရာများနှင့် လုပ်ငန်းစီမံချက်များ ........ ၅၆

နောက်ဆက်တွဲ ၁ - စီမံချက်လုပ်ငန်းစဉ်များနှင့် ပြီးစီးသည့်လုပ်ငန်းများ ........ ၆၂
နောက်ဆက်တွဲ ၂ - ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး အယူအဆများ ........ ၆၃
နောက်ဆက်တွဲ ၃ - အင်္ဂလိပ်ဘာသာဝေါဟာရ အတိုကောက်များ........ ၆၉

**စကားချီးနှင့် ကျေးဇူးဥပကာရတင်ရှိခြင်းများ**

၂၀၁၅ခုနှစ် နှစ်လယ်ပိုင်းတွင် နိုင်ငံတော်အစိုးရသည် ယခင်ကဆောင်ရွက်ခဲ့သော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး (PSD) လုပ်ငန်းများနှင့် လက်ရှိဆောင်ရွက်ဆဲ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြန်လည်သုံးသပ် အကဲဖြတ်လျက် ခိုင်မာတောင့်တင်းသော ပုဂ္ဂလိကကဏ္ဍတည်ဆောက်ရေး အဆင့်မြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်မည့် လုပ်ငန်းစီမံချက် တစ်ရပ်ကို အဆိုပြုနိုင်ရေး အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ အကူအညီတောင်းခံခဲ့ပါသည်။ ပုဂ္ဂလိကကဏ္ဍဦးဆောင်သော စီးပွားရေးသို့ မြန်မာနိုင်ငံ အသွင်ကူးပြောင်းရာတွင်အသုံးပြုနိုင်မည့် လမ်းပြမြေပုံတစ်ရပ်ရေးဆွဲရေး နိုင်ငံတော်အစိုးရက မေတ္တာရပ်ခံခြင်းဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဘောင်နှင့် လုပ်ငန်းစီမံချက် ပဏာမ ဖော်ပြချက်စာတမ်း ပြုစုတင်ပြနိုင်ရေး ကြိုတင်ပြင်ဆင်မှုကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ကနီးကပ်စွာ လမ်းညွှန်မှုပေးခဲ့ကြပါသည်။ ဤစီမံချက်ကို ဩစတြေးလျအစိုးရက ဘဏ္ဍာငွေကြေး ပူးပေါင်းဖြည့်ဆည်းမှုဖြင့် အာရှဖွံ့ဖြိုးရေးဘဏ်က ဆောင်ရွက်သည့် ဒေသအဆင့် နည်းပညာအကူအညီပေးရေးစီမံချက်ဖြစ်သော မဲခေါင်ဒေသစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် Mekong Business Initiative (MBI) ကဆောင်ရွက်ခဲ့ပါသည်။ MBI သည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင်ပါ အထူးအားဖြင့် အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်များအတွက် အခွင့်အလမ်းများကို တိုးတက်ကောင်းမွန်စေလျက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး၊ စီးပွားရေးလုပ်ငန်းများ တရားဝင်လုပ်ကိုင်နိုင်ရေးနှင့် တန်ဖိုးကွင်းဆက်များတိုးတက်ရေးတို့ကို အားပေးမြှင့်တင်ပါသည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး (PSD) မူဘောင်ရေးဆွဲသည့် လုပ်ငန်းစဉ်တွင် နိုင်ငံတော်အစိုးရ၊ စီးပွားရေးတွင် ဦးစီးဦးဆောင်ပြုနေသော လုပ်ငန်းရှင်များနှင့် ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများအပါအဝင် အဓိကသက်ဆိုင်သူအားလုံး ပါဝင်ပါသည်။ ပါဝင်ကူညီခဲ့ကြသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။ အဓိကအရေးပါသော နိုင်ငံတော်အစိုးရ ကိုယ်စားလှယ်များနှင့် စီးပွားရေးလုပ်ငန်း ကိုယ်စားလှယ်များသည် ပင်မအကြံပေးအုပ်စုတွင် ပါဝင်ကြခြင်းဖြင့် တန်ဖိုးမဖြတ်နိုင်သော လမ်းညွှန်ချက်များ ပေးအပ်ခဲ့ပါသည်။

ပင်မအကြံပေးအုပ်စုတွင် နိုင်ငံတော်အစိုးရဘက်မှ ပါဝင်ခဲ့ကြသူများမှာ ဦးတိုးအောင်မြင့်၊ ဦးအောင်စိုး၊ ဦးအောင်နိုင်ဦး၊ ဦးဝင်းမော်ထွန်း၊ ဒေါ်အေးအေးဝင်း၊ ဒေါ်စန္ဒာဦးနှင့် ဦးကျော်ဆန်းတို့ဖြစ်ကြပါသည်။ ပင်မအကြံပေးအုပ်စုတွင် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ခဲ့ကြသူများမှာ ဦးဝင်းအောင်၊ ဒေါ်ခိုင်ခိုင်နွယ်၊ ဒေါက်တာသက်သက်ခိုင်၊ ဦးဝေဖြိုး၊ ဒေါ်လှလှရီ၊ ဦးသူရကိုကို၊ ဦးဖြိုးဖြူနိုးနှင့် ဦးမိုးကျော်တို့ဖြစ်ကြပါသည်။ အာရှဖွံ့ဖြိုးရေးဘဏ်/ MBI ဘက်မှ David Brunell, Dominic Mellor, Winfried Wicklein နှင့် Peter Brimble တို့က စာတမ်းပြုစုသည့် လုပ်ငန်းစဉ်တစ်ရပ်လုံးကို လမ်းညွှန်မှုပေးခဲ့ကြပါသည်။ ကဏ္ဍငါးရပ်အတွက် ဦးဆောင်သူများမှာ (၁) ဥပဒေနှင့် စည်းမျဉ်းပတ်ဝန်းကျင်ကဏ္ဍအတွက် Melinda Tun (၂) ငွေကြေးဝန်ဆောင်မှုများ ရယူအသုံးပြုနိုင်ရေးကဏ္ဍအတွက် Tom Moyes (၃) ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍအတွက် Quang Phan (၄) စီးပွားရေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုဖြည့်ဆည်းပေးရာတွင် နိုင်ငံတော်၏အခန်းကဏ္ဍကို ပြန်လည်စုဖွဲ့ခြင်းကဏ္ဍအတွက် Laure Darcy နှင့် Stanley Boots (၅) လူသားအရင်းအနှီး ဖွံ့ဖြိုးရေးကဏ္ဍအတွက် Christopher Spohr တို့ ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဘောင် ပြုစုသည့်လုပ်ငန်းစဉ်တွင် တန်ဖိုးရှိသောပံ့ပိုးမှုများပေးခဲ့ကြသည့် အခြားသူများမှာ ဦးတင်ထွန်းဝင်း၊ ဦးအောင်ထွန်း၊ Nick Freeman, Gordon Peters, Pam Brunell နှင့် Ann Bishop တို့ဖြစ်ကြပါသည်။ ၂၀၁၆ခုနှစ် ဖေဖော်ဝါရီလတွင် ပြုလုပ် ခဲ့သော PSD မူဘောင် ပြန်လည်အသိပေးပြောကြားချက် အလုပ်ရုံဆွေးနွေးပွဲများကို Robert Gaarder က ဦးဆောင် ဆွေးနွေးသူအဖြစ် ကျွမ်းကျင်စွာ ဆောင်ရွက်ခဲ့ပါသည်။ အစီရင်ခံစာမူကြမ်းအပေါ် တန်ဖိုးရှိသော ပြန်လည်အသိပေးပြောကြားချက်များကို ဩစတြေးလျအစိုးရ နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဌာနမှ Mia Urbano နှင့် အခြားလုပ်ဖော်ကိုင်ဖက်များ၊ ယူကေ နိုင်ငံတကာဖွံ့ဖြိုးရေးဌာနမှ Liz Patterson နှင့် ယူနီဗာစီတီ ကောလိပ်လန်ဒန်ရှိ ဖွံ့ဖြိုးရေးခေါင်းဆောင်မှုအစီအစဉ်မှ Niheer Dasandi တို့အပါအဝင် သက်ဆိုင်သူအများအပြားထံမှ ရရှိခဲ့ပါသည်။

ဤစာတမ်းတွင် ဖော်ပြထားသော တွေ့ရှိချက်များ၊ အမြင်ယူဆချက်များနှင့် ကောက်ချက်များမှာ စာရေးသူများ၏ တွေ့ရှိချက်များ၊ အမြင်ယူဆချက်များနှင့် ကောက်ချက်များသာ ဖြစ်ပါသည်။ အာရှဖွံ့ဖြိုးရေးဘဏ်၊ ယင်းဘဏ်၏ အုပ်ချုပ်သူများဘုတ်အဖွဲ့ သို့မဟုတ် ၎င်းတို့ကိုယ်စားပြုသော အစိုးရအသီးသီးတို့၏ ရှုမြင်ပုံများကို ထင်ဟပ်သည်ဟု ယတိပြတ် မဆိုနိုင်ပါ။ အာရှဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ဤစာတမ်းတွင် ပါရှိသော အချက်အလက်များ၏ တိကျမှန်ကန်မှုကို အာမခံနိုင်ခြင်းမရှိပါ။ ယင်းအချက်အလက်များကို အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာမည့် အကျိုးဆက်များအတွက်လည်း တာဝန်ယူမည်မဟုတ်ပါ။

## ၁။ နိဒါန်းနှင့် ဆက်စပ်အခြေအနေ

၁။ မြန်မာနိုင်ငံ၏ လက်ရှိ စီးပွားရေးနှင့် လူမှုရေး အသွင်ကူးပြောင်းမှုများမှာ မကြုံစဖူး ကြီးမား ရှုပ်ထွေး လျင်မြန်ပါသည်။ ပြင်ပနှင့်အဆက်အသွယ်မပြုလုပ်ဘဲနေထိုင်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ဆုံးရှုံးခဲ့ရသောဖွံ့ဖြိုးမှုကို ပြန်လည်ရယူပြီး ယင်းကာလများ၏ဆိုးမွေများကို ပပျောက်စေရန် လျင်မြန်သွက်လက်စွာ အဆင့်ဆင့်တိုးတက်ဆောင်ရွက်ဖို့ လိုအပ်ပါမည်။ ဤပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး မူဘောင်နှင့် လုပ်ငန်းစီမံချက် ပဏာမဖော်ပြချက်စာတမ်းပြုစုရာတွင် ပင်မ မူဝါဒများ၊ မျှော်မှန်းချက်များနှင့် မူများအပေါ် ဆက်လက်တည်ဆောက်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ထူးခြားသော ဆက်စပ်အခြေအနေကို ထည့်သွင်းစဉ်းစားလျက် တစ်ကမ္ဘာလုံးမှ အကောင်းဆုံး လုပ်နည်းလုပ်ဟန်များနှင့် လေ့လာသင်ယူနိုင်ခဲ့သော သင်ခန်းစာများကို ထည့်သွင်းထားသည့် မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး (PSD)လုပ်ငန်းစဉ်ကို ဖော်ဆောင်နိုင်ရန်အတွက် စုစည်းညီညွတ်သော အဆင့်မြင့်ချဉ်းကပ်ပုံ ပေါ်ထွက်လာရန် ရည်ရွယ်ပါသည်။ အကျိုးသက်ဆိုင်ပါဝင်သူများ၏ မျှော်မှန်းချက်နှင့် လက်ရှိပကတိအခြေအနေများ/ လုပ်နည်းလုပ်ဟန်များအကြား ကွာဟချက်ကို ဖြည့်ဆည်းပေးရန်၊ စီးပွားရေးလုပ်ငန်းများ ရင်ဆိုင်နေရသော ကန့်သတ်ချက်များကို အသိအမှတ်ပြုရန်နှင့် အစိုးရသစ်အတွက် အသွင်ကူးပြောင်းရေး လမ်းပြမြေပုံအဖြစ် အသုံးပြုနိုင်ရန်လည်း စီစဉ်ထားပါသည်။ ဤအစီရင်ခံစာတွင် ဖော်ပြထားသော ကဏ္ဍငါးရပ် လုပ်ငန်းစီမံချက်များကိုပြုစုရာတွင် နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း ကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း အလေးအနက်ဖော်ပြရန် အရေးကြီးပါသည်။

၂။ စီမံချက်အဖွဲ့သည် ၂၀၁၅ခုနှစ် ဇွန်လမှ ၂၀၁၆ခုနှစ် မတ်လအထိ မြန်မာ အဓိကသက်ဆိုင်ပါဝင်သူများနှင့် ကျယ်ပြန့်စွာ တိုင်ပင်ဆွေးနွေးမှုများနှင့် နည်းပညာ အကြံပေး အကဲဖြတ်ချက် ပြုလုပ်ပြီး လုပ်ငန်းသုံးရပ်ကို ပြီးဆုံးအောင် ဆောင်ရွက်လျက် ဤပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဘောင်နှင့် လုပ်ငန်းစီမံချက် ပဏာမဖော်ပြချက်စာတမ်းကို ပြုစုခဲ့ခြင်းဖြစ်ပါသည်။ (နောက်ဆက်တွဲ ၁ ကို ကြည့်ပါ။)

- **ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဝါဒ ခြုံငုံဖော်ပြချက် (လုပ်ငန်း ၁** - ၂၀၁၅ခုနှစ် စက်တင်ဘာလ) - ဦးစားပေး ကဏ္ဍ ငါးရပ် အပေါ် အခြေခံလျက် လွှမ်းခြုံသော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဘောင် ရေးဆွဲရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၏ မူဝါဒ ဦးတည်ရာဘက်များနှင့် ပြုပြင်ပြောင်းလဲမှုများကို အကျဉ်းဖော်ပြချက်
  - ကဏ္ဍ ၁ - ဥပဒေနှင့် စည်းမျဉ်းပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေခြင်း
  - ကဏ္ဍ ၂ - ငွေကြေးဝန်ဆောင်မှုများ ရရှိနိုင်စေရန် ဆောင်ရွက်ခြင်း
  - ကဏ္ဍ ၃ - ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ခြင်း
  - ကဏ္ဍ ၄ - စီးပွားရေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုဖြည့်ဆည်းပေးရာတွင် နိုင်ငံတော်၏ အခန်းကဏ္ဍကို ပြန်လည်စုဖွဲ့ခြင်း
  - ကဏ္ဍ ၅ - မြန်မာနိုင်ငံ၏ လူသားအရင်းအနှီး အခြေခံကို တည်ဆောက်ခြင်း

- **ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး ပြုပြင်ပြောင်းလဲမှု အကဲဖြတ်ချက် (လုပ်ငန်း ၂** - ၂၀၁၅ခုနှစ် နိုဝင်ဘာလ) - ဦးစားပေးကဏ္ဍ ငါးရပ်လုံးအတွက် လက်ရှိ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး မူဝါဒနှင့် လုပ်ငန်းများကို ပြည့်စုံစွာပြန်လည်သုံးသပ်လျက် လစ်ဟာချက်များ၊ ရှေ့နောက်မညီခြင်းများနှင့် အဓိကစိန်ခေါ်မှုများကို ဖော်ထုတ်ခြင်း။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဘောင် အခြေခံ အယူအဆများ၊ နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ၏ အခန်းကဏ္ဍများ၊ မဟာဗျူဟာ မူများ၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဘောင်ကို သတ်မှတ်ရာတွင် အခြေခံဖြစ်သော အကောင်းဆုံး လုပ်နည်းလုပ်ဟန်များနှင့် လက်ဦးမှု ရယူဆောင်ရွက်ရေး ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာတို့ကိုလည်း ဖော်ပြထားပါသည်။

- **ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဘောင်နှင့် လုပ်ငန်းစီမံချက် (လုပ်ငန်း ၃**) - အနာဂတ်ကို ရည်မျှော်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဝါဒ မူဘောင်၊ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာနှင့် အကောင်အထည်ဖော်ရန် အဖွဲ့အစည်းစနစ်ပိုင်း အစီအမံများဖြစ်ပါသည်။ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလ ၁၁ရက်မှ ၂၄ ရက်အထိ နိုင်ငံတော်အစိုးရ၊ စီးပွားရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ မြန်မာ အဓိကသက်ဆိုင်ပါဝင်သူများနှင့်အတူ တိုင်ပင်ဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲ ၈ကြိမ် ကျင်းပပြုစုခဲ့ပါသည်။ ကနဦး အလုပ်ရုံဆွေးနွေးပွဲတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး ပြုပြင် ပြောင်းလဲမှု အကဲဖြတ်သည့်လုပ်ငန်းစဉ်ကို မိတ်ဆက်လျက် အပြန်အလှန် တိုင်ပင်ဆွေးနွေးသည့် လုပ်ငန်းစဉ်ကို စတင်ခဲ့ပါသည်။

ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အဓိက ဦးစားပေးများကို သတ်မှတ်ခဲ့ပါသည်။ ကဏ္ဍအလိုက် မဟာဗျူဟာအလုပ်ရုံဆွေးနွေးပွဲ ၆ကြိမ် (ကဏ္ဍ ၄ အတွက် ၂ကြိမ်)ကျင်းပပြီး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး အကဲဖြတ်ချက်မှ တွေ့ရှိချက်များကိုအတည်ပြုလျက် ကဏ္ဍတစ်ခုစီအတွက် လုပ်ငန်းစီမံချက် ပဏာမဖော်ပြချက် စာတမ်းများ ရေးဆွဲခဲ့ပါသည်။ နောက်ဆုံးအပြီးသတ် အလုပ်ရုံဆွေးနွေးပွဲတွင် ကဏ္ဍအလိုက် မဟာဗျူဟာအလုပ်ရုံ ဆွေးနွေးပွဲများမှ ဆောင်ရွက်ပြီးစီးသော လုပ်ငန်းများကိုအတည်ပြုပြီး (၁) မူဝါဒညှိနှိုင်းရေး အဖွဲ့အစည်းပိုင်း အစီအမံ များနှင့် (၂) အများပြည်သူ/ ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအတွက် လုပ်ငန်းစီမံချက်များရေးဆွဲခဲ့ပါသည်။

၃။ မြန်မာအကျိုးသက်ဆိုင်ပါဝင်သူများနှင့် အာရှဖွံ့ဖြိုးရေးဘဏ်/ MBI အဖွဲ့ဝင်များအကြား စိတ်ကူးစိတ်သန်းများ ဖလှယ်ခြင်းဖြင့် အဆိုပြုထားသော မူဝါဒများနှင့် ပြုပြင်ပြောင်းလဲရေး ဦးစားပေးလုပ်ငန်းများပြုစုရန် အထူးလိုအပ်သော အခြေခံအစိတ်အပိုင်းများကို ရရှိခဲ့ပါသည်။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး ပြုပြင်ပြောင်းလဲမှုများ အောင်မြင်ရေးတွင် နိုင်ငံတော် အစိုးရနှင့် စီးပွားရေးလုပ်ငန်း ဦးဆောင်ဦးရွက်ပြုသူများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အလေးအနက် တာဝန်ယူ ဆောင်ရွက်မှုတို့သည် မရှိမဖြစ်လိုအပ်ပါသည်။ ဆက်လက်၍လည်း လိုအပ်မည်သာဖြစ်ပါသည်။

၄။ သုတေသနလုပ်ငန်း တစ်စိတ်တစ်ဒေသအနေဖြင့် အာရှဖွံ့ဖြိုးရေးဘဏ်/ MBI အဖွဲ့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရွေးကောက်ပွဲကြေညာစာတမ်းကို ဂရုတစိုက် သုံးသပ်ခဲ့ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ စီးပွားရေး၊ လူမှုရေး မျှော်မှန်းချက်များနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး မူဘောင်နှင့် လုပ်ငန်းစီမံချက် ပဏာမဖော်ပြချက်စာတမ်းအကြား ကိုက်ညီမှုရှိကြောင်း ရှင်းလင်းသိသာပါသည်။

၅။ ပုဂ္ဂလိကကဏ္ဍ၏ အလားအလာကို ထုတ်ဖော်နိုင်လျက် အလုပ်အကိုင်များ ဖန်တီးနိုင်ပြီး အဆင်းရဲဆုံး ပြည်သူလူထုအားလုံး အထူးသဖြင့် အဆင်းရဲဆုံးသောလူများ၏ ဝင်ငွေများ တိုးတက်လာစေရန် ကြုံတွေ့နေရသည့် စိန်ခေါ်မှု အခက်အခဲများကို ကျော်လွှားနိုင်ရန် မြန်မာနိုင်ငံအတွက် စုစည်းညီညွတ်မှုရှိသော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဘောင်နှင့် လုပ်ငန်းစီမံချက်ရေးဆွဲရန် အထူးအရေးကြီးပါသည်။

## ၂။ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးကို အဘယ်ကြောင့် လုပ်ဆောင်ပါသနည်း။

၆။ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးမှာ ဈေးကွက်ဦးဆောင်သော စီးပွားရေးတိုးတက်မှုကို ပြုစုပျိုးထောင်သည့် စွမ်းဆောင်နိုင်သော စီးပွားရေးလုပ်ငန်းပတ်ဝန်းကျင်ဖြစ်စေရန် နိုင်ငံတော်အစိုးရကဖန်တီးပေးသည့် ရှင်သန်လှုပ်ရှားပြီး အပိုင်းကဏ္ဍအများပါဝင်သော လုပ်ငန်းစဉ်ဖြစ်ပါသည်။ ကောင်းမွန်သော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးဖြစ်စေရန် စီးပွားရေးလုပ်ငန်းများ ခိုင်မာတောင့်တင်းခြင်း၊ အလုပ်အကိုင်ဖန်တီးနိုင်ခြင်း၊ အသေးစားနှင့်အလတ်စားလုပ်ငန်း (SME)များ အသက်ဝင်ရှင်သန်ခြင်း၊ စီးပွားရေးလုပ်ငန်းလုပ်ဆောင်ရာတွင် လမ်းသစ်ထွင်လုပ်ဆောင်နိုင်ခြင်းနှင့် စွန့်စားဆောင်ရွက်ခြင်း၊ဆန်းသစ်တီထွင်လျက်ကောင်းမွန်သောနည်းလမ်းဖြင့်ပြိုင်ဆိုင်ခြင်း၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတိုးတက်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်နှင့်စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ခြင်း၊ စီးပွားရေးလုပ်ငန်းများ ကြီးမားကျယ်ပြန့်လာခြင်းဟူသော သွင်ပြင်လက္ခဏာများရှိရပါသည်။ သို့ဖြင့် နိုင်ငံသားအားလုံးအတွက် ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် အခွင့်အလမ်းများဖြည့်ဆည်းပေးနိုင်ပါမည်။

၇။ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး လုပ်ဆောင်ရသည့်အဓိကရည်ရွယ်ချက်မှာ စီးပွားရေးတိုးတက်မှုနှင့် လူမှုရေးဖွံ့ဖြိုးမှုကို နှိုးဆော်ရန်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးကိုထိရောက်စွာလုပ်ဆောင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ ပိုမိုရရှိလာပြီး ပြည်သူလူထုအနေဖြင့် မိမိတို့၏မျှော်မှန်းချက်များကိုဖော်ဆောင်နိုင်ပြီး ဘဝနေထိုင်မှု တိုးတက်ကောင်းမွန်နိုင်ပါမည်။ ယင်းလုပ်ငန်းစဉ်များကို စုစည်းလုပ်ဆောင်ခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုနှင့် မညီမျှမှုကိုလျှော့ချနိုင်ပြီး တစ်နိုင်ငံလုံး ကုန်ထုတ်စွမ်းအား မြင့်မားစေခြင်း၊ ယှဉ်ပြိုင်နိုင်မှုတိုးတက်လာခြင်း၊ စီးပွားရေးလုံခြုံမှု တိုးမြင့်လာခြင်းများ ရရှိလာပါမည်။

၈။ ပုဂ္ဂလိကကဏ္ဍထွန်းကားခြင်းသည် တစ်နိုင်ငံလုံး ကုန်ထုတ်စွမ်းအားတိုးတက်ရေးနှင့် ရေရှည်တည်တံ့သော စီးပွားရေးတိုးတက်မှုကို အင်ဂျင်စက်သဖွယ် မောင်းနှင်ပေးသော အဓိကအင်အားဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်မြင့်မားလာစေရန်နှင့် တာဝန်ယူမှုရှိပြီး နိုင်ငံသားများအပေါ် တုံ့ပြန်မှုရှိသော အစိုးရဖြစ်စေရေး အထူးလိုအပ်သည့် အခွန်ဘဏ္ဍာရရှိရန် အဓိကအရင်းအမြစ်လည်းဖြစ်ပါသည်။ အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍများအကြား မဟာဗျူဟာမိတ်ဖက်လုပ်ဆောင်ခြင်းများသည် အထူးအရေးပါသော အများပြည်သူ အခြေခံအဆောက်အဦများနှင့် ဝန်ဆောင်မှုများအတွက် ဘဏ္ဍာငွေကြေးရရှိရန်နှင့် ဖြည့်ဆည်းပေးရန်လိုအပ်သည့် ငွေရင်းငွေနှီးအများအပြားကို နှိုးဆော်ရယူနိုင်မည့် တစ်ခုတည်းသော နည်းလမ်းဖြစ်ပါသည်။

၉။ ကမ္ဘာတစ်ဝန်း လုပ်ငန်းများဆက်စပ်ဆောင်ရွက်မှုနှင့် ဒေသတွင်းပြိုင်ဆိုင်မှု အရှိန်အဟုန်မြင့်မားလျက်ရှိသော ယနေ့ခေတ်ကာလတွင် လူမှုရေးနှင့် ယဉ်ကျေးမှုတို့အရ စာနာနားလည်မှုရှိသော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးဖြစ်စေရန် အဓိကကျပါသည်။ ပုဂ္ဂလိကကဏ္ဍတိုးတက်ရန်၊ ထိရောက်တွင်ကျယ်မှုရှိရန်နှင့် မျှတသောစည်းမျဉ်းထိန်းချုပ်မှုရှိရန်မှာ အမျိုးသားလုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ပံ့ပိုးမှုပေးသော စီးပွားရေးအင်အားကောင်းမွန်ရေးနှင့် လူမှုရေး သာယာဝပြောမှုရှိရေးအတွက် လိုအပ်သော အခြေခံဖြစ်ပါသည်။

**မြန်မာနိုင်ငံ၏ အဓိက ဖွံ့ဖြိုးရေး စိန်ခေါ်မှုများနှင့် ပုဂ္ဂလိကကဏ္ဍ၏ အခန်းကဏ္ဍ**

၁၀။ မြန်မာနိုင်ငံတွင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးလုပ်ဆောင်ရခြင်း အခြေခံအကြောင်းရင်းမှာ အနှစ်ချုပ်အားဖြင့် အားလုံးသော အမျိုးသား၊ အမျိုးသမီးများအတွက် အထူးသဖြင့် ဆင်းရဲနွမ်းပါးသူများနှင့် ချို့တဲ့သူများအတွက် အလုပ်အကိုင်နှင့် အခွင့်အလမ်းများ တိုးတက်ရရှိစေရန်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ရင်ဆိုင်နေရသော အဓိက ဖွံ့ဖြိုးမှုဆိုင်ရာ စိန်ခေါ်မှုများကို အောက်တွင်ဖော်ပြထားပါသည်။ ယင်းတို့ကို ဖြေရှင်းဆောင်ရွက်ရာတွင် စီးပွားရေးလုပ်ငန်းများအနေဖြင့် မည်ကဲ့သို့ အရေးပါသော အခန်းကဏ္ဍမှပါဝင်နိုင်မည်ကိုလည်း ဖော်ပြထားပါသည်။

| မြန်မာနိုင်ငံ၏ အဓိက ဖွံ့ဖြိုးမှုဆိုင်ရာ စိန်ခေါ်မှုများ | ပုဂ္ဂလိကကဏ္ဍ၏ အခန်းကဏ္ဍများ |
|---|---|
| **ဆင်းရဲနွမ်းပါးမှု လျှော့ချခြင်း** - မြန်မာနိုင်ငံတွင် ရင်ဆိုင်နေရသော အရေးကြီးဆုံး စိန်ခေါ်မှုအခက်အခဲဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးသူများနှင့် ဘဝရပ်တည်ရန်ခက်ခဲသူများအတွက် အများပြည်သူဝန်ဆောင်မှုများ ဖြည့်ဆည်းပေးရာတွင် အခက်အခဲများရှိခြင်းကြောင့် ဤစိန်ခေါ်မှုအခက်အခဲမှာ ပိုမိုဆိုးဝါးလာပါသည်။ | ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အလုပ်အကိုင်(၁၀)ခုရှိလျှင်(၉)ခုမှာ ပုဂ္ဂလိကကဏ္ဍ အထူးသဖြင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများမှ အလုပ်အကိုင်များဖြစ်ပါသည်။ ကြွယ်ဝချမ်းသာမှု၊ ထုတ်လုပ်မှုစွမ်းအား မြင့်မားသော အလုပ်အကိုင်များနှင့် ငွေကြေးချောင်လည်မှုကို ဖန်တီးပေးရန် အထိရောက်ဆုံးနည်းလမ်းမှာ ပုဂ္ဂလိကကုမ္ပဏီများ အသက်ဝင်ရှင်သန်စေခြင်းဖြစ်ပါသည်။ သို့ဖြင့် ဆင်းရဲနွမ်းပါးသူများနှင့် ချို့တဲ့သူများ-အထူးသဖြင့်အမျိုးသမီးများ နှင့် တိုင်းရင်းသားများသည် ဆင်းရဲနွမ်းပါးမှုမှထွက်မြောက်နိုင်ပြီး အများစုပါဝင်နိုင်သော စီးပွားရေးတိုးတက်မှုရရှိပါမည်။ ၎င်းအပြင် ဆင်းရဲနွမ်းပါးပြီး ထိခိုက်နစ်နာလွယ်သည့် အမျိုးသား အမျိုးသမီးများအတွက် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှု များရရှိနိုင်ရေး၏ လိုအပ်ချက်များကိုလည်း ပုဂ္ဂလိကကဏ္ဍက ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။ နောက်ဆုံးအနေဖြင့် စီးပွားရေးလုပ်ငန်းအများအပြားသည် လူမှုရေးတာဝန်သိလုပ်ငန်းများ လုပ်ဆောင်ခြင်းဖြင့် လူ့အဖွဲ့အစည်းကို ပြန်လည်အကျိုးပြုကြပါသည်။ |
| **ငြိမ်းချမ်းရေးဖော်ဆောင်ခြင်း** - မြန်မာနိုင်ငံတွင် တိုင်းရင်းသားပဋိပက္ခနှင့် ဂိုဏ်းဂဏ ပဋိပက္ခများကို ဖြေရှင်းရန်လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် ယင်းတို့မှာ ဆင်းရဲနွမ်းပါးမှုနှင့် သီးခြားခွဲထုတ်၍ မရနိုင်ဘဲ ယှက်နွယ်နေပါသည်။ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို ထိန်းသိမ်းရန်မှာ စီးပွားရေး တိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် မရှိမဖြစ် လိုအပ်ပါသည်။ | ပုဂ္ဂလိကကဏ္ဍတိုးတက်လာခြင်းဖြင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖွံ့ဖြိုးရေးကိုပံ့ပိုးမှုပေးပါသည်။ မြို့ပြ၊ ကျေးလက်နှင့် တိုင်းရင်းသား နယ်မြေဒေသများတွင် အလုပ်အကိုင်များကိုဖန်တီးပေးပါသည်။ အခြေခံအဆောက်အဦနှင့် လူမှုရေးဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးပါသည်။ မကြာသေးမီက ဆက်သွယ်ရေးဝန်ဆောင်မှုများ တိုးတက်လာခြင်းကို ဥပမာအဖြစ် ဖော်ပြနိုင်ပါသည်။ (အောက်ဖော်ပြပါကဏ္ဍ ၄ တွင်ကြည့်ပါ)။ နောင်တွင် အသေးစားချေးငွေလုပ်ငန်း တိုးတက်လာခြင်းဖြင့် အလားတူသက်ရောက်မှုရှိမည်ဟုမျှော်မှန်းသည်။ |
| **မက်ခရိုစီးပွားရေးတည်ငြိမ်မှု** - မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သောနည်းလမ်းဖြင့် စီးပွားရေး တိုးတက်ရန်နှင့် မမျှော်လင့်သော စီးပွားရေး ထိခိုက်မှု အကြပ်အတည်းများဖြစ်ပွားလာပါက ခံနိုင်ရည်ရှိစေရန် မက်ခရိုစီးပွားရေးနှင့် ဘဏ္ဍာရေး တည်ငြိမ်မှုကိုထိန်းသိမ်းထားရှိရန် လိုအပ်ပါသည်။ | ခြုံငုံဖော်ပြရမည်ဆိုပါက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးခြင်းသည် စီးပွားရေးကို အားကောင်းစေပါသည်။ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ပေးပါသည်။ အခွန်ဘဏ္ဍာရရှိမှု တိုးတက်များပြားစေပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးကဲ့သို့သော ပင်မ နိုင်ငံတော်အစိုးရလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးကို ပံ့ပိုးပေးပါသည်။ စီးပွားရေးလုပ်ငန်းများ စုံလင်များပြားစေလျက် နိုင်ငံတော်၏ ပိုင်ဆိုင်မှုများကို ထိရောက်စွာ အသုံးပြုနိုင်စေပါသည်။ |

| မြန်မာနိုင်ငံ၏ အဓိက ဖွံ့ဖြိုးမှုဆိုင်ရာ စိန်ခေါ်မှုများ | ပုဂ္ဂလိကကဏ္ဍ၏ အခန်းကဏ္ဍများ |
|---|---|
| **အခြေခံအဆောက်အဦ ရယူအသုံးပြုနိုင်မှုနှင့် ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး တိုးတက်ကောင်းမွန်စေခြင်း** - မြန်မာနိုင်ငံသည် အခြေခံအဆောက်အဦ မလုံလောက်မှုကြောင့် ကြီးလေးသော အခက်အခဲများကိုရင်ဆိုင်နေရပါသည်။ ဈေးကွက်များသို့တင်ပို့နိုင်မှု၊ လူမှုဝန်ဆောင်မှုများ ရယူနိုင်မှုတို့ အဟန့်အတားဖြစ်ပြီး စီးပွားရေးလုပ်ငန်းများ တိုးတက်မှုကို အကန့်အသတ် ဖြစ်စေပါသည်။ | အခြေခံအဆောက်အဦဖွံ့ဖြိုးရေးနှင့် ဝန်ဆောင်မှုဖြည့်ဆည်းပေးရေးတွင် အများပြည်သူကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ မိတ်ဖက်ဆောင်ရွက်ခြင်း၊ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများကို ပြုပြင်ပြောင်းလဲခြင်းတို့ဖြင့် ပုဂ္ဂလိကကဏ္ဍ၏ အခန်းကဏ္ဍကိုမြှင့်တင်ရန် အလားအလာ ကောင်းမွန်ပါသည်။ ဥပမာ ပုဂ္ဂလိကကဏ္ဍသည် ရေအားလျှပ်စစ်နှင့် လျှပ်စစ်ဓာတ်အား ပို့လွှတ်သောစနစ်များ၊ ရေပေးဝေရေးနှင့် ဒေသတွင်း နိုင်ငံများ၊ ပိုမိုကျယ်ပြန့်သော ကမ္ဘာ့နိုင်ငံများနှင့်ဆက်သွယ်ရန် လမ်းကွန်ရက်များ၊ ဆိပ်ကမ်းများနှင့် လေဆိပ်များအတွက် ရင်းနှီးမြှုပ်နှံနိုင်ပါသည်။ |
| **အလုပ်သမားဈေးကွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် အလုပ်သမားအင်အားစုကို ဖန်တီးခြင်း** - ပညာရေးမှာ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးထက် စာတွေ့ကိုသာ အလေးပေးသောစနစ်ဖြစ်၍ ပညာတတ် ကျွမ်းကျင် အလုပ်သမားများ ရှားပါးပါသည်။ လူငယ်များသည် အလုပ်အကိုင်အတွက် အသင့်ဖြစ်နေခြင်းမရှိဟု ပုဂ္ဂလိကကဏ္ဍလုပ်ငန်းအများစုက ဆိုပါသည်။ အမျိုးသားများနှင့် အမျိုးသမီးများအကြားတွင်လည်းကောင်း၊ နိုင်ငံ၏ ဒေသအသီးသီးတွင်လည်းကောင်း ပညာရေး မညီမမျှ ကွာဟချက်များကို ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။ | ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကို ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ပေးသည့် သင်တန်းများမှတဆင့် အရှိန်မြှင့်တင်နိုင်ပါသည်။ ထို့အပြင် ဝန်ထမ်းများ ကျွမ်းကျင်မှုမြှင့်တင်ရန်နှင့် သင်တန်းအရည်အသွေးများ - အထူးသဖြင့် အမျိုးသမီးများ၊ လူငယ်များနှင့် တိုင်းရင်းသားများအတွက် တိုးတက်ကောင်းမွန်စေရန် အဖွဲ့အစည်းစနစ်များ တည်ထောင်ရာတွင် ပုဂ္ဂလိကကဏ္ဍသည် ကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်ဆောင်ရွက်နိုင်ပါသည်။ ပုဂ္ဂလိကကဏ္ဍသည် နိုင်ငံတော်အစိုးရနှင့် တိုင်ပင်ဆွေးနွေးလျက် အလယ်တန်း အထက်တန်းပညာရေးနှင့် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း သင်ကြားပို့ချသောစနစ်များ နီးကပ်စွာ ချိတ်ဆက်မှုရှိစေရန်လည်းကောင်း၊ အလုပ်သမားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်လည်းကောင်း၊ သာတူညီမျှမှုရှိစေရန်လည်းကောင်း၊ ယေဘုယျအားဖြင့် လုပ်ငန်းများအားလုံးအတွက်လည်းကောင်း၊ကဏ္ဍတစ်ခုချင်းအတွက်လည်းကောင်း သင်တန်းပို့ချသည့် အဖွဲ့အစည်းစနစ်များတွင် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရန်လည်းကောင်း ဆောင်ရွက်နိုင်ပါသည်။ |
| **အများပြည်သူကဏ္ဍ အုပ်ချုပ်မှုကို အားကောင်းစေခြင်း** - ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး ပြုပြင်ပြောင်းလဲသည့်လုပ်ငန်းစဉ်မှာ အဂတိလိုက်စားမှု၊ ထင်သာမြင်သာရှိမှုနှင့် အများပြည်သူကဏ္ဍအုပ်ချုပ်မှု ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် အားကောင်းသော အစီအမံများလိုအပ်ပါသည်။ | စီးပွားရေးလုပ်ငန်းများအနေဖြင့် လုပ်ငန်းများ လုပ်ဆောင်ရာတွင် ထင်သာမြင်သာရှိမှု တိုးတက်မြင့်မားစေရန်လည်းကောင်း၊ ကုမ္ပဏီအုပ်ချုပ်မှု တိုးတက်ကောင်းမွန်စေရန်လည်းကောင်း ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်နိုင်ပါသည်။ ၎င်းတို့ကိုယ်တိုင် လာဘ်ပေး လာဘ်ယူပြုခြင်းကို ရှောင်ကြဉ်နိုင်ပါသည်။ |
| **ဒေသအဆင့် ပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစည်းပါဝင်မှုကို ပြုစုပျိုးထောင်ခြင်း** - ဒေသန္တရနှင့် ကမ္ဘာတစ်ဝန်း တန်ဖိုးကွင်းဆက်များတွင် ပါဝင်နိုင်ရန် မြန်မာနိုင်ငံသည် မဟာဗျူဟာမြောက် ပထဝီ အနေအထားကို အကျိုးရှိစွာ အသုံးချနိုင်ပါသည်။ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်မှုကို မြှင့်တင်ရန် ရုပ်ဝတ္ထုနှင့် ရုပ်ဝတ္ထုမဟုတ်သော အခြေခံ အဆောက်အဦနှစ်မျိုးလုံးတွင် အရေးပါသော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ပါသည်။ | စီးပွားရေးလုပ်ငန်းအသိုက်အဝန်း ရှင်သန်ကြီးထွားခြင်းဖြင့် တန်ဖိုးကွင်းဆက်များအတွင်း မြန်မာနိုင်ငံပေါင်းစည်းပါဝင်နိုင်ရေး တွန်းအားပေးနိုင်ပါသည်။ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသောနိုင်ငံများမှာ လူဦးရေ ၂ ဘီလီယံကျော်ရှိပြီး ယင်းဈေးကွက်များသို့ တင်ပို့နိုင်မည်ဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံများနှင့် အခြေခံအဆောက်အဦ ချိတ်ဆက်မှုများတိုးတက်ကောင်းမွန်စေခြင်းဖြင့် မြန်မာနိုင်ငံတွင် အဆင်းရဲ အနွမ်းပါးဆုံးဖြစ်သည့် နယ်စပ်ဒေသများတွင် နေထိုင်ကြသူများအတွက် ဝင်ငွေရရှိနိုင်သည့် အခွင့်အလမ်းများလည်း တိုးတက်ရရှိပါမည်။ |

| **မြန်မာနိုင်ငံ၏ အဓိက ဖွံ့ဖြိုးမှုဆိုင်ရာ စိန်ခေါ်မှုများ** | **ပုဂ္ဂလိကကဏ္ဍ၏ အခန်းကဏ္ဍများ** |
|---|---|
| **သဘာဝဘေးခံနိုင်ရည်ရှိမှုတည်ဆောက်ခြင်း** - မြန်မာနိုင်ငံတွင် သဘာဝဘေးအမျိုးမျိုး ကျရောက်နိုင်ပါသည်။ ကမ်းရိုးတန်းဒေသများမှာ အထူးသဖြင့် ဆိုင်ကလုန်းမုန်တိုင်း၊ အပူပိုင်းဒေသမုန်တိုင်းနှင့် ဆူနာမီရေလှိုင်းများ ဖြစ်ပွားတတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် တစ်နိုင်ငံလုံး ရေလွှမ်းမိုးခြင်း၊ တောင်ပေါ်ဒေသတွင် မြေပြိုခြင်းများ ဖြစ်ပွားပါသည်။ | ၂၀၁၅ခုနှစ် စက်တင်ဘာလတွင် ဆိုးဂါးသော ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများဖြစ်ပွားပြီးနောက် ပြည်သူလူထုကို အကူအညီပေးရာတွင်လည်းကောင်း၊ ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုကြောင့် ထိခိုက်ပျက်စီးမှုများကိုပြင်ဆင်ရာတွင်လည်းကောင်း ပုဂ္ဂလိကကဏ္ဍသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။ သဘာဝဘေး တားဆီးကာကွယ်ရေးနှင့် ခံနိုင်ရည်ရှိရေးအတွက် အစီအစဉ်များနှင့် လုပ်ငန်းစဉ်များ ရေးဆွဲရာတွင်လည်းကောင်း၊ သဘာဝဘေးကြောင့် သက်ရောက်မှုများကိုတားဆီးရန်နှင့် နည်းပါးသက်သာစေရန် အခြေခံအဆောက်အဦတည်ဆောက်ရာတွင်လည်းကောင်း ပုဂ္ဂလိကကဏ္ဍသည် နိုင်ငံတော်အစိုးရ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်နိုင်ပါသည်။ |

## ၃။ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး ဆက်စပ်အခြေအနေနှင့် တွေ့ရှိချက်များ

၁၁။ မြန်မာနိုင်ငံတွင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးလုပ်ဆောင်ရာ၌ အတိတ်သမိုင်းကြောင်းကိုထည့်သွင်းစဉ်းစားပြီး ပစ္စုပ္ပန်အပေါ် အခိုင်အမာအခြေပြုလျက် အနာဂတ်အတွက် ရှင်းလင်းသောအမြင်ရှိရပါမည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် အဆင်းရဲဆုံးနိုင်ငံများအနက် အပါအဝင်ဖြစ်ပါသည်။ ဆယ်စုနှစ်များစွာ မက်ခရိုစီးပွားရေး စီမံခန့်ခွဲမှုညံ့ဖျင်းခြင်း၊ အများပြည်သူကဏ္ဍ ကြွေးမြီတင်ရှိမှုများပြားခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းပါးခြင်း၊ နိုင်ငံတကာအသိုက်အဝန်းတွင် မပါဝင်ဘဲ သီးခြားဖြစ်နေခြင်းတို့ကြောင့် စီးပွားရေးထိခိုက်ခဲ့ပါသည်။ ဤအခြေအနေတွင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မှာ အောက်ပါအကြောင်းအချက်များကြောင့် များစွာထိခိုက်ပါသည်။

- ဥပဒေနှင့်စည်းမျဉ်းထိန်းချုပ်သည့် မူဘောင်မှာ ဥပဒေမူဘောင်ကိုကျော်လွန်၍ အုပ်ချုပ်ရေးပိုင်းက အမိန့်ပေးခြင်းများ၊ ညွှန်ကြားချက်ပေးခြင်းများကြောင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအနေဖြင့် အခြေတကျလုပ်ငန်းများလုပ်ကိုင်ပြီး တိုးတက်ရန် အလွန်ခက်ခဲပါသည်။
- လုပ်ငန်းစုများမှာ မပြိုင်ဆိုင်နိုင်ခြင်း၊ စီးပွားရေးပိတ်ဆို့ထားခြင်းနှင့် အဆက်အဆံမရှိဘဲ သီးခြားနေခြင်းရလဒ်အဖြစ် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ နည်းပါးပါသည်။
- မက်ခရိုစီးပွားရေး စီမံခန့်ခွဲမှုအားမကောင်းခြင်းနှင့် စည်းမျဉ်းထိန်းချုပ်ကြီးကြပ်မှုမရှိခြင်းကြောင့် ငွေကြေးဝန်ဆောင်မှုကဏ္ဍ အားနည်းပါသည်။
- အခြေခံအဆောက်အဦ ဝန်ဆောင်မှုများမှာ နှစ်ပေါင်းများစွာ လျစ်လျူရှုထားခြင်းကြောင့် လုံလောက်မှုမရှိပါ။
- ကျန်းမာရေး၊ ပညာရေးနှင့် လေ့ကျင့်သင်တန်းပေးမှုကဲ့သို့သော မရှိမဖြစ် လိုအပ်သည့် လူမှုဝန်ဆောင်မှုများတွင် အများပြည်သူဝန်ဆောင်မှု မရှိခြင်းကြောင့် လူသားအရင်းအနှီးယိုယွင်းပါသည်။
- အမျိုးသမီးများမှာ ကဏ္ဍအနည်းငယ်ရှိ ကျွမ်းကျင်မှုလိုအပ်ချက်နိမ့်ကျပြီး ဝင်ငွေနည်းပါးသော အလုပ်အကိုင်များသာ ရရှိကြပါသည်။ အဓိကအားဖြင့် တစ်နိုင်တစ်ပိုင်နှင့် အသေးစား-အလတ်စား လုပ်ငန်းများတွင်သာ လုပ်ကိုင်နိုင်ကြပါသည်။
- နိုင်ငံပိုင်လုပ်ငန်းများကြောင့် ပုဂ္ဂလိကကဏ္ဍ လုပ်သာကိုင်သာမရှိဘဲ နိုင်ငံတော်အစိုးရအပေါ် ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုး ဖြစ်နေပါသည်။ လိုအပ်သော အများပြည်သူ ဝန်ဆောင်မှုများကိုလည်း ဖြည့်ဆည်းပေးနိုင်ခြင်းမရှိပါ။

၁၂။ မကြာသေးမီနှစ်များအတွင်းက မြန်မာနိုင်ငံသည် ရှုပ်ထွေး လျင်မြန်သော စီးပွားရေး နိုင်ငံရေးနှင့် လူမှုရေး အသွင်ကူးပြောင်းရေး စိန်ခေါ်မှုများကို ရင်ဆိုင်ရလျက်ရှိပါသည်။ ဗဟိုမှစီမံခန့်ခွဲသောစီးပွားရေးမှ ဈေးကွက်ဦးဆောင်သော စီးပွားရေးသို့ ဆက်လက်၍ လျင်မြန်စွာကူးပြောင်းရပါမည်။ အောက်ပါတို့အပါအဝင် ဖွဲ့စည်းမှုပုံသဏ္ဍာန်ပြောင်းလဲခြင်း အလားအလာများနှင့် ညှိနှိုင်းမှုများကို လုပ်ဆောင်ရပါမည်။

- အလုပ်သမားနှင့် အလုပ်အကိုင်ကဏ္ဍမှာ စိုက်ပျိုးရေးမှ စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုကဏ္ဍများသို့ ပြောင်းလဲရပါမည်။ သို့သော် အမျိုးသားများနှင့် အမျိုးသမီးများအတွက် ပြောင်းလဲပုံများမှာ တူညီမည်မဟုတ်ပါ။
- စီးပွားရေးလုပ်ငန်းများစုံလင်စေပြီး သယံဇာတထုတ်ယူခြင်းအပေါ် မှီခိုမှုလျော့နည်းကျဆင်းစေရန်ဖြစ်ပါသည်။
- တန်းတူယှဉ်ပြိုင်ခွင့်ရှိသော စီးပွားရေးပတ်ဝန်းကျင်၊ ပြိုင်ဆိုင်မှုနှင့် ထင်သာမြင်သာရှိမှုကို အားပေးသောနည်းလမ်းဖြင့် ခေတ်ဟောင်းစီးပွားရေးလုပ်ငန်းများ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ တပ်မတော်နှင့် ချိတ်ဆက်နေသောလုပ်ငန်းများ၊ အုပ်ချုပ်သူလူတန်းစားများပိုင် စီးပွားရေးလုပ်ငန်းများ) စုစည်းနေမှုကို ဖယ်ရှားရန်ဖြစ် ပါသည်။
- အထူးသဖြင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် အခြေခံအဆောက်အဦ မလုံလောက်မှုများကို ဖြေရှင်းဆောင်ရွက်ရန်ဖြစ်ပါသည်။
- ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်းဈေးကွက်များအတွင်း ပြန်လည်ဝင်ဆံ့ပေါင်းစည်းနိုင်ရန်ဖြစ်ပါသည်။

၁၃။ စီးပွားရေးဘက်တွင် ဆယ်စုနှစ်များစွာဆုံးရှုံးခဲ့ခြင်း၊ ခေတ်ဟောင်းအမွေများကြောင့် ကုန်ကျစရိတ်ကြီးမြင့်နေခြင်း၊ နိုင်ငံရေးပတ်ဝန်းကျင်လျင်မြန်စွာ ပြောင်းလဲနေခြင်းတို့ကြောင့် အောင်မြင်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးမူဝါဒဖြစ်စေရန် နိုင်ငံတော်အစိုးရသည် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးကို မောင်းနှင်ပြီး တိုက်ရိုက်ပါဝင်ဆောင်ရွက်ရမည်ဟူသော ခံယူချက်ကို အခြေခံကျကျ ပြောင်းလဲရန်လိုအပ်ပါသည်။ နိုင်ငံတော်အစိုးရသည် မူဝါဒချမှတ်သူနှင့် ကူညီပံ့ပိုးသူအဖြစ်သာ ဆောင်ရွက်ပြီး ပုဂ္ဂလိကကဏ္ဍအနေဖြင့် ဈေးကွက်အင်အားများကို ထိန်းကျောင်းအသုံးပြုနိုင်စေရန်နှင့် မောင်းနှင်ပေးနိုင်စေရန်သာ

ပံ့ပိုးပေးရပါမည်။ ပုဂ္ဂလိကကဏ္ဍအပေါ် နိုင်ငံတော်အစိုးရ၏ သဘောထား၊ ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတော်အစိုးရ ဆက်ဆံရေးတို့နှင့်စပ်လျဉ်း၍ ကဏ္ဍ ၅ ရပ်အကဲဖြတ်ချက်များနှင့် တိုင်ပင်ဆွေးနွေးမှုများမှ အထူး ဦးစားပေး အကြောင်းအရာအချို့ကို ဖော်ထုတ်ရရှိပါသည်။

- အစိုးရအဖွဲ့အစည်းများတွင် ယေဘုယျတွေ့ရသည့်ပုံစံမှာ စီမံကိန်းရေးဆွဲမှု ထိန်းချုပ်မှုနှင့် စည်းမျဉ်းများ များပြားလွန်းခြင်း၊ အုပ်ချုပ်စီမံမှုနှင့် အရေးယူမှု တစ်ပြေးညီမဖြစ်ခြင်း ကြိုတင်မခန့်မှန်းနိုင်ခြင်းများဖြစ်ပါသည်။
- အစိုးရခေါင်းဆောင်ပိုင်း၏ မူဝါဒရည်မှန်းချက်များကို အစိုးရ အလယ်အလတ်အဆင့်နှင့် အောက်အဆင့်များတွင်လည်းကောင်း၊ နယ်မြေခံ အစိုးရအရာရှိများနှင့် ပုဂ္ဂလိကကဏ္ဍအကြား ထိတွေ့ဆောင်ရွက်မှုများတွင်လည်းကောင်း ထိရောက်စွာ အကောင်အထည်ဖော်မှုမရှိပါ။
- ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများက ဥပဒေများနှင့် စည်းမျဉ်းများ ရှင်းလင်းမှုမရှိကြောင်းနှင့် ရှုပ်ထွေးနေကြောင်း၊ စည်းမျဉ်းလိုက်နာရန် ကုန်ကျစရိတ်ကြီးမြင့်ပြီး အချိန်ကုန်လျက် ဝန်ထုပ်ဝန်ပိုးဖြစ်နေကြောင်း ဖော်ပြကြပါသည်။ အစိုးရအရာရှိများသည် မကြာခဏ ဈေးကွက်လုပ်ငန်းစဉ်များကို ယုံကြည်စိတ်ချမှုမရှိပါ။ စည်းမျဉ်းထိန်းချုပ်မှု များပြားလွန်းခြင်း၏ အကျိုးဆက်များကိုလည်းမသိမြင်ကြပါ။ နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍက ပါဝင်ဆောင်ရွက်သင့်သည့် အခြေခံ အခန်းကဏ္ဍများကိုလည်း နားလည်သဘောပေါက်ခြင်းမရှိပါ။
- ဗဟိုအဆင့် စီးပွားရေးအဖွဲ့အစည်းများဖြစ်သော မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် အခြား အဓိကအဖွဲ့အစည်းများသည် ပိုမို၍ တိုးတက်မှုကို ရှေးရှုသော မူဝါဒ/စည်းမျဉ်း လမ်းညွှန်ရန်နှင့် လုပ်ဆောင်ရန်လိုအပ်ပါသည်။

၁၄။ မြန်မာနိုင်ငံ၏ လူမှုရေးနှင့် စီးပွားရေးမျှော်မှန်းချက်များ ပြည့်မီစေရန် ရဲပုံ့ပြီး မျှော်မှန်းချက်ကြီးမားသော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး မျှော်မှန်းချက်နှင့် ရည်မှန်းချက်များထားရှိဆောင်ရွက်ရပါမည်။ ဖွံ့ဖြိုးမှုမရရှိဘဲ ကုန်လွန်ခဲ့သော ဆယ်စုနှစ်များအတွက် ပြန်လည်ပြည့်မီပြီး ၂၀၃၀ ခုနှစ်တွင် အာဆီယံ အိမ်နီးချင်းနိုင်ငံများနှင့် တန်းတူညီမျှမှုရရှိရန်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး မူဘောင်ကိုသတ်မှတ်ရန်နှင့် ဆက်လက်ဆောင်ရွက်မည့် လက်ဦးမှုရယူသောပြုပြင်ပြောင်းလဲရေး မဟာဗျူဟာကိုသတ်မှတ်ရန် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး ပင်မ-အယူအဆများနှင့် မူများကို နားလည်သဘောပေါက်ရေးမှာ အခြေခံဖြစ်ပါသည်။

၁၅။ ယေဘုယျအားဖြင့် မည်သည့်နိုင်ငံအတွက်မဆို ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး ပြုပြင်ပြောင်းလဲသည့် လုပ်ငန်းစဉ်မှာ စီမံခန့်ခွဲရန်နှင့် အကောင်အထည်ဖော်ရန် အရင်းအမြစ်များစွာလိုအပ်ပါသည်။ လက်ရှိ မြန်မာနိုင်ငံပတ်ဝန်းကျင်တွင် ငွေကြေးနှင့် လူသားအရင်းအနှီးအခြေခံ နိမ့်ကျခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ရမည့် အချိန်ကာလ တိုတောင်းခြင်း၊ နိုင်ငံတကာ အလှူရှင်အဖွဲ့အစည်းများက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လာခြင်း၊ အများပြည်သူ ကဏ္ဍ စွမ်းဆောင်ရည် အားနည်းခြင်းတို့ကြောင့် အထူးသဖြင့် စိန်ခေါ်မှုအခက်အခဲရှိပါမည်။

၁၆။ အထူးသဖြင့် မြန်မာနိုင်ငံအတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး မူဘောင်ကို သတ်မှတ်ရာတွင် လွယ်ကူရိုးရှင်းမည်မဟုတ်ဘဲ ကဏ္ဍအသီးသီး ပေါင်းစပ်လုပ်ဆောင်ရန်လိုအပ်ပါသည်။ (အသေးစိတ်ကို နောက်ဆက်တွဲ ၂ တွင် ဖော်ပြထားပါသည်။)

- စိတ်အားထက်သန်သော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး မျှော်မှန်းချက်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်များနှင့် ရှင်းလင်းသော အလိုရှိသည့်ထွက်ပေါ်ရလဒ်များ
- ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးတွင် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ၏ ဖြည့်ဖက်ဖြစ်သော အခန်းကဏ္ဍများကို နားလည်သဘောပေါက်ခြင်း
- ကမ္ဘာတစ်ဝန်း အကောင်းဆုံးလုပ်နည်းလုပ်ဟန်များ၊ မူများနှင့် ရရှိသော သင်ခန်းစာများကို ကျင့်သုံးခြင်း
- မြန်မာနိုင်ငံ၏ ထူးခြားသော ပိုင်ဆိုင်မှုများနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး မောင်းနှင်ပေးသည့် အကြောင်းအချက်များ၊ ဖြေရှင်းဆောင်ရွက်ရန် လိုအပ်သည့် အဓိက စိန်ခေါ်မှုများနှင့် အကန့်အသတ်များကို နားလည်သဘောပေါက်ခြင်း
- ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး၏ ကဏ္ဍအများပါဝင်သော သဘောသဘာဝနှင့် မူဝါဒနယ်ပယ်အသီးသီးတွင် ကဏ္ဍအများနှင့် သက်ဆိုင်သော အရေးပါသည့် ဆက်ဆံရေးများကို နားလည်ခြင်း

- မူဝါဒချမှတ်ခြင်း၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာ ထိရောက်သောအဖွဲ့အစည်းစနစ် အစီအမံများနှင့် လုပ်ငန်းစဉ်များကို ချမှတ်ထားရှိခြင်းနှင့်
- နိုင်ငံရေးပိုင်းမှ လိုလားဆန္ဒရှိခြင်း၊ ခေါင်းဆောင်မှုပေးခြင်းနှင့် အစိုးရအရာရှိများအနေဖြင့် ပုဂ္ဂလိကကဏ္ဍနှင့် ဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်ရန် တူညီသောခံယူချက်ရှိခြင်း

၁၇။ နိုင်ငံတော်အစိုးရ၏ အမျိုးသမီးများတိုးတက်ရေး အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းကို ၂၀၁၃ခုနှစ်တွင် အတည်ပြုခဲ့ပြီး ဤစီမံကိန်းပါ ဦးတည်ချက် ၁၂ရပ်အနက် အချို့သည် ပုဂ္ဂလိကကဏ္ဍပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်နှင့် အထူးသက်ဆိုင်အကျုံးဝင်ပါသည်။ ဥပမာ ဦးတည်ချက်အမှတ် ၆ သည် အမျိုးသမီးများနှင့် စီးပွားရေးဆိုင်ရာ ဦးတည်ချက်ဖြစ်ပြီး "မျှတသော အလုပ်အကိုင်ခန့်ထားမှုလုပ်နည်းလုပ်ဟန်များ၊ ဈေးငွေရယူနိုင်မှု၊ ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် စီးပွားရေးအကျိုးခံစားခွင့်များကို အမျိုးသမီးများ တန်းတူညီတူရရှိစေရေး အစီအမံများအားကောင်းစေရန်" ဟု ဖော်ပြထားပါသည်။ စီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများအတွက် ခွဲတမ်းထားရှိသည့်စနစ်များ၊ အနှောင့်အယှက်မပေးရေးပြဋ္ဌာန်းချက်များ ပါဝင်သည့်လုပ်ငန်းခွင်မူဝါဒများကို အကောင်အထည်ဖော်ခြင်း၊ တန်းတူညီတူ အလုပ်အကိုင်အတွက် တန်းတူညီတူ လုပ်ခလစာရရှိရေး၊ အလုပ်ခန့်အပ်သည့် လုပ်ငန်းစဉ်များ တိုးတက်ကောင်းမွန်စေခြင်းဟူသော အဓိကအညွှန်းကိန်းများပါဝင်ပါသည်။ ဦးတည် ရည်ရွယ်သော ထွက်ပေါ်ရလဒ်များအနက် လုပ်ငန်းခွင်တွင် အမျိုးသားများနှင့် အမျိုးသမီးများအတွက် တန်းတူ အခွင့်အလမ်းများနှင့် တန်းတူလုပ်ခလစာရရှိရေးအရေးကြီးပုံကို အများပြည်သူကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတွင် ပိုမို၍သိမြင်လာခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။

၁၈။ ထိရောက်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဘောင်နှင့် လုပ်ငန်းမဟာဗျူဟာဖြစ်ရန် နည်းပညာပိုင်း မူဝါဒ အကြံပြုလမ်းညွှန်ချက်များထက်ပိုလွန်ရပါမည်။ နိုင်ငံတော်အစိုးရပိုင်းနှင့် စီးပွားရေးလုပ်ငန်း အသိုက်အဝန်းများ၏ ခေါင်းဆောင်ပိုင်းမှ သတ်မှတ်ရန်နှင့် မိမိတို့လုပ်ငန်းအဖြစ် ခံယူရန်လိုအပ်ပါသည်။ အဆုံးစွန်အားဖြင့် လူအများ ပါဝင်ဆောင်ရွက်သည့်လုပ်ငန်းဖြစ်ပါသည်။ နိုင်ငံတော်အစိုးရပိုင်းနှင့် စီးပွားရေးလုပ်ငန်း အသိုက်အဝန်းမှ ဦးစီးဦးဆောင်ပြုသူများသည် ပူးတွဲလျက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မျှော်မှန်းချက်များ၊ မဟာဗျူဟာဦးစားပေးများနှင့် ရွေးချယ်မှုများကို ဖော်ပြရန်လိုအပ်ပါသည်။ စွမ်းဆောင်နိုင်စေသောအစီအမံများနှင့် စွမ်းဆောင်ရည်များကိုလည်းဖွံ့ဖြိုးတိုးတက်စေရန် တူညီသောကတိကဝတ်ပြုမှု ရှိရပါမည်။

၁၉။ ဤအစီရင်ခံစာ၏ အောက်ဖော်ပြပါအပိုင်းများမှာ နိုင်ငံတကာအတွေ့အကြုံမှ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးအယူအဆများနှင့် မူများကို အသုံးပြုလျက် မြန်မာနိုင်ငံ၏ ထူးခြားသော အခြေအနေနှင့် ကိုက်ညီပြီး နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ၏ စိတ်ဓာတ်၊ ခံယူချက်နှင့် စွမ်းအင်တို့ကို ရယူအသုံးပြုနိုင်မည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဘောင်နှင့် လုပ်ငန်းစီမံချက် ပဏာမဖော်ပြချက်စာတမ်းကို ပြုစုတင်ပြထားခြင်း ဖြစ်ပါသည်။ ဦးစားပေးကဏ္ဍ ငါးရပ်အတွက် ဆန်းစစ်ချက်နှင့် လုပ်ငန်းစီမံချက် ပဏာမ ဖော်ပြချက်စာတမ်း၊ ကဏ္ဍအများနှင့် သက်ဆိုင်သော ကိစ္စရပ်များဖြစ်သည့် အဖွဲ့အစည်းများအကြား မူဝါဒ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေးအစီအမံများနှင့် အများပြည်သူ/ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် လုပ်ငန်းစီမံချက်များပါဝင်ပါသည်။ အဆင့်မြင့်ကဏ္ဍတွင်ဆောင်ရွက်ရမည့် ကဏ္ဍအများနှင့် သက်ဆိုင်သော အခြေခံအုတ်မြစ်ဖြစ်သည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဝါဒများကို အဓိကထားပါသည်။ သတ်မှတ်ထားသော ကဏ္ဍများ သို့မဟုတ် အထူးဦးတည်ရည်ရွယ်သော ဖွံ့ဖြိုးရေး အကြောင်းအရာများကိုသာမဟုတ်ဘဲ ကဏ္ဍအားလုံးတွင် စီးပွားရေး ကြီးထွားမှုနှင့် ရှင်သန်လှုပ်ရှားမှုကို ပံ့ပိုးမှုပေးသော မူဝါဒများဖြစ်ပါသည်။

## ၄။ ကဏ္ဍ ၁ - ဥပဒေနှင့် စည်းမျဉ်း ပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေခြင်း

**ပြုပြင်ပြောင်းလဲမှုများကို ခြုံငုံဖော်ပြချက်နှင့် ဆက်စပ်အခြေအနေများ**

၂၀။ မြန်မာနိုင်ငံတွင် လက်ရှိစီးပွားရေးဆိုင်ရာ ဥပဒေစည်းမျဉ်း မူဘောင်မှာ ရှုပ်ထွေးပြီး စုစည်းမှုမရှိပါ။ အစိုးရအဆက်ဆက်က ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးကို ချဉ်းကပ်ပုံအမျိုးမျိုး ကျင့်သုံးခဲ့ခြင်းကြောင့် ဥပဒေမူဘောင်မှာ ဥပဒေများ၊ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများ အလွှာအသီးသီး ပါဝင်ပြီး အချို့မှာထပ်နေခြင်း၊ ခေတ်မမီတော့ခြင်းနှင့် ရှေ့နောက်မညီခြင်းများ ဖြစ်နေပါသည်။ ၂၀၁၁ခုနှစ်မှစတင်၍ မြန်မာအစိုးရသည် ခေတ်မီဈေးကွက်စီးပွားရေးသို့ တစ်နိုင်ငံလုံး အသွင် ကူးပြောင်းနိုင်ရေး လွယ်ကူချောမွေ့စေရန် စီးပွားရေးလုပ်ငန်းများနှင့်သက်ဆိုင်သော ဥပဒေအများအပြားကိုလည်းပြဋ္ဌာန်းခဲ့ပြီး အခြားဥပဒေအများအပြားကို ပြဋ္ဌာန်းရန်လည်း ပြင်ဆင်လျက်ရှိပါသည်။ သို့ရာတွင် ဥပဒေစည်းမျဉ်းများကို အကောင်အထည်ဖော်ခြင်း၊ လိုက်နာစေရေး အရေးယူဆောင်ရွက်ခြင်းများ နည်းပါးနေပါသည်။ ဥပဒေမူဘောင်ကို ပံ့ပိုးမှုပေးရန် လိုအပ်သော အဖွဲ့အစည်းများမှာလည်း စွမ်းဆောင်ရည်မရှိခြင်း၊ မတည်ထောင်ရသေးခြင်းများဖြစ်နေပါသည်။


၂၁။ ဤဆက်စပ်အခြေအနေတွင် စီးပွားရေး ကြီးထွားရန်အတွက် ပုဂ္ဂလိကကဏ္ဍအနေဖြင့် လိုက်နာရမည့် ဥပဒေနှင့် စည်းမျဉ်း မူဘောင်များကို တိုးတက်ကောင်းမွန်စေရေးမှာ မဖြစ်မနေ လုပ်ဆောင်ရမည်ဖြစ်ပြီး အစိုးရတစ်ရပ်လုံးအနေဖြင့် ရှင်းလင်းပြီး ရှေ့နောက်ညီညွတ်သော ချဉ်းကပ်ပုံ ရှိရပါမည်။ ထို့အပြင် ဥပဒေနှင့် စည်းမျဉ်းများ ပြုပြင်ပြောင်းလဲရေး ဆက်လက်ဆောင်ရွက်မှုအားကောင်းစေရန် အဖွဲ့အစည်းများကိုပံ့ပိုးမှုပေးလျက် ယင်းဥပဒေနှင့်စည်းမျဉ်းများအတိုင်း ထိရောက်စွာ အရေးယူဆောင်ရွက်ရပါမည်။

**အခြေခံမူများ**

၂၂။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဥပဒေနှင့် စည်းမျဉ်း ပတ်ဝန်းကျင် ဖော်ဆောင်ရာတွင် အောက်ဖော်ပြပါ အကောင်းဆုံး လုပ်နည်းလုပ်ဟန် မူများအပေါ် အခြေခံသင့်ကြောင်း နိုင်ငံတကာအတွေ့အကြုံအရ သိရှိရပါသည်။

- ဥပဒေနှင့်စည်းမျဉ်းများသည် ရှင်းလင်းပြီး တည်ငြိမ်မှုရှိရပါမည်။ စုစည်းညီညွတ်ပြီး ထင်သာမြင်သာရှိရပါမည်။ စီးပွားရေးလုပ်ငန်းများ၏ အခွင့်အရေးများနှင့် တာဝန်ကို ရှင်းလင်းစွာဖော်ပြထားရပါမည်။ စည်းမျဉ်းထိန်းချုပ်သော အဖွဲ့အစည်းများ ဆုံးဖြတ်ချက်ချမှတ်ရာတွင် တာဝန်ခံမှု တာဝန်ယူမှုရှိစေရန် စီမံထားရှိရပါမည်။
- စီးပွားရေးလုပ်ငန်းများတည်ထောင်ရန်နှင့် ဆက်လက်လုပ်ဆောင်ရန်အတွက် စည်းမျဉ်းထိန်းချုပ်သည့် လုပ်နည်း လုပ်ဟန်များနှင့် လုပ်ထုံးလုပ်နည်းများမှာ ရိုးရှင်းပြီး ကျစ်လျစ်သိပ်သည်းရပါမည်။ စည်းမျဉ်းလိုက်နာရေး ဝန်ထုပ်ဝန်ပိုးကို လျော့နည်းစေရပါမည်။ ပုဂ္ဂလိကကဏ္ဍတွင် အမျိုးသမီးများနှင့် လုပ်ငန်းငယ်များပါဝင်နိုင်မှု အတားအဆီးများကို ဖယ်ရှားပေးရပါမည်။
- ဥပဒေနှင့် စည်းမျဉ်းများကို စနစ်တကျ ဖော်ဆောင်ပြီး ရှေ့နောက်ညီညွတ်စွာ အရေးယူဆောင်ရွက်ရပါမည်။
- အငြင်းပွားမှုများကို ဘက်မလိုက်သော ကြားနေအဖွဲ့အစည်းတွင် ဆုံးဖြတ်ရပါမည်။ တရားဥပဒေစိုးမိုးမှုရှိပြီး နိုင်ငံရေး သြဇာသက်ရောက်မှုနှင့် အစိုးရပိုင်းမှ သင့်တော်သလို ချင့်ချိန်ဆောင်ရွက်နိုင်ခွင့် ကင်းရှင်းစေရပါမည်။
- ဥပဒေပြုပြင်ပြောင်းလဲရာတွင် ရှင်းလင်းသော မူဝါဒဦးတည်ချက်များအပေါ် အခြေခံသင့်ပါသည်။ ရှင်းလင်းပြီး ရှေ့နောက်ညီညွတ်သော ဥပဒေလုပ်ငန်းစဉ်ကို အသုံးပြုရပါမည်။ အစိုးရတစ်ခုလုံးအတွင်း ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်မှု ရှိရပါမည်။ ဥပဒေနှင့်စည်းမျဉ်းများမှာ မရည်ရွယ်သောသက်ရောက်မှုများမရှိစေရန် မူကြမ်းရေးဆွဲပြုစုစဉ်ကပင် အများပြည်သူနှင့် ကျယ်ပြန့်စွာ တိုင်ပင်ဆွေးနွေးရပါမည်။

၂၃။ စီးပွားရေးလုပ်ငန်းများ လုပ်သာကိုင်သာရှိသည့် ပတ်ဝန်းကျင်ဖြစ်စေရန် လိုအပ်သောအခြေအနေများ ရှိစေရေးအတွက် ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းဆောင်ရွက်သူများ၏ပိုင်ဆိုင်မှုနှင့် နစ်ဘက်သဘောတူစာချုပ်ဆိုင်ရာ အခွင့်အရေးများကို ဥပဒေ စည်းမျဉ်းများတွင် ရှင်းလင်းစွာချမှတ်ထားရပါမည်။ သက်ဆိုင်ရာအဖွဲ့အစည်းများကလည်း မျှတစွာ ထင်သာမြင်သာရှိသောနည်းလမ်းဖြင့် ယင်းဥပဒေများအတိုင်း အုပ်ချုပ်စီမံခြင်း၊ အရေးယူခြင်းများ လုပ်ဆောင်နိုင်ရပါမည်။ တရားဥပဒေစိုးမိုးရေးအပေါ် အခြေခံသော ခိုင်မာသည့် ဥပဒေနှင့် စည်းမျဉ်း မူဘောင်များမှာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ အောင်မြင်မှုရရှိရေးအတွက် အထူးအရေးကြီးပါသည်။




၂၄။ သို့ရာတွင် ဥပဒေများ ပြဋ္ဌာန်းရုံမျှဖြင့် စီးပွားရေးလုပ်ငန်းများအတွက် သင့်တော်သော ဥပဒေနှင့် စည်းမျဉ်း ထိန်းချုပ်သည့် မူဘောင် ဖြစ်ပေါ်လာဦးမည်မဟုတ်သေးပါ။ ဥပဒေမူဘောင်မှာ ပြည့်စုံမှုရှိပြီး ခိုင်မာသော အခြေခံအုတ်မြစ် ဖြစ်စေရေးအတွက် လိုအပ်သောအပိုင်းများဖြစ်သည့် ဥပဒေများ၊ စည်းမျဉ်းများ၊ အုပ်ချုပ်စီမံမှု လုပ်နည်းလုပ်ဟန်များနှင့် လုပ်ထုံးလုပ်နည်းများ၊ ယင်းတို့ကိုအကောင်အထည်ဖော်ရန် အဖွဲ့အစည်းများ၊ ဥပဒေအတိုင်း မျှတစွာ စစ်ဆေးစီရင်ပေးသော တရားရုံးများအားလုံး ပါဝင်ရပါမည်။

## ပြုပြင်ပြောင်းလဲခြင်းများကို အကဲဖြတ်ချက်

၂၅။ နိုင်ငံတော်အစိုးရသည် ၂၀၁၂ခုနှစ်မှ အစပြုလျက် စီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ချက်ဖြင့် အဓိကအရေးပါသော ဥပဒေ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခဲ့ပါသည်။ ကာလတိုအတွင်း မြန်မာနိုင်ငံတွင် အရေးပါသော ဥပဒေသစ်များနှင့် စည်းမျဉ်းများကိုပြဋ္ဌာန်းနိုင်ခဲ့ပါသည် (အချို့မှာပြုစုဆဲဖြစ်ပါသည်)။ စီးပွားရေးလုပ်ငန်းများကို စည်းမျဉ်းထိန်းချုပ်သည့် ပတ်ဝန်းကျင်မှာလည်း လျင်မြန်စွာပြောင်းလဲလျက်ရှိပါသည်။ ယနေ့အထိ ဆောင်ရွက်ခဲ့သည့် အဓိကအရေးပါသော ပြုပြင်ပြောင်းလဲမှုများတွင် အောက်ပါတို့ ပါဝင်ပါသည်။

- *နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၃ခုနှစ်*နှင့် *နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၂ခုနှစ်*တို့သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို စည်းမျဉ်းထိန်းချုပ်ရန်အတွက် ခိုင်မာသော မူဘောင်ချမှတ်ပေးထားပြီး ယခုအခါ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်တစ်ရပ်အဖြစ် စုစည်းလျက်ရှိပါသည်။ လွှတ်တော်သို့ ၂၀၁၆ခုနှစ်အတွင်း တင်သွင်းဖွယ်ရာရှိပါသည်။
- *ငွေချေးသက်သေခံလက်မှတ်များရောင်းဝယ်ရေးဥပဒေ ၂၀၁၃ခုနှစ်*မှာ မြန်မာနိုင်ငံတွင် ငွေချေးသက်သေခံလက်မှတ်များ ဈေးကွက်တည်ထောင်ပေးပြီး ငွေရင်းငွေနှီးဈေးကွက် ဖွံ့ဖြိုးရေးနှင့် ငွေချေးသက်သေခံလက်မှတ်များ ဈေးကွက် စည်းမျဉ်းထိန်းချုပ်ရေးအတွက် မူဘောင်ချမှတ်ပေးပါသည်။
- *မြန်မာနိုင်ငံအထူးစီးပွားရေးဇုန် ဥပဒေ ၂၀၁၄ခုနှစ်*မှာ အထူးသတ်မှတ်ပေးထားသော စီးပွားရေးဇုန်များတွင် ရင်းနှီးမြှုပ်နှံရန် ဆွဲဆောင်မှုများ ပေးအပ်ခြင်းဖြင့် ပြည်ပပို့ကုန်ကို ဦးတည်သောလုပ်ငန်းစုများနှင့် ၎င်းတို့နှင့် ဆက်စပ်နေသော ပစ္စည်းပေးသွင်းသည့် ကွင်းဆက်လုပ်ငန်းစုများကို ပံ့ပိုးမှုပေးပါသည်။
- *ပြိုင်ဆိုင်မှုဥပဒေ ၂၀၁၅ခုနှစ်*မှာ ပြိုင်ဆိုင်မှုကို ပျက်ပြားစေသောလုပ်ဆောင်မှုများ၊ လက်ဝါးကြီးအုပ်သောအပြုအမူနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ ဈေးကွက်ဆိုင်ရာ မမျှတသောလုပ်နည်းလုပ်ဟန်များကို စည်းမျဉ်းထိန်းချုပ်ရေး မူဘောင် သတ်မှတ်ပေးပါသည်။
- *ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ၂၀၁၆ခုနှစ်*တွင် မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍနှင့် ငွေကြေးစနစ်ကို စည်းမျဉ်းထိန်းချုပ်ရေးအတွက် မူဘောင်သတ်မှတ်ပေးပါသည်။
- *မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ* ကို အသစ်ပြုစုလျက်ရှိပါသည်။ တည်ဆဲ *မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ၁၉၁၄ ခုနှစ်* ကို ခေတ်မီစေရန် ပြန်လည်ပြင်ဆင်ခြင်းဖြစ်ပြီး လွှတ်တော်သို့ ၂၀၁၆ခုနှစ်အတွင်း တင်သွင်းဖွယ်ရာရှိပါသည်။

၂၆။ အထက်ဖော်ပြပါ ဥပဒေအများစုမှာပြဋ္ဌာန်းထားပြီး အကောင်အထည်ဖော်မှုအဆင့်အသီးသီးရှိပါသည်။ ယင်း ဥပဒေများကို ပံ့ပိုးမှုပေးရန် အဖွဲ့အစည်းပိုင်းမူဘောင်များကို တည်ထောင်နေဆဲဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍဆိုင်ရာ ဥပဒေ ပြုပြင်ပြောင်းလဲခြင်းများအနက် အောင်မြင်မှုအရရှိဆုံးမှာ ရင်းနှီးမြှုပ်နှံမှုဥပဒေ အစီအမံများဖြစ်ပါသည်။ ယင်းတွင် မြန်မာ နိုင်ငံ၌ ရင်းနှီးမြှုပ်နှံနိုင်ရေး ရှင်းလင်းသော ဥပဒေအခြေခံကိုလည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ရင်းနှီး မြှုပ်နှံမှုကိုခွင့်ပြုရန် ထင်သာမြင်သာရှိပြီး တုံ့ပြန်မှုကောင်းမွန်သည့် ရှင်းလင်းသောလုပ်ငန်းစဉ်ကိုလည်းကောင်း ပြဋ္ဌာန်းပေး ထား ပါသည်။ သို့ရာတွင် အခြားဥပဒေ ပြုပြင်ပြောင်းလဲမှုများမှာ ယခုလောက် ပြီးမြောက်ခြင်းမရှိပါ။ *ငွေချေးသက်သေခံ လက်မှတ်များ ရောင်းဝယ်ရေး ဥပဒေ ၂၀၁၃ခုနှစ်*နှင့် *ပြိုင်ဆိုင်မှုဥပဒေ ၂၀၁၅ခုနှစ်* ကဲ့သို့သော ဥပဒေများမှာ ထိရောက်စွာ အကောင်အထည်ဖော်ရန် အသေးစိတ် စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများ မချမှတ်ရသေးပါ။ ပြိုင်ဆိုင်မှုကော်မရှင် နှင့် ငွေချေးသက်သေခံစာချုပ်များရောင်းဝယ်မှုကော်မရှင်ကဲ့သို့သော အဖွဲ့အစည်းများမှာ ဥပဒေအတိုင်း စီမံအုပ်ချုပ်ရန် နှင့် အရေးယူဆောင်ရွက်ရန် စွမ်းဆောင်ရည်မရှိကြသေးပါ။ ယင်းအဓိက အရေးပါသော ဥပဒေများအတွက် အရေးယူ ဆောင်ရွက်ရေးနှင့် အငြင်းပွားမှု ဖြေရှင်းရေး အစီအမံများမှာ မရှင်းလင်းသေးပါ။ စမ်းသပ်အသုံးပြုခြင်းလည်း မရှိသေးပါ။

## ကျန်ရှိနေသေးသော ပြုပြင်ပြောင်းလဲရေး လစ်ဟာချက်များနှင့် စိန်ခေါ်မှုများ

၂၇။ ၂၀၁၂ခုနှစ်မှစတင်၍ လုပ်ဆောင်ခဲ့သော ပြုပြင်ပြောင်းလဲမှုများကြောင့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရသည့် ဥပဒေပတ်ဝန်းကျင်မှာ မပြတ် ပြောင်းလဲလျက်ရှိပါသည်။ ဆက်လက်၍ ဥပဒေအပြောင်းအလဲ များ လုပ်ဆောင်ရာတွင် အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် မသေချာမရေရာမှုနှင့် ရှုပ်ထွေးမှု အတတ်နိုင်ဆုံး လျော့ပါးစေရန်နှင့် စည်းမျဉ်းဥပဒေကြောင့် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ဂရုတစိုက် ဦးစားပေးသတ်မှတ် ဆောင်ရွက်သင့်ပါ သည်။ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ၏ ပတ်ဝန်းကျင်ကို သိသာစွာတိုးတက် ကောင်း မွန်စေနိုင်သည့် အခြေခံကျသော ပင်မ ဥပဒေများ ပြဋ္ဌာန်းနိုင်ရေးကို အဓိက ဆောင်ရွက်သင့်ပါသည်။ ရင်းနှီးမြှုပ်နှံမှုဥပဒေ သစ်၊ ဉာဏပစ္စည်းမူပိုင်ခွင့်ဥပဒေများနှင့် ကုမ္ပဏီများဥပဒေတို့ပါဝင်ပါသည်။ ယင်းဥပဒေများအားလုံးမှာ ပြုစုပြီးစီးလုနီး အဆင့်သို့ ရောက်ရှိနေပါသည်။ မူဝါဒအခြေခံနည်းပါးပြီး အသုံးပြုသူများအတွက် လမ်းညွှန်မှုပေးနိုင်သည့် ဥပဒေ ပြဋ္ဌာန်း ချက်များ အနည်းငယ်သာ ပါဝင်သည့် အခြားသော "မူဘောင်ဥပဒေများ"ထက် ယင်းဥပဒေများကို ဦးစားပေးသင့်ပါသည်။

၂၈။ အဓိက အရေးပါသည့် အခြားစိန်ခေါ်မှုအခက်အခဲတစ်ရပ်မှာ တည်ဆဲဥပဒေစည်းမျဉ်းများကို ထိရောက်စွာ အကောင်အထည်ဖော်ရေးနှင့်အရေးယူရေးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဥပဒေနှင့်စည်းမျဉ်းထိန်းချုပ်မှု မူဘောင် တိုးတက် ကောင်းမွန်စေရေးအတွက် ဤအချက်မှာ အဓိက အတားအဆီးဖြစ်နေသည်ဟု ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ်များက ဖော် ထုတ်ထားပါသည်။ တည်ဆဲဥပဒေများကို အကောင်အထည်ဖော်မှုအားနည်းခြင်းကိုဖော်ထုတ်လျက် စနစ်တကျ ဖြေရှင်း ဆောင်ရွက်ရပါမည်။ ယင်းသို့ဆောင်ရွက်ရာတွင် အစိုးရ ဝန်ကြီးဌာနများတွင် ဥပဒေဆိုင်ရာကျွမ်းကျင်မှုတည်ဆောက်ခြင်း အပါအဝင် စွမ်းဆောင်ရည် တည်ဆောက်မှုများစွာ လိုအပ်ပါသည်။

## ဆက်လက်ဆောင်ရွက်ရာတွင် ဦးစားပေးရမည့် ကိစ္စရပ်များ

၂၉။ **ဥပဒေများကို ရှင်းလင်းပြီး ရှေ့နောက်ညီညွတ်လျက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သော နည်းလမ်းဖြင့် ရေးဆွဲရ ပါမည်။** ဥပဒေများ အရေအတွက် များပြားရန်ထက် အရည်အသွေး မြင့်မားရန် ဦးစားပေးသင့်ပါသည်။ ပိုမို၍ အခြေခံကျ သောအချက်အဖြစ် မြန်မာနိုင်ငံတွင် ဥပဒေများပြုစုသော လက်ရှိချဉ်းကပ်ပုံကို အဆောတလျင် ပြန်လည်စဉ်းစားသင့်ပါ သည်။ ယခုအခါ ဝန်ကြီးဌာနတစ်ခုချင်းက ဥပဒေများကို ပြုစုခြင်းဖြစ်ပါသည်။ မူဝါဒဖွံ့ဖြိုးမှု၊ အခြားဝန်ကြီးဌာနများနှင့် ညှိ နှိုင်းပေါင်းစပ်ဆောင်ရွက်မှု သို့မဟုတ် အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးမှုတို့အားနည်းပါသည်။ သို့ဖြင့် "မူဘောင် ဥပဒေ များ"ထွက်ပေါ်လာပြီး အစိုးရအဖွဲ့အစည်းများအား သင့်တော်သလို ချင့်ချိန်ဆောင်ရွက်ခွင့် အများအပြားအပ်နှင်းထားခြင်း၊ လက်ရှိ လုပ်ထုံးလုပ်နည်းများနှင့် ဆက်စပ်မှုနည်းပါးခြင်း၊ အကောင်အထည်ဖော်ရန်ခက်ခဲခြင်းများ ကြုံတွေ့နေရပါသည်။

၃၀။ သို့ဖြစ်၍ ဥပဒေပြုလုပ်ငန်းစဉ်ကို အစိုးရတစ်ရပ်လုံးအနေဖြင့် ပြန်လည်သုံးသပ်လျက် ပြုပြင်ပြောင်းလဲရန် လိုအပ် ပါသည်။ ဥပဒေပြုစုသည့် လုပ်ငန်းစဉ် ရှင်းလင်းစွာ ချမှတ်ထားပြီး နိုင်ငံတော်အစိုးရ ဝန်ကြီးဌာနများသည် ဥပဒေ တစ်စုံ တစ်ရာမရေးဆွဲမီ ရှင်းလင်းသော မူဝါဒနှင့် ပြုပြင်ပြောင်းလဲရေးဦးတည်ချက်များကို ဦးစွာရေးဆွဲရပါမည်။ သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနများအားလုံးအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှု၊ အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးမှုတို့ကို မလုပ်

မနေရ လုပ်ဆောင်စေရန်လည်း လိုအပ်ပါသည်။ ဥပဒေသစ်များကိုပြုစုရာတွင် စည်းမျဉ်းထိန်းချုပ်မှုအပိုင်းနှင့် ဘတ်ဂျက်အပေါ် သက်ရောက်မှုတို့ကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။

၃၁။ **စည်းမျဉ်းထိန်းချုပ်မှုနှင့်အုပ်ချုပ်စီမံမှု လုပ်နည်းလုပ်ဟန်များမှာ ဥပဒေများ စည်းမျဉ်းများနှင့် ကိုက်ညီမှုရှိရပါမည်။** ကဏ္ဍအများအပြားတွင် "ကြိုးနီစနစ်" အစိုးရဌာနများ၏ ကန့်သတ်ချုပ်ချယ်သောစည်းမျဉ်းများမှာ စီးပွားရေးလုပ်ငန်း လုပ်ဆောင်နိုင်ရေး အဓိကကန့်သတ်ချက်များအဖြစ် ဆက်လက်တည်ရှိနေသည်ဟုစီးပွားရေးလုပ်ငန်းများကဆိုပါသည်။ အစိုးရဝန်ကြီးဌာနများ၏ အုပ်ချုပ်စီမံမှု လုပ်နည်းလုပ်ဟန်များမှာ တည်ဆဲ သို့မဟုတ် အသစ်ပြဋ္ဌာန်းသော ဥပဒေများ စည်းမျဉ်းများနှင့် မကိုက်ညီပါ။ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများသည် မျက်မှောက်ခေတ် စီးပွားရေး လုပ်နည်းလုပ်ဟန်များကိုလည်း နားမလည်ပါ။ ဥပဒေများနှင့် စည်းမျဉ်းများကြောင့် ပုဂ္ဂလိကကဏ္ဍလုပ်ငန်းများအပေါ် မည်သို့သက်ရောက်မှုရှိမည်ကိုလည်း ထည့်သွင်းစဉ်းစားခြင်းမရှိပါ။

၃၂။ **ဥပဒေများနှင့် စည်းမျဉ်းများကို စနစ်တကျ အကောင်အထည်ဖော်ခြင်းနှင့် တစ်ပြေးညီ အရေးယူဆောင်ရွက်ခြင်းတို့မှာ အထူးအရေးကြီးပါသည်။** လွန်ခဲ့သော ၄နှစ်အတွင်း စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်သည့် ဥပဒေသစ် အများအပြားကို ပြဋ္ဌာန်းခဲ့သော်လည်း ဥပဒေများ၏ အရေးပါသောအစိတ်အပိုင်းများကို အကောင်အထည်ဖော်နိုင်ခြင်းမရှိပါ။ အရေးယူရေးအစီအမံများလည်း အားနည်းနေဆဲပင်ဖြစ်ပါသည်။ အစိုးရအဖွဲ့အစည်းအများအပြားမှာ နေ့စဉ် လုပ်ငန်းဆောင်ရွက်နေစဉ် ဥပဒေများနှင့် စည်းမျဉ်းများကို လက်တွေ့ကျင့်သုံးရာ၌ အဖွဲ့အစည်းအနေဖြင့် လေ့လာမှတ်သားနိုင်ခြင်းမရှိပါ။

၃၃။ ထို့အပြင် တရားစီရင်ရေးကဏ္ဍမှာ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာဥပဒေများကို အဓိပ္ပာယ်ကောက်ယူခြင်းနှင့် ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များကို စီရင်ဆုံးဖြတ်ခြင်းတို့တွင် အတွေ့အကြုံမရှိပါ။ စီးပွားရေးတွင် အငြင်းအခုန်ဖြစ်ပွားပါက သက်ဆိုင်သူများအနေဖြင့် တရားရုံးများသည် အငြင်းပွားမှုများကို မျှတစွာဘက်မလိုက်ဘဲ တရားဥပဒေစိုးမိုးမှုအပေါ် အခြေခံလျက် စီရင်ဆုံးဖြတ်ပေးလိမ့်မည်ဟုယုံကြည်မှုမရှိခြင်းကြောင့် အငြင်းပွားမှုများသည် တရားရုံးများသို့ မရောက်ရှိလာကြပါ။ သို့ဖြစ်၍ ဥပဒေသစ်များကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်နှင့် အရေးယူဆောင်ရွက်နိုင်ရန် နိုင်ငံ့ဝန်ထမ်းများအကြားနှင့် တရားစီရင်ရေးကဏ္ဍအတွင်း စွမ်းဆောင်ရည်တည်ဆောက်ရန် အထူးအရေးကြီးပါသည်။

၃၄။ အကျဉ်းချုပ်အားဖြင့် မြန်မာနိုင်ငံတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဥပဒေနှင့် စည်းမျဉ်းထိန်းချုပ်မှုမူဘောင်ကို တိုးတက်ကောင်းမွန်စေရန် အဓိက ဦးစားပေးရမည့်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- အစိုးရအဖွဲ့အစည်းများအကြား တိုင်ပင်ဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကိုအဓိကထားလျက် အစိုးရတစ်ရပ်လုံးတွင် ဥပဒေပြုလုပ်ငန်းစဉ် တိုးတက်ကောင်းမွန်စေခြင်း
- အသေးစားနှင့်အလတ်စားလုပ်ငန်းများအပေါ် စည်းမျဉ်းကြောင့် ဝန်ထုပ်ဝန်ပိုးဖြစ်ခြင်းကို လျှော့ချခြင်းနှင့် ဥပဒေ စည်းမျဉ်းအသစ်များကြောင့်ဖြစ်သော သက်ရောက်မှုကို ထည့်သွင်းစဉ်းစားခြင်းအပါအဝင် နိုင်ငံတကာ အကောင်းဆုံး လုပ်နည်းလုပ်ဟန်များဆိုင်ရာမူများနှင့်အညီ စည်းမျဉ်းထိန်းချုပ်သည့် လုပ်ထုံးလုပ်နည်းများကို ချမှတ်ခြင်း
- နိုင်ငံတော်အစိုးရ အုပ်ချုပ်ရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍများကို စွမ်းဆောင်ရည်တည်ဆောက်ခြင်း အပါအဝင် ဥပဒေများနှင့် စည်းမျဉ်းများကို စနစ်တကျ အကောင်အထည်ဖော်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း

**ကဏ္ဍ ၁။ လုပ်ငန်းစီမံချက် - ဥပဒေနှင့် စည်းမျဉ်းထိန်းချုပ်ရေး ပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေခြင်း**

| | **ကာလတို လုပ်ငန်းများ (ပထမနှစ်မှ ဒုတိယနှစ်) အခြေခံဦးစားပေးများ** | **ကာလရှည် လုပ်ငန်းများ (တတိယနှစ်မှ ပဉ္စမနှစ်) အရှိန်အဟုန်မြှင့်တင်ခြင်း/ ကြီးထွားခြင်း** |
|---|---|---|
| **မျှော်မှန်းချက်** - စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ရန် ရှင်းလင်းပြီး တည်ငြိမ်မှုရှိသော အခြေခံကို ဖြည့်ဆည်းပေးသည့် ဥပဒေနှင့် စည်းမျဉ်းထိန်းချုပ်ရေး မူဘောင်များဖြစ်ပေါ်လာပြီး ယင်းတို့ကို မျှတစွာ ထင်သာမြင်သာရှိသော နည်းလမ်းဖြင့် ကျင့်သုံးခြင်း | | |
| **မဟာဗျူဟာ ထွက်ပေါ် ရလဒ် ၁** - ပုဂ္ဂလိကကဏ္ဍဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းများ အရည်အသွေး တိုးတက် ကောင်းမွန်လာခြင်း | • လက်ရှိ ဥပဒေကြမ်းပြုစုသော လုပ်ထုံးလုပ်နည်းများကို ပြန်လည်ပြင်ဆင်ခြင်းနှင့် အစိုးရတစ်ရပ်လုံးအတွက် ဥပဒေကြမ်း ပြုစုခြင်း၊ စစ်ဆေးစိစစ်ခြင်း၊ ညှိနှိုင်း ပေါင်းစပ် ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များ အားလုံးကို စီမံခန့်ခွဲရန် အချိန်ပြည့် တာဝန်ထမ်းဆောင်မည့် အစိုးရ အဖွဲ့အစည်း သို့မဟုတ် ကော်မရှင် တစ်ရပ် တည်ထောင်ခြင်း (သမ္မတရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး က တာဝန်ယူရန်)<br>• ဥပဒေကြမ်းနှင့် စည်းမျဉ်းမူကြမ်း အားလုံးကို ပြုစုခြင်း၊ တိုင်ပင်ဆွေးနွေးခြင်းနှင့် ဆက်သွယ်ပြောဆိုခြင်းအတွက် စံသတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ ပြုစုခြင်း (ဥပမာ မူကြမ်း မပြုစုမီ မူဝါဒ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊ ဥပဒေကြမ်းအားလုံးကို အင်တာနက်တွင် လွှင့်တင်ခြင်း၊ ဥပဒေသစ်များအတွက် ဆက်သွယ်ပြောဆိုမှု လှုပ်ရှားမှုများ လုပ်ဆောင်ခြင်း)<br>• ပြည်ထောင်စုရှေ့နေချုပ်ရုံးအတွင်းတွင် အထူးပြု ဥပဒေကြမ်းရေးဆွဲရေး အဖွဲ့ တည်ထောင်ပြီး တာဝန်ခံ ဝန်ကြီးဌာနများရှိ မူဝါဒချမှတ်သူများနှင့်အတူ လုပ်ငန်းဆောင်ရွက်ခြင်း<br>• အရေးပါသော ပြဋ္ဌာန်းချက်များပါရှိသည့် ပင်မ ဥပဒေများကို အဓိကထားလျက် ဥပဒေ ပြုပြင်ပြောင်းလဲရေး ဦးစားပေး စာရင်း ပြုစုထားရှိခြင်း<br>• အဓိကအရေးပါသော ဥပဒေများ ဘာသာပြန်ဆိုမှု အရည်အသွေး တိုးတက် ကောင်းမွန်စေခြင်း (ပညာရပ်ဝေါဟာရများ အဘိဓာန် ပြုစုခြင်း အပါအဝင်) | • အဓိက ဝန်ကြီးဌာနများတွင် ရှေ့နေများ ရှိစေခြင်းဖြင့် ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများအတွင်း ဥပဒေ စွမ်းဆောင်ရည်နှင့် ဥပဒေလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း<br>• လွှတ်တော် (ဥပဒေကြမ်းကော်မတီများ)တွင် ဥပဒေမူကြမ်း ပြုစုသည့် ကျွမ်းကျင်မှုများ အားကောင်းစေခြင်း နှင့် အစိုးရ ဥပဒေမူကြမ်း ပြုစုရေးအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း<br>• တိုင်းဒေသကြီး/ပြည်နယ်အစိုးရ ဝန်ကြီးဌာနများအတွင်း ဥပဒေစွမ်းဆောင်ရည်နှင့် ဥပဒေလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း<br>• မြေယာ၊ အလုပ်အကိုင်၊ အခွန်ဆိုင်ရာ အဓိက ဥပဒေနယ်ပယ်များတွင် ပြုပြင်ပြောင်းလဲရေး ဆန်းစစ်လျက် အကြံပေးရန်နှင့် ဥပဒေသစ်များ ပြင်ဆင်ရေး လိုအပ်ချက်များဆိုင်ရာ ပြန်လည်အသိပေးပြောကြားချက် ရယူရန် ဥပဒေပြုပြင်ပြောင်းလဲရေး ကော်မရှင် တည်ထောင်ခြင်း |

| | ကာလတို လုပ်ငန်းများ (ပထမနှစ်မှ ဒုတိယ နှစ်) အခြေခံဦးစားပေးများ | ကာလရှည် လုပ်ငန်းများ (တတိယနှစ်မှ ပဥ္စမ နှစ်) အရှိန်အဟုန်မြှင့်တင်ခြင်း/ ကြီးထွားခြင်း |
|---|---|---|
| **မဟာဗျူဟာ ထွက်ပေါ် ရလဒ် ၂ -** အသေးစား နှင့်အလတ်စားလုပ်ငန်း များအတွက် ဥပဒေ စည်းမျဉ်း လိုက်နာရ သည့် ဝန်ထုပ်ဝန်ပိုးနှင့် ကုန်ကျစရိတ်များကို လျှော့ချရန် (ကြိုးနီစနစ် လျှော့ချရေး) ပိုမို ကောင်းမွန်သည့် အုပ်ချုပ်စီမံမှု လုပ်နည်း လုပ်ဟန်များနှင့် လုပ်ထုံးလုပ်နည်းများ | • အောက်ပါတို့ အပါအဝင် အဓိက ကဏ္ဍများအတွက် လိုင်စင်ရယူရန် လိုအပ်ချက်များ (လုပ်ငန်းအဆင့်များ/ လုပ်ငန်းစဉ်/ စာရွက်စာတမ်းများ) ကို အများပြည်သူ ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းလျက် ပြုစုခြင်း<br>- ရင်းနှီးမြှုပ်နှံမှုအတွက် ခွင့်ပြုချက်ရယူခြင်း (ပြည်ထောင်စုအဆင့် နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်)<br>- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများကို လိုက်နာကြောင်း အသိအမှတ်ပြုလက်မှတ်ရယူခြင်း<br>- ပို့ကုန်နှင့် သွင်းကုန်<br>- ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း<br>- သတ္တုတွင်းလုပ်ငန်း<br>• အဓိက ကဏ္ဍများအတွက် လိုင်စင်ရယူရန် လိုအပ်ချက်များ (လုပ်ငန်းအဆင့် များ / လုပ်ငန်းစဉ်/ စာရွက်စာတမ်းများ) ကို ရှင်းလင်းစွာ ဖော်ပြထားသည့် ယုံကြည်စိတ်ချရသော အစိုးရ၏ ဝက်ဘ်ဆိုက်(များ) တည်ထောင်ခြင်း<br>• အကောင်အထည်ဖော်ရမည့် အစိုးရ ဝန်ထမ်းအားလုံးကိုလက်တွေ့ သင်တန်း ပေးခြင်း။ အောက်ပါတို့ကို အဓိက ထားရန် ဖြစ်ပါသည်။<br>- လုပ်ပိုင်ခွင့်လွှဲအပ်ခြင်းနှင့် ကန့်သတ်ခြင်း<br>- ဥပဒေနှင့် စည်းမျဉ်း နယ်နိမိတ် ကန့်သတ်ချက်များ | • အဓိကအရေးပါသော စီးပွားရေး လုပ်ငန်း လိုင်စင်များအတွက် အင်တာနက်မှ မှတ်ပုံတင်နိုင်သည့် စနစ် တည်ထောင်ခြင်း<br>* ( ယခုအခါ အင်တာနက်မှ ကုမ္ပဏီမှတ်ပုံ တင်နိုင်ရန်သာ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ )<br>- အခွန် မှတ်ပုံတင်ခြင်း<br>- စီးပွားရေးလုပ်ငန်း လိုင်စင်များ (ခရီးသွား၊ ပို့ကုန်/သွင်းကုန်၊ ဟိုတယ်လုပ်ငန်း)<br>• အမျိုးသမီးများပိုင်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်နိုင်ရေးကို အားပေးမြှင့်တင်နိုင်ရန်အတွက် သင့်လျော်ကောင်းမွန်သည့် အထောက်အကူပြုအစီအစဉ်များ တည်ထောင်ခြင်း |

| | **ကာလတို လုပ်ငန်းများ (ပထမနှစ်မှ ဒုတိယနှစ်) အခြေခံဦးစားပေးများ** | **ကာလရှည် လုပ်ငန်းများ (တတိယနှစ်မှ ပဥ္စမနှစ်) အရှိန်အဟုန်မြှင့်တင်ခြင်း/ ကြီးထွားခြင်း** |
|---|---|---|
| **မဟာဗျူဟာ ထွက်ပေါ် ရလဒ် ၃ -** ဥပဒေ အကောင်အထည် ဖော်မှုနှင့် အရေးယူ ဆောင်ရွက်မှု ပိုမို ကောင်းမွန်စေခြင်းနှင့် အငြင်းပွားမှု ဖြေရှင်းရေး ပိုမိုကောင်းမွန်သော အစီအမံများ | • ဥပဒေသစ်များအားလုံးအတွက် လွှတ်တော်သို့ မတင်သွင်းမီ အသေးစိတ် အကောင်အထည်ဖော်ရေး အစီအစဉ်များ ရေးဆွဲရန် သတ်မှတ်ခြင်း (မည်သူက မည်သည်ကို တာဝန်ယူ၍ မည်သည့်အချိန် မည်သည့်နေရာတွင် မည်သို့ ဆောင်ရွက်မည်ဖြစ်ကြောင်း အချိန်သတ်မှတ်ချက် အတိအကျ၊ လေ့ကျင့်သင်တန်းပေးရေး အစီအစဉ်များနှင့်တကွ ဖော်ပြပေးရန် ဖြစ်ပါသည်။)<br>• ကဏ္ဍဆိုင်ရာ အဓိကအရေးပါသည့် ဥပဒေများအတွက် အရေးယူ ဆောင်ရွက်သည့် လုပ်ငန်းစဉ် ဖော်ပြချက်များ ရေးဆွဲခြင်း (လုပ်ငန်းစဉ်အဆင့် တစ်ခုစီတွင် မည်သူက တာဝန်ယူမည်ဖြစ်ကြောင်း သတ်မှတ်ဖော်ပြရပါမည်။)<br>• အဓိကအရေးပါသော ဝန်ကြီးဌာနများအတွက် လိုအပ်ချက် ရှာဖွေဖော်ထုတ်သည့် အကဲဖြတ်ချက် လုပ်ဆောင်ပြီး အသုံးပြုသော ဥပဒေများ၊ အသုံးမပြုသော ဥပဒေများအားလုံးကို ဖော်ထုတ်ခြင်းနှင့် ယင်းဥပဒေများ၏ အဆင့်အတန်းကို ဖော်ထုတ်ခြင်း။ တွေ့ရှိချက်များကို အသုံးပြုလျက် အောက်ပါတို့ကို ဆုံးဖြတ်ရန် ဖြစ်ပါသည်။<br>- မည်သည့်ဥပဒေများကို ပယ်ဖျက်မည်သို့မဟုတ် အကောင်အထည်ဖော်မှု အားကောင်းစေရန် ပြင်ဆင်မည်ဖြစ်ကြောင်းနှင့်<br>- မည်သည့် အုပ်ချုပ်စီမံမှု လုပ်နည်းလုပ်ဟန်များကို ပယ်ဖျက်မည် သို့မဟုတ် ပြင်ဆင်မည်ဖြစ်ကြောင်း | • အနည်းဆုံးတစ်ရင်ရေးနှင့် ကြားဝင်စေ့စပ်ရေးဌာနများ ကဲ့သို့သော အငြင်းပွားမှု ဖြေရှင်းသည့် အခြားနည်းလမ်း အစီအမံများကို တည်ထောင်ခြင်း (အထူးသဖြင့် ကူးသန်းရောင်းဝယ်ရေး အငြင်းပွားမှုများအတွက်)။<br>• အစိုးရဌာနအဖွဲ့အစည်းများနှင့်စပ်လျဉ်းသည့် တိုင်ကြားချက်များ/ အငြင်းပွားမှုများကို စုံစမ်းစစ်ဆေး ဖြေရှင်းရန် တိုင်ကြားချက်လက်ခံရေး အရာရှိများ (သီးခြားလွတ်လပ်သော အဖွဲ့အစည်းများ) အသုံးပြုသည့် စနစ်ကို တည်ထောင်ခြင်း (ဥပဒေရေးရာ အတွက်မဟုတ်ဘဲ အုပ်ချုပ်စီမံမှုပိုင်းကိစ္စရပ်များအတွက်ဖြစ်ပါသည်။)<br>• အထူးပြု ဥပဒေနယ်ပယ်များ (ကူးသန်းရောင်းဝယ်ရေး၊ အလုပ်အကိုင်၊ မြေယာ ဥပဒေ)အတွက် အထူးပြု တရားရုံးများ တည်ထောင်ခြင်းနှင့် ယင်း အထူးပြု တရားရုံးများအတွက် တရားသူကြီးများကို လေ့ကျင့်သင်တန်းပေးခြင်း<br>• တရားသူကြီးများအတွက် ဥပဒေသစ်များနှင့် တည်ဆဲ ဖြတ်ထုံးဥပဒေ ဆိုင် ရာ လေ့ကျင့်သင်တန်းပေးသည့် အစီအစဉ်များပြုစုခြင်း |

## ၅။ ကဏ္ဍ ၂ - ငွေကြေးဝန်ဆောင်မှုများ ရရှိနိုင်စေရန် ဆောင်ရွက်ခြင်း

### ပြုပြင်ပြောင်းလဲမှုများကို မြှင့်တင်ဖော်ပြချက်နှင့် ဆက်စပ်အခြေအနေများ

၃၅။ မြန်မာနိုင်ငံတွင် ပုဂ္ဂလိကကဏ္ဍ အခိုင်အမာ ကြီးထွားစေရန် မရှိမဖြစ် လိုအပ်သော အားလုံးအတွက် ငွေကြေးဝန်ဆောင်မှုများ ကျယ်ပြန့်စွာဖြည့်ဆည်းပေးနိုင်မည့် အားကောင်းသော ငွေကြေးကဏ္ဍတစ်ရပ် လိုအပ်လျက်ရှိပါသည်။ မူဝါဒချမှတ်သူများ၊ စည်းမျဉ်းထိန်းချုပ်သူများ၊ ငွေကြေးလုပ်ငန်းစုကို ဦးစီးဦးဆောင်ပြုနေသူများ ရင်ဆိုင်ရသည့် စိန်ခေါ်မှုအခက်အခဲများမှာ အလွန်ကြီးမားပါသည်။ မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးသို့ အပြည့်အဝ အသွင်ကူးပြောင်းစဉ်တွင် ငွေကြေးကဏ္ဍသည် အများပြည်သူ မယုံကြည်မှုကို ရင်ဆိုင်နေရပါသည်။ နှစ်ပေါင်းများစွာ ဘဏ်နှင့် ငွေကြေးလုပ်ငန်း များကို စီမံခန့်ခွဲမှု လွဲမှားခဲ့သည့် အကျိုးဆက်ဖြစ်ပါသည်။

၃၆။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ မူဝါဒ ချမှတ်သူများနှင့် စည်းမျဉ်းထိန်းချုပ်သူများသည် နည်းပညာပိုင်းနှင့် စီမံခန့်ခွဲမှုပိုင်းကျွမ်းကျင်မှုအသစ်များကို လေ့လာသင်ယူကြရပါမည်။ ဂရုတစိုက် ကြိုတင်ပြင်ဆင်ရန်လည်း အချိန်မရပါ။ လုပ်ငန်းဆောင်ရွက်စဉ်မှာပင် လေ့လာသင်ယူကြရပါမည်။ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍသည် ချမ်းသာကြွယ်ဝသူများနှင့် ပိုင်ဆိုင်မှုရှိသူများ၏ အကျိုးစီးပွားအတွက်သာမက လူ့အဖွဲ့အစည်းတွင် ပါဝင်သူအားလုံး၏ ငွေကြေးဝန်ဆောင်မှုလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော အသုံးပြုသူကို အဓိကထားသည့် လုပ်ငန်းစုအဖြစ် အသွင်ပြောင်းလဲရပါမည်။

### နိုင်ငံတကာ အကောင်းဆုံး လုပ်နည်းလုပ်ဟန်များ

၃၇။ ယေဘုယျအားဖြင့် ငွေကြေးကဏ္ဍ ဖွံ့ဖြိုးရေးကိုလည်းကောင်း၊ အထူးအားဖြင့် ပိုမို၍ ငွေကြေးဝန်ဆောင်မှုများ ရယူအသုံးပြုနိုင်ရေးကိုလည်းကောင်း မောင်းနှင်ပေးသော အဓိကမူများတွင် အောက်ပါတို့ ပါဝင်ပါသည်။

- နိုင်ငံတော်အစိုးရ၏ အခြေခံအခန်းကဏ္ဍမှာ ငွေကြေးအပ်နှံမှုကိုလက်ခံသောအဖွဲ့အစည်းများ အန္တရာယ် ကင်းရှင်းရန်နှင့် ခိုင်မာမှုရှိရန် ဆောင်ရွက်ရေး၊ ထင်သာမြင်သာရှိမှုနှင့် ကောင်းမွန်သောအုပ်ချုပ်မှုကို အားပေးမြှင့်တင်ရေးနှင့် ငွေကြေးဝန်ဆောင်မှုများအတွက် စွမ်းဆောင်နိုင်စေသည့် ပံ့ပိုးမှုပေးသော ပတ်ဝန်းကျင်တစ်ရပ် ဖြည့်ဆည်းပေးရေးဖြစ်ပါသည်။
- တစ်ချိန်တည်းမှာပင် ငွေကြေးကဏ္ဍ စည်းမျဉ်းထိန်းချုပ်သူများသည် ဖွံ့ဖြိုးရေး အခန်းကဏ္ဍမှလည်း ပါဝင်လျက် ငွေကြေးကဏ္ဍ သာတူညီမျှ ကြီးထွားရန် အားပေးမြှင့်တင်ရပါမည်။ သို့မှသာ ငွေကြေးဝန်ဆောင်မှုအဖွဲ့အစည်း (FI) များသည် နိုင်ငံတွင်းရှိ ပြည်သူလူထုတစ်ရပ်လုံးနှင့် စီးပွားရေးလုပ်ငန်းအသီးသီး၏ မတူညီသော လိုအပ်ချက်အမျိုးမျိုးကို ဖြည့်ဆည်းပေးနိုင်ပါမည်။
- ဘဏ္ဍာရေးကဏ္ဍသေးငယ်သော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးတွင် ငွေကြေးဝန်ဆောင်မှု တိုးတက်ရရှိစေရန်အတွက် အသေးစားချေးငွေကဏ္ဍ အားကောင်းပြီး ရှင်သန်နိုင်ရန် အထူးအရေးကြီးပါသည်။ အသေးစားချေးငွေလုပ်ငန်းမှာ ဘဏ် လုပ်ငန်းတစ်မျိုးဖြစ်ပြီး ထောက်ပံ့ငွေဖြင့် လုပ်ဆောင်သည့် ပရဟိတလုပ်ငန်းမဖြစ်သင့်ပါ။ အသေးစားချေးငွေလုပ်ငန်း (MFI) များမှာ ရေရှည်တည်တံ့နိုင်ရန်အတွက် စီးပွားဖြစ်အတိုင်းအတာဖြင့် ဆောင်ရွက်နိုင်ပြီး ရင်းနှီးမြှုပ်နှံသော အရင်းအနှီးအပေါ်တွင် စီးပွားဖြစ် အကျိုးအမြတ်နှုန်းထားများ ရရှိနိုင်ရပါမည်။
- ပြည်တွင်း/ပြည်ပဘဏ်များ၊ အသေးစားချေးငွေလုပ်ငန်းများနှင့် အာမခံကုမ္ပဏီများကဲ့သို့သော အခြား ငွေကြေးလုပ်ငန်းအမျိုးအစားများအပါအဝင် ငွေကြေးလုပ်ငန်းများ အားကောင်းပြီး အချင်းချင်းပြိုင်ဆိုင်ကြခြင်းဖြင့် ငွေပေးချေခြင်း၊ ငွေအပ်နှံခြင်း၊ ချေးငွေနှင့် အခြားအသုံးဝင်သော ငွေကြေးဝန်ဆောင်မှုများ ကျယ်ပြန့်စွာရရှိနိုင်မည်ဖြစ်ပါသည်။
- နိုင်ငံပိုင် ကူးသန်းရောင်းဝယ်ရေးဘဏ် (SOCB) များသည် စိုက်ပျိုးရေးကဲ့သို့သော ရွေးချယ်ထားသည့် ကဏ္ဍများတွင် အတိုးသက်သာသောချေးငွေများကို ထုတ်ပေးကြပါသည်။ သို့ဖြင့် ပိုမို၍ လုပ်ငန်းတွင်ကျယ်စွာဆောင်ရွက်နိုင်မည့် ငွေကြေးလုပ်ငန်းများအတွက် နေရာမရှိဘဲဖြစ်ရပါသည်။ ထိုအခါ ငွေကြေးဝန်ဆောင်မှုများ ရယူနိုင်မှုနည်းပါးပြီး ငွေကြေးကဏ္ဍဖွံ့ဖြိုးမှုလည်း အကန့်အသတ်ရှိမည်ဖြစ်ပါသည်။ နိုင်ငံပိုင် ကူးသန်းရောင်းဝယ်ရေးဘဏ် (SOCB)များသည် ဝန်ဆောင်မှုညံ့ဖျင်းပြီး ယေဘုယျအားဖြင့် အရှုံးပေါ်ပါသည်။ ၎င်းတို့ကြောင့် နိုင်ငံတော်အစိုးရ အရင်းအမြစ်များ မလိုအပ်ဘဲ ကုန်ဆုံးနေရပါသည်။

## ငွေကြေးဝန်ဆောင်မှုများ ရယူအသုံးပြုနိုင်မှုနှင့် ငွေကြေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး ချဉ်းကပ်ပုံ

၃၈။ ၂၀၁၁ခုနှစ်မှစ၍ မြန်မာနိုင်ငံခေါင်းဆောင်များနှင့် အဓိက မူဝါဒချမှတ်သူများသည် ပိုမို၍ အများပါဝင်နိုင်သော ခေတ်မီငွေကြေးဝန်ဆောင်မှုကဏ္ဍတည်ဆောက်ရေး ကောင်းမွန်စွာအစပျိုးခဲ့ပြီးဖြစ်ပါသည်။ ယေဘုယျအားဖြင့် မူဝါဒ ချဉ်းကပ်ပုံမှာ ကြောင်းကျိုးဆီလျော်ပြီး ငွေကြေးဝန်ဆောင်မှုကဏ္ဍ ဆက်လက်၍ကြီးထွားရန် ခိုင်မာသော အခြေခံအုတ်မြစ်ကို ချခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် ငွေကြေးဝန်ဆောင်မှု စည်းမျဉ်းထိန်းချုပ်သူများမှာ အမြဲတစေ တစ်ပြေးညီ စည်းမျဉ်းထိန်းချုပ်ခဲ့ခြင်းမရှိဘဲ ရံဖန်ရံခါ (ပြည်တွင်း ကုန်သွယ်မှုရောင်းဝယ်ရေးဘဏ်ပိုင်ရှင်များကဲ့သို့သော) အားကောင်းသော အကျိုးစီးပွားအုပ်စုများဘက်သို့ ဘက်လိုက်မှုများရှိပါသည်။ သို့ဖြစ်၍ ခံယူချက်သဘောထားပြောင်းလဲရန်လိုအပ်ပါသည်။ အခြေခံအုတ်မြစ်တည်ဆောက်ခဲ့ပြီးဖြစ်၍ အစိုးရသစ်အနေဖြင့် ငွေကြေးဝန်ဆောင်မှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးများ နက်ရှိုင်းစွာ လုပ်ဆောင်နိုင်ရန် အားကောင်းပြီး ရှေ့နောက်ညီညွတ်သော ဦးဆောင်မှုပေးရပါမည်။ ထို့အပြင် ယခင်က လုပ်နည်းလုပ်ဟန်များဖြစ်သော ထိန်းချုပ်ကန့်သတ်ခြင်းများ ပြန်လည်မပြုလုပ်ရန်နှင့် ငွေကြေးလုပ်ငန်းများမှ ဝန်ဆောင်မှုကောင်းစွာ မရရှိသော သို့မဟုတ် လုံးဝမရရှိသော အများပြည်သူ၏ လိုအပ်ချက်များထက် ဘဏ်လုပ်ငန်းရှင်များ၏ ကျဉ်းမြောင်းသော အကျိုးစီးပွားများကို မျက်နှာသာပေးခြင်းမဖြစ်စေရန် သတိပြုရပါမည်။

## ယခုအထိ အဓိကအရေးပါသော အောင်မြင်မှုများ

၃၉။ ယခုအထိ နိုင်ငံတော်အစိုးရသည် ငွေကြေးဝန်ဆောင်မှုကဏ္ဍ ခေတ်မီရန်နှင့် ငွေကြေးဝန်ဆောင်မှုများကို ပိုမို ရယူ အသုံးပြုနိုင်စေရန် အခြေအနေများဖန်တီးပေးရေးအတွက် အလွန်အရေးပါသော လုပ်ငန်းအဆင့်များကို လုပ်ဆောင်ခဲ့ပါသည်။ အဓိကအောင်မြင်မှုများကို ဆောင်ရွက်ခဲ့သည့် ခုနှစ်နှင့်တကွ အောက်တွင် ဖော်ပြထားပါသည်။

- မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ (၂၀၁၃ခုနှစ်)
- အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ (၂၀၁၁ခုနှစ်)
- ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေ (၂၀၁၄ခုနှစ်)
- နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ (၂၀၁၂ခုနှစ်)
- အသေးစားချေးငွေလုပ်ငန်းများကိုကြီးကြပ်ရန် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန (ဘဏ္ဍာရေးဝန်ကြီးဌာန)ကို တည်ထောင်ခြင်း (၂၀၁၄ခုနှစ်)
- နိုင်ငံခြားဘဏ် ၉ ခုကို ဘဏ်ခွဲများဖွင့်လှစ်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးခြင်း (၂၀၁၅ခုနှစ်)
- ငွေကြေးဝန်ဆောင်မှုအများရယူနိုင်ရေး လမ်းပြမြေပုံရေးဆွဲအတည်ပြုခြင်း (၂၀၁၅ခုနှစ်)
- ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေကို ပြဋ္ဌာန်းခြင်း (၂၀၁၆ခုနှစ်)

၄၀။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လက်ကိုင်ဖုန်းသုံး ငွေကြေးဝန်ဆောင်မှုများ လုပ်ဆောင်ရာတွင် လိုက်နာရမည့် စည်းမျဉ်းများကိုထုတ်ပြန်နိုင်ရန် ပြင်ဆင်လျက်ရှိပါသည်။ ယင်းစည်းမျဉ်းများထုတ်ပြန်ပြီးသောအခါ အီလက်ထရောနစ် ငွေကြေးနှင့် လက်ကိုင်ဖုန်းသုံး ငွေပေးချေသည့် ဝန်ဆောင်မှုများကို အလျင်အမြန် စတင်အသုံးပြုနိုင်ရေး အထောက်အကူပြုဖွယ်ရာရှိပါသည်။ ယင်းသို့အဆင်ပြေစွာ အသုံးပြုနိုင်ခြင်းဖြင့် ငွေကြေးဝန်ဆောင်မှုများ ရယူအသုံးပြုနိုင်သည့် အတိုင်းအတာများစွာ ကျယ်ပြန့်လာပါမည်။ ထို့အပြင် မကြာသေးမီက ပြဋ္ဌာန်းခဲ့သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၎င်းတို့ကိုပံ့ပိုးမှုပေးမည့် နည်းဥပဒေစည်းမျဉ်းများပြဋ္ဌာန်းပြီးမှသာ အသက်ဝင်မည်ဖြစ်ကြောင်း သတိမူသင့်ပါသည်။ ယင်းစည်းမျဉ်းများကို မူကြမ်းရေးဆွဲ အကောင်အထည်ဖော်ရန် အချိန်များစွာယူရနိုင်ပါသည်။

## ကျန်ရှိနေသေးသော ပြုပြင်ပြောင်းလဲရေး လစ်ဟာချက်များနှင့် စိန်ခေါ်မှုအခက်အခဲများ

၄၁။ မြန်မာနိုင်ငံတွင် ငွေကြေးဝန်ဆောင်မှုများ ပိုမိုရယူအသုံးပြုနိုင်စေရန်လုပ်ဆောင်ရာ၌ မူဝါဒချမှတ်သူများအနေဖြင့် စိန်ခေါ်မှု အခက်အခဲအများအပြားနှင့် ရင်ဆိုင်နေရဆဲဖြစ်ပါသည်။ အောက်ပါတို့အပါအဝင် အရေးပါသော လစ်ဟာချက်များကို ဖြေရှင်းပေးရပါမည်။

- အသေးစားနှင့် အလတ်စား လုပ်ငန်းများအား လုပ်ငန်းအတွက် လိုအပ်သော ငွေရင်းငွေနှီးထုတ်ချေးရန် ကူညီပံ့ပိုးရေး အတွက် အပေါင်ထားရှိရသည့်စနစ် Secured transactions ပြုပြင်ပြောင်းလဲရေး လိုအပ်ပါသည်။ ခေတ်မီ ငွေကြေး စနစ် များတွင် ရွှေ့ပြောင်းနိုင်သောအာမခံပစ္စည်းကို လက်ခံပါသည်။ ဥပမာ ရရန်ရှိသောငွေ၊ သိုလှောင်ထားရှိသော ပစ္စည်းများနှင့်စက်ကိရိယာများကို ချေးငွေရယူရာတွင် အာမခံချက်အဖြစ် အသုံးပြုနိုင်ပါသည်။ သာမန်အားဖြင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများသည် အိမ်ခြံမြေနှင့် အဆောက်အဦများကဲ့သို့သော မရွှေ့မပြောင်းနိုင်သည့် ပိုင်ဆိုင်ပစ္စည်းများထက် ရွှေ့ပြောင်းနိုင်သောပိုင်ဆိုင်ပစ္စည်းများသာ ပိုမိုပိုင်ဆိုင်ကြပါသည်။ လက်ရှိ ဗဟိုဘဏ် စည်း မျဉ်းများအရ အိမ်ခြံမြေဖြင့်သာ ချေးငွေများ ချေးယူနိုင်ခြင်းကြောင့် အသေးစား-အလတ်စားလုပ်ငန်းများနှင့် ချမ်းသာ ကြွယ်ဝခြင်းမရှိသူများအတွက် ဘဏ်မှချေးငွေရယူရန် လက်တွေ့တွင်မဖြစ်နိုင်ပါ။
- ကျေးလက်တွင်နေထိုင်သူများနှင့် လယ်သမားများအတွက် တရားဝင်ငွေကြေးစနစ်မှ ဝန်ဆောင်မှု ကောင်းစွာမပေးနိုင် ပါ။ သို့ဖြင့်ကုန်ကျစရိတ်ကြီးမားသော အလွတ်သဘော ဈေးကွက်ကိုသာအားထားကြရပါသည်။ မြန်မာ့လယ်ယာဖွံ့ ဖြိုးရေးဘဏ်မှာ သက်ရောက်မှုအားဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကပိုင်ဆိုင်ပြီး လုပ်ငန်း တွင် ကျယ်မှုမရှိဘဲ အမြဲတစေ အရှုံးပေါ်ပါသည်။ လယ်သမားအရေးအတွက်အနည်းငယ်ကိုသာ မလုံလောက်သည့် ချေး ငွေပမာဏ ထုတ်ချေးပါသည်။
- ကုန်သွယ်မှုတိုးချဲ့ရေး ပံ့ပိုးမှုပေးနိုင်ရန်နှင့် နိုင်ငံတကာငွေကြေးဈေးကွက်များတွင် မြန်မာနိုင်ငံ၏ ဂုဏ်သတင်း တိုး တက် ကောင်းမွန်လာစေရန် ကုန်သွယ်မှုအတွက် ငွေကြေးဝန်ဆောင်မှု တရားဝင်အစီအမံများကို အထူးအားပေးရန် လိုအပ်ပါသည်။
- စီးပွားရေးလုပ်ငန်းများနှင့် စားသုံးသူများအနေဖြင့် ၎င်းတို့၏ ချေးငွေထိုက်တန်မှုကို တရားဝင်မှတ်တမ်းထားရှိပေးမည့် ခေတ်မီချေးငွေဆိုင်ရာအချက်အလက်ဌာနတစ်ရပ် မရှိမဖြစ် လိုအပ်ပါသည်။ ချေးငွေမှတ်တမ်းဌာနများသည် ငွေကြေး အဖွဲ့အစည်းများအနေဖြင့် ချေးငွေရယူမည့်သူများ၏ ချေးငွေပြန်ဆပ်နိုင်စွမ်းနှင့် ပြန်ဆပ်ရန်ဆန္ဒရှိမှုဆိုင်ရာ အချက် အလက်များကို တိကျမှန်ကန်စွာရရှိနိုင်ရေး အထောက်အကူပြုပါသည်။
- မူဝါဒချမှတ်သူများနှင့် စည်းမျဉ်းထိန်းချုပ်သူများသည် ခေတ်မီငွေကြေးကဏ္ဍကိုစီမံခန့်ခွဲရာတွင် အတွေ့အကြုံမရှိခြင်း နှင့် နည်းပညာပိုင်းကျွမ်းကျင်မှုမရှိခြင်းတို့ကို ကျော်လွှားရပါမည်။ သင့်တော်သော နည်းပညာကျွမ်းကျင်မှုများ လိုအပ် သလို ရယူအသုံးပြုနိုင်ရန် ဆန်းသစ်တီထွင်သော နည်းလမ်းသစ်များရှာဖွေရပါမည်။

**ဆက်လက်ဆောင်ရွက်ရမည့် ဦးစားပေးကိစ္စရပ်များ**

၄၂။ ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးရေးမှာ ရှုပ်ထွေးသောလုပ်ငန်းစဉ်ဖြစ်ပါသည်။ ယခုအချိန်တွင် ခြိုင်းချ၍ မြင်နိုင်ရန် နောက် တစ်လှမ်းဆုတ်လျက် မြန်မာနိုင်ငံအနေဖြင့် မြို့ပြနှင့်ကျေးလက်ရှိ ပြည်သူလူထုတစ်ရပ်လုံးနှင့် စီးပွားရေးလုပ်ငန်းများ အကြီးအသေးအားလုံးတို့အတွက် ငွေကြေးဝန်ဆောင်မှုပေးနိုင်ရန်လိုအပ်မည့် ငွေကြေးကဏ္ဍမျိုးကို မျှော်မှန်းရန်လိုအပ်ပါ သည်။ ပြုပြင်ပြောင်းလဲသည့်လုပ်ငန်းစဉ် ဦးတည်ချက်မှာ အောက်ပါသွင်ပြင်လက္ခဏာများရှိမည့် ငွေကြေးကဏ္ဍ မြန်မာ နိုင်ငံတွင် ပေါ်ပေါက်လာစေရန် ဖြစ်ပါသည်။

- (၁) ငွေကြေးဆိုင်ရာလုပ်ဆောင်မှုများ၊ ဘဏ်များနှင့် အသေးစားချေးငွေလုပ်ငန်းများ၏ အခြေအနေတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ (၂) ငွေကြေးလုပ်ငန်းအားလုံးနှင့်သက်ဆိုင်သည့် မူဝါဒများနှင့် စည်းမျဉ်းများရေးဆွဲရာတွင်လည်း ကောင်း **များစွာပိုမို၍ ထင်သာမြင်သာရှိခြင်း**
- **အသေးစားချေးငွေလုပ်ငန်းစု အားကောင်းပြီး** အရင်းအနှီးတောင့်တင်းသော အသေးစားချေးငွေ လုပ်ငန်းများက ဦးဆောင်လျက်ရှိခြင်း၊ ငွေပေးချေခြင်း၊ ငွေအပ်နှံခြင်း၊ ချေးငွေနှင့် အခြားငွေကြေးလုပ်ငန်းများ ဖြည့်ဆည်းပေးရာတွင် ဘဏ်များနှင့် ဖြည့်ဖက်ဖြစ်ခြင်း၊ မကြာခဏ ဘဏ်များနှင့် အပြိုင်အဆိုင် မြို့ပြနှင့် ကျေးလက်ဒေသများတွင် တစ်ပိုင် တစ်နိုင်၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများကို ဝန်ဆောင်မှုပေးခြင်း
- ပြည်တွင်းနှင့် နိုင်ငံခြားပိုင် **ကူးသန်းရောင်းဝယ်ရေးဘဏ်များ** အားကောင်းပြီး အပြိုင်အဆိုင်လုပ်ကိုင်ကြလျက် အသေး စားနှင့်အလတ်စားလုပ်ငန်းများအပါအဝင် တစ်နိုင်ငံလုံးရှိ ဝန်ဆောင်မှုရယူသူအမျိုးမျိုးအား ကျယ်ပြန့်စွာ ငွေကြေးလုပ် ငန်းများ လုပ်ဆောင်ပေးခြင်း
- လုပ်ငန်းမတွင်ကျယ်သော နိုင်ငံပိုင်ကူးသန်းရောင်းဝယ်ရေးဘဏ်များကို **ပြန်လည်ဖွဲ့စည်းခြင်း၊ တစ်ခုနှင့်တစ်ခု စု ပေါင်းခြင်းနှင့်/သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းများ** ပြုလုပ်ပြီး ကျန်ရှိနေသော နိုင်ငံတော်က ထိန်းချုပ်ထား သည့် ငွေကြေးအဖွဲ့အစည်းလုပ်ငန်းများသည် ပုဂ္ဂလိကငွေကြေးလုပ်ငန်းများနှင့် တန်းတူယှဉ်ပြိုင်လုပ်ကိုင်ခြင်း

- **ဥပဒေနှင့်စည်းမျဉ်းထိန်းချုပ်သောပတ်ဝန်းကျင်မှ ငွေကြေးအဖွဲ့အစည်းများအား** အန္တရာယ်ကျရောက်မှုကို စီမံခန့်ခွဲလျက် ဈေးနှုန်းသတ်မှတ်နိုင်စေခြင်း၊ မြီရှင်အခွင့်အရေးများ အခိုင်အမာ လုံခြုံမှုပေးနိုင်စေခြင်း၊ နည်းပညာကို ထိရောက်စွာအသုံးပြုနိုင်စေခြင်းနှင့် ရေရှည်တည်တံ့နိုင်သောတိုးတက်မှုအတွက် ငွေကြေးဖြည့်ဆည်းပေးနိုင်စေခြင်း

၄၃။ ပူးတွဲပါ လုပ်ငန်းစီမံချက် "A2F Action Plan" တွင် မြန်မာနိုင်ငံ၏စီးပွားရေးအတွက် လိုအပ်ချက်များကို ပြည့်မီစေနိုင်မည့် ငွေကြေးကဏ္ဍတစ်ရပ်ဖန်တီးနိုင်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းများကို အထင်အရှားဖော်ပြထားပါသည်။ အဓိကအားဖြင့် ရွေးချယ်ထားသော စည်းမျဉ်းများကို အပြောင်းအလဲပြုလုပ်ခြင်းဖြင့် ငွေကြေးဝန်ဆောင်မှုများ ရယူနိုင်မှု အလျင်အမြန် တိုးတက်ကောင်းမွန်လာနိုင်ပါသည်။ နောက်ထပ် ဥပဒေအပြောင်းအလဲများလည်း လိုအပ်ဖွယ်ရာရှိပါသည်။ သို့သော် အချိန်ယူ၍ ဆောင်ရွက်နိုင်ပါမည်။ ထို့အပြင် စည်းမျဉ်းထိန်းချုပ်သူများအနေဖြင့် တည်ဆဲစည်းမျဉ်းများ အထူးသဖြင့် ဘဏ်များ၏ ငွေကြေးအခြေအနေနှင့်စပ်လျဉ်းသော စည်းမျဉ်းများကို လိုက်နာစေရေး စနစ်တကျ အရေးယူ ဆောင်ရွက်ရန်လည်း အလားတူ အရေးကြီးပါသည်။

**အောင်မြင်မှုရရှိရေးအတွက် အရေးပါသော အကြောင်းအချက်များ**

၄၄။ မြန်မာနိုင်ငံတွင် ငွေကြေးဝန်ဆောင်မှု ရယူအသုံးပြုနိုင်ရေး ပိုမိုကောင်းမွန်လာစေရန် အရေးပါသော အချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- **ထင်သာမြင်သာရှိရေးနှင့် စံချိန်စံနှုန်းများကို အဓိကထားခြင်း** - ငွေကြေးလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ အများပြည်သူသို့ ထုတ်ပြန်သော အချက်အလက်များ တိကျမှန်ကန်မှုနှင့် ပြည့်စုံမှုရှိစေရေး အလေးအနက် ဆောင်ရွက်ရပါမည်။ ယခုအခါ ငွေကြေးကဏ္ဍတွင် အများပြည်သူ ယုံကြည်စိတ်ချမှု နည်းပါးနေပြီး အချက်အလက်များ တိကျမှန်ကန်မှုသည် ယုံကြည်စိတ်ချမှုရှိစေရေးအတွက်အခြေခံပင်ဖြစ်ပါသည်။ ထို့အပြင် လိုင်စင်ရယူထားသော ငွေကြေးလုပ်ငန်းများအနေဖြင့် အကျုံးဝင်သော စာရင်းကိုင် စံနှုန်းများကို လက်တွေ့ဖြစ်နိုင်သမျှ အလျင်အမြန် လိုက်နာစေရပါမည်။ ထို့အပြင် ဈေးကွက်စည်းမျဉ်းထိန်းချုပ်ရေးအတွက် အကျိုးသက်ဆိုင်ပါဝင်သူများအကြား ပွင့်လင်းစွာ ဆွေးနွေးရန်လိုအပ်ပါသည်။ သို့မှသာ ဩဇာသက်ရောက်လျက် အမြတ်ထုတ်ရန် ကြိုးပမ်းခြင်းများ လျော့နည်း ကျဆင်းပြီး ခိုင်မာသော ငွေကြေးကဏ္ဍဖြစ်ပေါ်လာရန် အားပေးမြှင့်တင်နိုင်ပါမည်။
- **ဘဏ်လုပ်ငန်းနှင့် ငွေကြေးကျွမ်းကျင်မှုများ တိုးတက်ကောင်းမွန်စေခြင်း** - ဘဏ်လုပ်ငန်းနှင့် အသေးစားချေးငွေလုပ်ငန်း စည်းမျဉ်းထိန်းချုပ်သူများ၏ နည်းပညာပိုင်းကျွမ်းကျင်မှုသာမက ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်း လုပ်ကိုင်သူများ၊ အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်သူများနှင့် အခြားဈေးကွက်တွင် ပါဝင်သူများ၏ နည်းပညာပိုင်း ကျွမ်းကျင်မှုကို ရနိုင်သမျှ နည်းလမ်းများဖြင့် အဆင့်မြှင့်တင်ရန် လိုအပ်ပါသည်။
- **အမျိုးသားမဟာဗျူဟာနှင့်ခေါင်းဆောင်မှု** - အစိုးရသစ်အနေဖြင့် ငွေကြေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် စုစည်းညီညွတ်သော အမျိုးသားအဆင့်မဟာဗျူဟာတစ်ရပ်ရေးဆွဲရန် အထူးလိုအပ်ပါသည်။ ငွေကြေးဝန်ဆောင်မှု ရယူ အသုံးပြုနိုင်ရေးကို ဦးစားပေးပြီး ကုလသမဂ္ဂ ငွေရင်းငွေနှီးဖွံ့ဖြိုးရေးရန်ပုံငွေ၏ ငွေကြေးဝန်ဆောင်မှုများတွင် အများပါဝင်နိုင်ရေး လမ်းညွှန်မြေပုံ ကဲ့သို့သော လုပ်ငန်းအသီးသီးကို စုပေါင်းပေးသည့် မဟာဗျူဟာ ဖြစ်ရပါမည်။ အမြင့်ဆုံးအဆင့်များမှ ထိရောက် အားကောင်းသော ခေါင်းဆောင်မှုပေးရန်ဖြစ်ပါသည်။

**ကဏ္ဍ ၂။ ပဏာမ လုပ်ငန်းစီမံချက် - ငွေကြေးဝန်ဆောင်မှုများ ရယူအသုံးပြုနိုင်စေခြင်း**

| | **ကာလတို လုပ်ငန်းများ (ပထမနှစ်မှ ဒုတိယနှစ်) အခြေခံဦးစားပေးများ** | **ကာလရှည် လုပ်ငန်းများ (တတိယနှစ်မှ ပဉ္စမနှစ်) အရှိန်အဟုန်မြှင့်တင်ခြင်း/ ကြီးထွားခြင်း** |
|---|---|---|
| **မျှော်မှန်းချက်** - အသေးစားလုပ်ငန်းများ၊ ကျေးလက်တွင်နေထိုင်သူများနှင့် စားသုံးသူများ အပါအဝင် မြန်မာနိုင်ငံ ပြည်သူလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ငွေကြေးကဏ္ဍဖန်တီးရန် | | |
| **မဟာဗျူဟာ ထွက်ပေါ် ရလဒ် ၁** - (၁) ဘဏ်များနှင့် အသေးစား ချေးငွေလုပ်ငန်းများ၏ ငွေကြေးဆိုင်ရာ လုပ်ဆောင်မှုများ၊ အခြေအနေတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ (၂) ငွေကြေး လုပ်ငန်း အားလုံးနှင့် သက်ဆိုင်သည့် မူဝါဒများနှင့် စည်းမျဉ်းများ ရေးဆွဲရာတွင် လည်းကောင်း **များစွာပိုမို၍ ထင်သာမြင်သာရှိခြင်း** | • ငွေကြေးကဏ္ဍတွင် အဓိကလုပ်ငန်းအဖြစ် ထင်သာမြင်သာရှိမှုကို မြှင့်တင်ရန် မူဝါဒ ကျင့်သုံးခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (CBM) နှင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန (FRD)တို့တွင် ဤကိစ္စကို ဆောင်ရွက်ရမည့်လုပ်ငန်းများအနက် ပထမဆုံးလုပ်ငန်းအဖြစ်မြှင့်တင်ခြင်း<br>• ငွေကြေးဆိုင်ရာ အစီရင်ခံတင်ပြခြင်းနှင့် စပ်လျဉ်းသည့် တည်ဆဲစည်းမျဉ်းကို လိုက်နာစေရေး အရေးယူဆောင်ရွက်ခြင်း၊ ငွေကြေးလုပ်ငန်း (FI)များ အတွက် ထင်သာမြင်သာရှိရေးနှင့် သက်ဆိုင်သည့် နောက်ထပ် စည်းမျဉ်းများကို စဉ်းစားခြင်း<br>• လက်မှတ်ရ စာရင်းကိုင် (ဆိုလိုသည်မှာ CPA များ)နှင့် စာရင်းစစ်များ အရေအတွက် လျင်မြန်စွာ တိုးပွားလာစေရန် ပညာရှင်အဖွဲ့အစည်းများ (ဥပမာ စာရင်းကိုင်အသင်းများ၊ တက္ကသိုလ်များ) နှင့် အတူ ပူးပေါင်းလုပ်ဆောင်ခြင်း<br>• ငွေကြေးကဏ္ဍအတွင်း ဥပဒေ၊ စည်းမျဉ်းနှင့် အရေးယူရေးကိစ္စရပ်များအကြောင်း ပွင့်လင်းစွာ မကြာခဏ တိုင်ပင်ဆွေးနွေးရေး လွယ်ကူချောမွေ့စေမည့် အများပြည်သူ သတင်းအချက်အလက် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးရန် ငွေကြေးစည်းမျဉ်း ထိန်းချုပ်သည့် အဖွဲ့များအား တိုက်တွန်းခြင်း | • လုပ်ငန်းစုအသင်းများက ဆွဲဆောင်သည့် ချဉ်းကပ်ပုံ "soft approach" ကို ဖော်ထုတ်ခြင်း၊ ဆိုလိုသည်မှာ ထင်သာမြင်သာရှိမှုနှင့် အစီရင်ခံတင်ပြမှု အရည်အသွေး မြင့်မားခြင်းကို အသိအမှတ်ပြုသည့် နှစ်ပတ်လည်ဆုများ ချီးမြှင့်ခြင်း<br>• ပညာရေးစနစ်၊ ဘဏ်သင်တန်းအစီအစဉ်များဖြင့် စာရင်းကိုင်များနှင့် စာရင်းစစ်များကို သင်တန်းပေးရန် လုပ်ငန်းစုအတွင်းနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများမှ ပံ့ပိုးမှုအားကောင်းစေခြင်း |

| | ကာလတို လုပ်ငန်းများ (ပထမနှစ်မှ ဒုတိယနှစ်) အခြေခံဦးစားပေးများ | ကာလရှည် လုပ်ငန်းများ (တတိယနှစ်မှ ပဥ္စမနှစ်) အရှိန်အဟုန်မြှင့်တင်ခြင်း/ ကြီးထွားခြင်း |
|---|---|---|
| **မဟာဗျူဟာ ထွက်ပေါ်ရလဒ် ၂** - အသေးစားချေးငွေလုပ်ငန်းစု အားကောင်းပြီး စီမံခန့်ခွဲမှုကောင်းမွန်သော အသေးစားချေးငွေလုပ်ငန်းများ က ဦးဆောင်လျက်ရှိခြင်း၊ ငွေပေးချေခြင်း၊ ငွေအပ်နှံခြင်း၊ ချေးငွေနှင့် အခြား ငွေကြေးလုပ်ငန်းများကို အပြိုင်အဆိုင်ဖြည့်ဆည်း ပေးခြင်း၊ မြို့ပြနှင့် ကျေးလက်ဒေသများတွင် တစ်ပိုင်တစ်နိုင်လုပ်ငန်းများကိုသာမက အသေးစားနှင့် အလတ်စားလုပ်ငန်းများကိုလည်း ဂန်ဆောင်မှုပေးခြင်း | • ထိရောက်သော စည်းမျဉ်းထိန်းချုပ်ရေးအစီအမံတစ်ရပ် အလျင်မြန်ဆုံးပေါ်ပေါက်လာစေရန် FRD (နှင့် အခြား သက်ဆိုင်သောအဖွဲ့အစည်းများအတွက်စွမ်းဆောင်ရည် တည်ဆောက်ရေးကို နိုင်ငံတော်အစိုးရ၏ ထိပ်တန်းဦးစားပေး သတ်မှတ်ခြင်း၊ ဤလုပ်ငန်းအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများထံမှ အားကောင်းသောပံ့ပိုးမှုကို ထိရောက်စွာအသုံးပြုခြင်း<br>• အသေးစားချေးငွေ လုပ်ငန်း အမျိုးအစားအသီးသီး၏ အားသာချက်များ၊ ဦးတည်ချက်များနှင့်အညီ ကဏ္ဍအသီးသီးအတွက် ဂန်ဆောင်မှုပေးနိုင်သည့် အသေးစား ချေးငွေလုပ်ငန်းစု ဖန်တီးရန် အဆင့်သတ်မှတ်ထားသော အသေးစားချေးငွေလုပ်ငန်းစနစ် အပါအဂင် အသေးစားချေးငွေကဏ္ဍဘက်စုံမဟာဗျူဟာရေးဆွဲခြင်း<br>• အသေးစားချေးငွေလုပ်ငန်းများနှင့်အသေးစားချေးငွေ ဂန်ဆောင်မှု ရယူသူများ၏ လိုအပ်ချက်များအကြောင်း FRDဂန်ထမ်းများ သိရှိစေရန်ဆန်းသစ်တီထွင်သောလုပ်ငန်းအစီအစဉ်များ (boot camp များ စသည်တို့ ) ရေးဆွဲ အကောင်အထည်ဖော်ခြင်း<br>• ငွေကြေးကဏ္ဍဖွံ့ဖြိုးရေး အဓိက အရေးပါသော ကဏ္ဍအဖြစ် အသေးစားချေးငွေအကြောင်း အများပြည်သူသိမြင်နားလည်မှု မြှင့်တင်ရန် FRDကို ပံ့ပိုးမှုပေးခြင်း<br>• အသေးစားချေးငွေလုပ်ငန်းများလက်လှမ်းမီ ရောက်ရှိမှုကို မလိုအပ်ဘဲ ကန့်သတ်သော စည်းမျဉ်းများကိုပြောင်းလဲခြင်း<br>• အသေးစားချေးငွေကဏ္ဍကို အားပေး မြှင့်တင်ပြီး အကောင်းဆုံး လုပ်နည်းလုပ်ဟန်များအပေါ်အခြေခံသော FRD မျှော်မှန်းချက်ကိုရေးဆွဲရာတွင်အသုံးပြုနိုင်ရန်ဒေသအဆင့် အသေးစားချေးငွေလုပ်ငန်းများ စံနှုန်းသတ်မှတ်ရေး လေ့လာချက်ပြုစုခြင်း<br>• လုပ်ငန်းစုကိုယ်စား စည်းရုံးလှုံ့ဆော်ပြီး လုပ်ငန်းစုအတွင်း ပညာရှင်ပီသစွာ လုပ်ဆောင်ရေး အားပေးမြှင့်တင်မည့် လုပ်ငန်းတွင်ကျယ်ပြီး ထိရောက်သော အသေးစားချေးငွေအသင်း ဖြစ်ပေါ်လာရန် အားပေးမြှင့်တင်ခြင်း | • အသေးစားချေးငွေဥပဒေနှင့် စည်းမျဉ်းထိန်းချုပ်မှု မူဘောင်အတိုင်း လိုက်နာစေရေး အရေးယူမှုကို ဆက်လက် အားကောင်းစေခြင်း<br>• ဂန်ဆောင်မှု လက်လှမ်းမီ ရောက်ရှိရေးတိုးချဲ့နိုင်သည့် ပိုမိုကြီးမားပြီး ငွေကြေးတောင့်တင်းသော အသေးစားချေးငွေလုပ်ငန်းများကို ဗဟိုပြု၍ လုပ်ငန်းများကို စုစည်းခြင်း<br>• အဆင့်သတ်မှတ်ထားသော အသေးစားချေးငွေလုပ်ငန်းစနစ်ဖြစ်လာစေရန် ဆောင်ရွက်ခြင်း (ဆိုလိုသည်မှာ အရင်းအနှီး များပြားပြီး အရွယ်အစား ကြီးမားသော အသေးစားချေးငွေလုပ်ငန်းများအား အပ်နှံငွေ လက်ခံရန်နှင့် ငွေကြေးဂန်ဆောင်မှု အမျိုးအစားများ ပိုမိုများပြားစွာ လုပ်ဆောင်ခွင့်ပေးပြီး ပိုမို သေးငယ်သော အသေးစားချေးငွေလုပ်ငန်းများအနေဖြင့် ချေးငွေဂန်ဆောင်မှုများသာပေးအပ်ခြင်း)<br>• အသေးစားချေးငွေလုပ်ငန်းများနှင့် ပူးပေါင်းလျက် ဘက်စုံ ငွေကြေး အသိပညာပြည့်ဂရေး အစီအစဉ်များ အကောင်အထည်ဖော်ခြင်း |

| | ကာလတို လုပ်ငန်းများ (ပထမနှစ်မှ ဒုတိယနှစ်) အခြေခံဦးစားပေးများ | ကာလရှည် လုပ်ငန်းများ (တတိယနှစ်မှ ပဉ္စမနှစ်) အရှိန်အဟုန်မြှင့်တင်ခြင်း/ ကြီးထွားခြင်း |
|---|---|---|
| | • အသေးစားချေးငွေနှင့် သက်ဆိုင်ပတ်သက်သူ အားလုံး ဥပဒေနှင့် စည်းမျဉ်း ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို ဆွေးနွေးသဘောတူညီနိုင်ရန် ၂၀၁၆ခုနှစ် ဒုတိယ သုံးလပတ်အတွင်း အစည်းအဝေးကြီး တစ်ရပ် ကျင်းပခြင်း | |
| **မဟာဗျူဟာ ထွက်ပေါ်ရလဒ် ၃** - ပြည်တွင်းနှင့် နိုင်ငံခြားပိုင် ကူးသန်းရောင်းဝယ်ရေးဘဏ်များ အားကောင်းပြီး အပြိုင်အဆိုင် လုပ်ကိုင်ကြ လျက် အသေးစားနှင့် အလတ်စား လုပ်ငန်းများ အပါအဝင် ဝန်ဆောင်မှု ရယူသူအမျိုးမျိုးအား ကျယ်ပြန့်စွာ ငွေကြေး လုပ်ငန်းများ လုပ်ဆောင်ပေးခြင်း | • ဘက်စုံဘဏ်လုပ်ငန်းကဏ္ဍ မဟာဗျူဟာ ပြုစုခြင်း၊ ဗဟိုဘဏ်အား ဘဏ်လုပ်ငန်းကဏ္ဍဖွံ့ဖြိုးရေးကို ပဲ့ကိုင်ထိန်းကျောင်းရန် ရှင်းလင်းသောတာဝန်များပေးအပ်ခြင်း<br>• ဘဏ်လုပ်ငန်းကဏ္ဍကို အဆင့်ဆင့် လွတ်လပ်ခွင့်ပေးရေးလုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်ရန် ငွေကြေးလုပ်ငန်းများ ဥပဒေနှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ အတွက် စည်းမျဉ်းများပြုစုခြင်း<br>• တည်ဆဲဥပဒေစည်းမျဉ်းများကို စနစ်တကျ အကောင်အထည်ဖော်ခြင်းနှင့် လိုက်နာစေရေး အရေးယူခြင်း<br>• လူ့စွမ်းအားအရင်းအမြစ်ပိုင်း (ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်း၊ ရာထူးတိုးခြင်း)အပြည့်အဝ ကိုယ်တိုင် ဆုံးဖြတ်ဆောင်ရွက်ခွင့်ပေးခြင်းနှင့် စနစ်တကျ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေခြင်း (လူ့စွမ်းအား အရင်းအမြစ်မဟာဗျူဟာ၊အတွေ့အကြုံရင့်ကျက်သော ပြည်ပဝန်ထမ်းများ/အကြံပေးများကို ကြောင်းကျိုးဆီလျော်စွာ အသုံးပြုခြင်း၊ သင်တန်းကျောင်းနှင့် boot camp များ တည်ထောင်ခြင်း)တို့ဖြင့် ဗဟိုဘဏ်၏ အုပ်ချုပ်မှုနှင့် စွမ်းဆောင်ရည်များကို အားကောင်းစေခြင်း<br>• ဝန်ထမ်းသစ်များအတွက် တက္ကသိုလ်နှင့် အသက်မွေးဝမ်းကျောင်းပညာရေး အစီအစဉ်များ၊ လက်ရှိ ဘဏ်လုပ်ငန်း လုပ်ကိုင်နေသူများအတွက် ဘဏ်အတွင်းသင်တန်း အစီအစဉ်များ လုပ်ဆောင်ပေးခြင်းဖြင့် ကူးသန်းရောင်းဝယ်ရေးဘဏ်များ၏ စွမ်းဆောင်ရည်ကို အားကောင်းစေခြင်း | • ဗဟိုဘဏ်မှာ ပိုမို၍ စွမ်းဆောင်ရည် ရှိ ပြီး ထိရောက်စေရန်လည်းကောင်း၊ ဘဏ်များမှာ လက်လှမ်းမီရောက်ရှိမှု တိုးချဲ့လာချိန်တွင် လုပ်ငန်းများကို အန္တရာယ်ကင်းရှင်း လုံခြုံစွာ ဆောင်ရွက်နိုင်ရန်လည်းကောင်း ဖော်ထုတ်ရရှိသော ကာလတိုလုပ်ငန်းများ အားလုံးမှာ အလယ်အလတ်ကာလနှင့် ကာလရှည်အတွက် အလေးအနက်ထား ဆောင်ရွက်မှုနှင့် အရင်းအမြစ်များ လိုအပ်ပါမည်။ |

| | ကာလတို လုပ်ငန်းများ (ပထမနှစ်မှ ဒုတိယ နှစ်) အခြေခံဦးစားပေးများ | ကာလရှည် လုပ်ငန်းများ (တတိယနှစ်မှ ပဉ္စမ နှစ်) အရှိန်အဟုန်မြှင့်တင်ခြင်း/ ကြီးထွားခြင်း |
|---|---|---|
| | • ဘဏ်၏ ဘုတ်အဖွဲ့ဝင်များနှင့် အဆင့်မြင့် မန်နေဂျာများ စိစစ်ရွေးချယ်ရန်အတွက် ဗဟိုဘဏ်၏ တည်ဆဲသင့်တော်ကောင်းမွန်မှု လုပ်ပိုင်ခွင့်အရ ရှင်းလင်းသောမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့်လမ်းညွှန်ချက်များ ပြုစုခြင်းနှင့် တစ်ပြေးညီကျင့်သုံးခြင်း | • |
| **မဟာဗျူဟာ ထွက်ပေါ် ရလဒ် ၄** - နိုင်ငံပိုင်ဘဏ်များကို ပြန်လည်ဖွဲ့စည်းခြင်း၊ တစ်ခုနှင့်တစ်ခု စုပေါင်းခြင်းနှင့်/သို့မဟုတ် ထုခွဲရောင်းချခြင်းများ ပြုလုပ်ပြီး ကျန်ရှိနေသော နိုင်ငံပိုင် ငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများသည် ပုဂ္ဂလိက ငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် တန်းတူ ယှဉ်ပြိုင် လုပ်ကိုင်ခြင်း | • နိုင်ငံပိုင် ကူးသန်းရောင်းဝယ်ရေးဘဏ် (SOCB)များ အားလုံးကို (၁) ပြင်ပမှ ငွေကြေးဆိုင်ရာ စာရင်းစစ်ဆေးမှု အပြည့်အစုံ (၂) လုပ်ငန်းများ အကဲဖြတ်ချက် အသေးစိတ် နှင့် (၃) ကြီးထွားမှု မဟာဗျူဟာ အစီအစဉ်တို့ကိုပြုလုပ်စေခြင်း<br>• SOCB များ အားလုံး၏ အနာဂတ်ကို သတ်မှတ်ဆုံးဖြတ်ရန် ထင်သာမြင်သာရှိမှုနှင့် လုပ်ငန်း ဆက်လက်ရပ်တည်နိုင်မှု မူများအပေါ် အခြေခံသည့် ရှင်းလင်းသော မဟာဗျူဟာရေးဆွဲခြင်း<br>• တိကျသေချာစွာ ကုန်ကျစရိတ်/ အကျိုးကျေးဇူး ဆန်းစစ်ချက်အပေါ် အခြေခံလျက် SOCB များကို ပြန်လည်ဖွဲ့စည်းရန်၊ ပေါင်းစည်းရန်၊ ရင်းနှီးမြှုပ်နှံမှု ပြန်လည်ထုတ်ယူရန် သို့မဟုတ် ထုခွဲရောင်းချရန် နိုင်ငံတော်အစိုးရ၏အစီအစဉ်ကို ရေးဆွဲ အကောင်အထည်ဖော်ခြင်း | • ပြန်လည်ဖွဲ့စည်းခြင်း၊ ရင်းနှီးမြှုပ်နှံမှု ပြန်လည်ထုတ်ယူခြင်း သို့မဟုတ် ထုခွဲ ရောင်းချခြင်းများပြုလုပ်မည့် SOCB များ အပါအဝင် နိုင်ငံပိုင်ပစ္စည်းများကို စီမံခန့်ခွဲရန် သီးခြားလွတ်လပ်သော နိုင်ငံပိုင်ပစ္စည်း စီမံခန့်ခွဲရေးအဖွဲ့ တည်ထောင်ရန် စဉ်းစားခြင်း |

| | **ကာလတို လုပ်ငန်းများ (ပထမနှစ်မှ ဒုတိယနှစ်) အခြေခံဦးစားပေးများ** | **ကာလရှည် လုပ်ငန်းများ (တတိယနှစ်မှ ပဥ္စမနှစ်) အရှိန်အဟုန်မြှင့်တင်ခြင်း/ ကြီးထွားခြင်း** |
|---|---|---|
| **မဟာဗျူဟာ ထွက်ပေါ်ရလဒ် ၅** - ဥပဒေနှင့် စည်းမျဉ်းထိန်းချုပ်သော ပတ်ဝန်းကျင်မှာ ငွေကြေးအဖွဲ့အစည်းများအား အန္တရာယ်ကျရောက်မှု risk ကို စီမံခန့်ခွဲလျက် စျေးနှုန်းသတ်မှတ်နိုင်စေခြင်း၊ မြို့ရှင် အခွင့်အရေးများနှင့် ရပိုင်ခွင့်တောင်းခံမှုများကို အခိုင်အမာ လုံခြုံမှုပေးနိုင်စေခြင်းနှင့် ရေရှည် တည်တံ့နိုင်သော ကြီးထွားမှုအတွက် ငွေကြေး ဖြည့်ဆည်းပေးနိုင်စေခြင်း | • ငွေကြေးဝန်ဆောင်မှုများ ရယူအသုံးပြုနိုင်မှု တိုးတက်မြင့်မားစေရန် ပံ့ပိုးမှုပေးမည့် မရှိမဖြစ် လိုအပ်သော ဘဏ္ဍာရေး၊ ဥပဒေနှင့် စည်းမျဉ်းထိန်းချုပ်မှု အခြေခံအဆောက်အဦကို ဆက်လက်ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများမှ အားကောင်းသော ပံ့ပိုးမှုကို ထိရောက်စွာအသုံးပြုခြင်း၊ အရေးကြီးဆုံးလုပ်ငန်းများအဖြစ် အောက်ပါတို့ ပါဝင်စေခြင်း<br>• စျေးကွက်အခြေပြု နိုင်ငံတော်အစိုးရ (ငွေစုလက်မှတ်နှင့် ငွေချေးစာချုပ်) စျေးကွက်<br>• ငွေပေးချေသည့်စနစ်ပြုပြင်ပြောင်းလဲရေး<br>• ချေးငွေသတင်းအချက်အလက်ဌာန<br>• ရွှေ့ပြောင်းနိုင်သော အာမခံ/ အပေါင်ပစ္စည်း မှတ်တမ်းများ<br>• ဘဏ်အချင်းချင်း ငွေထုတ်ချေးသော စျေးကွက် | • ခေတ်မီငွေကြေးစနစ်၏ ယင်း မရှိမဖြစ် သွင်ပြင်လက္ခဏာများ ဖြစ်တည်လာစေရန် အတွက် အလယ်အလတ်ကာလနှင့် ကာလရှည်တွင် နိုင်ငံတော်အစိုးရထံမှ အားကောင်းသော ခေါင်းဆောင်မှုနှင့် ရှေ့နောက် ညီညွတ်သော အလေးအနက် ဆောင်ရွက်မှု လိုအပ်ပါသည်။ |

## ၆။ ကဏ္ဍ ၃ - ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ခြင်း

### ပြုပြင်ပြောင်းလဲမှုများကို ခြုံငုံဖော်ပြချက်နှင့် ဆက်စပ်အခြေအနေများ

၄၅။ မြန်မာနိုင်ငံသည် ရာစုနှစ်တစ်ဝက်နီးပါး စီးပွားရေးအခက်အခဲများနှင့် အထီးကျန်အခြေအနေများကို တွေ့ကြုံခဲ့ရပြီး ၂၀၁၁ခုနှစ်နောက်ပိုင်းတွင် ကမ္ဘာ့စီးပွားရေး၌ ပြန်လည်ပါဝင်လာနိုင်ရေး တိုးတက်မှုများစွာရရှိခဲ့ပါသည်။ ကုန်သွယ်မှုမှာ ၂၀၁၁ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၈.၂ဘီလီယံ ရှိခဲ့ရာမှ ၂၀၁၅ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၉.၂ဘီလီယံသို့ တိုးမြင့်လာပြီး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI)မှာ ယင်းကာလအတွင်း အမေရိကန်ဒေါ်လာ ၂ဘီလီယံမှ ၈ ဘီလီယံသို့မြင့်တက်လာပါသည်။ သို့ရာတွင် မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးမှု ဦးတည်ချက်များ အကောင်အထည်ဖော်နိုင်ရန် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာကုန်သွယ်မှုတိုးမြင့်စေရေး လိုအပ်သောအဖွဲ့အစည်းစနစ်များ၊ အခြေခံ အဆောက်အဦ၊ စွမ်းဆောင်ရည်နှင့် အခြားအခြေခံများကို ပိုမိုကောင်းမွန်စေရန် သို့မဟုတ် တည်ဆောက်ရန်လိုအပ်ပါမည်။

၄၆။ ဖွံ့ဖြိုးမှုအကူအညီ၊ မိတ်ဖက်ဆောင်ရွက်မှုများနှင့်နည်းပညာအပါအဝင် ပြည်ပမှအရင်းအမြစ်များကို ထိရောက်စွာအသုံးပြုခြင်းမှာ ဖြေရှင်းချက်၏ အစိတ်အပိုင်းများအဖြစ်ပါဝင်ပါမည်။ လွတ်လပ်စွာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုခြင်းဖြင့် (၁) မြန်မာနိုင်ငံမှ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအတွက် ဈေးကွက်များရရှိလာပြီး (၂) ပြည်ပ ငွေရင်းငွေနှီးနှင့် နည်းပညာများဖြင့် မြန်မာနိုင်ငံသည် နှိုင်းရအားသာချက်များကို အကျိုးရှိစွာအသုံးပြုနိုင်သည့်အပြင် (၃) အကျိုးသက်ဆိုင် ပါဝင်သူအားလုံးအတွက် အကျိုးကျေးဇူးဖြစ်စေမည့် ထင်သာမြင်သာရှိပြီး ကြိုတင်သိရှိနိုင်သော စည်းမျဉ်းအခြေပြု အုပ်ချုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေး ဆွဲဆောင်မှုများနှင့် နိုင်ငံတကာစံနှုန်းများရရှိလာပါမည်။

### နိုင်ငံတကာမှ အကောင်းဆုံး လုပ်နည်းလုပ်ဟန်များ

၄၇။ **ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကိုလွယ်ကူစေခြင်း** - အရှေ့တောင်အာရှတွင် စီးပွားရေး အောင်မြင်မှုရရှိသော နိုင်ငံအများစုအတွက် ပို့ကုန်ဦးစားပေး-စီးပွားရေးတိုးတက်မှုမှာ ထိရောက်သော မဟာဗျူဟာဖြစ်ပါသည်။ ဤမဟာဗျူဟာ၏ အဓိက အစိတ်အပိုင်းမှာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အတားအဆီးများကိုဖယ်ရှားပြီး ပုဂ္ဂလိကကဏ္ဍတိုးတက်မှု၊ အလုပ်အကိုင်ဖန်တီးမှု၊ ဆန်းသစ်တီထွင်မှုနှင့် တန်ဖိုးပေါင်းထည့်မှုတို့ဖြစ်စေနိုင်သော အပြိုင်အဆိုင် လုပ်ကိုင်ကြသည့် ပတ်ဝန်းကျင်ကို တည်ဆောက်ခြင်းဖြစ်ပါသည်။

၄၈။ **တန်ဖိုးကွင်းဆက်များအတွင်း ပေါင်းစည်းပါဝင်ခြင်း** - ထုတ်လုပ်မှုကွန်ရက်များမှာ ဒေသအဆင့်နှင့် ကမ္ဘာ့အဆင့် တန်ဖိုးကွင်းဆက်များအဖြစ် စုဖွဲ့တည်ရှိနေပါသည်။ စီးပွားရေးအရအောင်မြင်သော နိုင်ငံများအနေဖြင့် အခြေခံအဆောက်အဦနှင့် လူ့စွမ်းအားအရင်းအမြစ် တည်ဆောက်ပြီး နိုင်ငံတကာလုပ်နည်းလုပ်ဟန်အတိုင်း လုပ်ဆောင်ခြင်းဖြင့် မိမိတို့နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ ချိတ်ဆက်ထုတ်လုပ်နိုင်ရန်နှင့် တန်ဖိုးကွင်းဆက်တွင် တစ်ဖြည်းဖြည်း အထက်သို့ တက်လှမ်းနိုင်ရန် လုပ်ဆောင်ကြပါသည်။

၄၉။ **ပြည်တွင်းပြုပြင်ပြောင်းလဲရာတွင် လမ်းညွှန်အဖြစ် နိုင်ငံတကာ ကုန်သွယ်မှု ကတိကဝတ်များကို အသုံးပြုခြင်း** - ကုန်သွယ်မှုသဘောတူညီချက်များမှာ နိုင်ငံအနေဖြင့် လွတ်လပ်ခွင့်ပြုခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်းအတွက် အချိန်ဇယားတစ်ရပ်အတိုင်းဆောင်ရွက်ရန် ကတိကဝတ်ပြုခြင်းဖြစ်ပါသည်။ ကုန်သွယ်မှုသဘောတူညီချက်တွင် ပါဝင်သောနိုင်ငံများ အနေဖြင့် ထင်သာမြင်သာရှိပြီး ကြိုတင်ခန့်မှန်းနိုင်သော စည်းမျဉ်းအခြေပြု အုပ်ချုပ်စီမံမှုတည်ဆောက်ရာတွင် နိုင်ငံတကာ စံနှုန်းများနှင့် လုပ်နည်းလုပ်ဟန်များကို လိုက်နာဆောင်ရွက်ကြရန် သတ်မှတ်ထားပါသည်။ စီးပွားရေးအရ အောင်မြင်သောနိုင်ငံများသည် ယင်းစံနှုန်းများနှင့် လိုအပ်ချက်များကို အကျိုးရှိစွာအသုံးပြုလျက် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပုဂ္ဂလိကကဏ္ဍ ကြီးထွားမှုကို လွယ်ကူချောမွေ့စေသော စီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင်ကိုတည်ဆောက်ကြပါသည်။

၅၀။ **အန္တရာယ်ကျရောက်/ဆုံးရှုံးနိုင်မှုကို စီမံခန့်ခွဲပြီး အများပါဝင်နိုင်စေခြင်း** - ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်စေရန် ပြည့်မီရမည့်အကြောင်းအချက်တစ်ရပ်မှာ နိုင်ငံရေးနှင့် စီးပွားရေး တည်ငြိမ်မှုရှိရန်ဖြစ်ပါသည်။ တည်ငြိမ်မှုအတွက် အရေးပါသော အစိတ်အပိုင်းမှာ ဘဝရပ်တည်ရန် ခက်ခဲသောအုပ်စုများ - အထူးသဖြင့် အမျိုးသမီးများနှင့်

တိုင်းရင်းသားအုပ်စုများအား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ခြင်းကြောင့်ဖြစ်ပေါ်လာသည့် အကျိုးကျေးဇူးများမှ မျှတသောဝေစုကို ရရှိစေရန်ဖြစ်ပါသည်။

## ပြုပြင်ပြောင်းလဲမှုများကို အကဲဖြတ်ခြင်း

၅၁။ **ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို လွယ်ကူစေခြင်း** - မြန်မာနိုင်ငံသည် ၂၀၁၁ခုနှစ်မှစ၍ ကုန်သွယ်မှု လွယ်ကူ ချောမွေ့စေရန် ထိရောက်သော အစီအမံများလုပ်ဆောင်ခဲ့ပါသည်။ ယင်းတို့တွင် (၁) အမျိုးသားပို့ကုန်မဟာဗျူဟာကို အတည်ပြုလျက် အကောင်အထည်ဖော်ရန် ကနဦးလုပ်ငန်းများလုပ်ဆောင်ခြင်း (၂) လိုင်စင်ရယူရန် လိုအပ်သည့် သွင်းကုန် အရေအတွက်ကိုလျှော့ချခြင်း (၃) ပို့ကုန်အများစုအတွက် လိုင်စင်ရယူရန်လိုအပ်ချက်ကိုပယ်ဖျက်ခြင်း နှင့် (၄) ရေလမ်းနှင့် ကုန်းလမ်းဆိုင်ရာ အကောက်ခွန်ဥပဒေစည်းမျဉ်းများကို ပြုပြင်ပြောင်းလဲခြင်းတို့ပါဝင်ပါသည်။

၅၂။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသစ်နှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေများပြဋ္ဌာန်းပြီးနောက် ရင်းနှီးမြှုပ်နှံမှုမှာ ပိုမိုလွယ်ကူလာပါသည်။ ယင်းအပြောင်းအလဲများကြောင့် မှတ်ပုံတင်ထားသောကုမ္ပဏီများမှာ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ၃၀၄၀၇ ရှိရာမှ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၅၈၇၈၉ (စုပေါင်း)သို့ တိုးမြင့်လာပြီး အထူးသဖြင့် ဆက်သွယ်ရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍတွင် အရေးပါသော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အရင်းအမြစ်သစ်များပေါ်ပေါက်လာပါသည်။

၅၃။ **တန်ဖိုးကွင်းဆက်များအတွင်း ပေါင်းစည်းပါဝင်ခြင်း** - မြန်မာနိုင်ငံသည် ပို့ကုန်ဈေးကွက်အများစုနှင့် ပုံမှန် ကုန်သွယ်ရေးဆက်ဆံမှုများ ပြန်လည်တည်ထောင်ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ဥရောပသမဂ္ဂနိုင်ငံများနှင့်လည်း အထူးကုန်သွယ်ခွင့်အခွင့်အရေး (Generalized System of Preferences)အရ ကုန်သွယ်နိုင်ပါသည်။ ယင်းစနစ်မှာ လက်နက်ခဲယမ်းများမှလွဲ၍ မြန်မာနိုင်ငံမှ သွင်းကုန်အားလုံးအတွက် သွင်းကုန်ခွန် 0% ခွင့်ပြုပေးခြင်းဖြစ်ပါသည်။ ဈေးကွက်တင်ပို့နိုင်မှု ပိုမိုကောင်းမွန်လာခြင်းနှင့် ပြည်တွင်းပြုပြင်ပြောင်းလဲမှုများပြုလုပ်ခြင်းရလဒ်အဖြစ် မြန်မာနိုင်ငံက နှိုင်းရ အားသာချက်ရှိသောကဏ္ဍများတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့တိုးတက်ပြီး စုံလင်များပြားလာပါသည်။ အမျိုးသား ပို့ကုန်မဟာဗျူဟာအရ နိုင်ငံတော်အစိုးရသည် အဓိကပို့ကုန်များအတွက် တန်ဖိုးကွင်းဆက်များဖွံ့ဖြိုးရေး၊ ကုန်သွယ်မှု မြှင့်တင်ရေး စွမ်းဆောင်ရည်နှင့် ကွန်ရက်များတည်ဆောက်ပြီး ဖွံ့ဖြိုးတိုးတက်ရေးကို ပုဂ္ဂလိကကဏ္ဍနှင့်အတူ လုပ်ဆောင်လျက်ရှိပါသည်။

၅၄။ **ပြည်တွင်းပြုပြင်ပြောင်းလဲရာတွင် လမ်းညွှန်အဖြစ် နိုင်ငံတကာ ကုန်သွယ်မှု ကတိကဝတ်များကို အသုံးပြုခြင်း** - မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ World Trade Organization (WTO) တည်ထောင်စဉ်ကပင် ပါဝင်ခဲ့သော အဖွဲ့ဝင်နိုင်ငံဖြစ်ပါသည်။ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)တွင်လည်း အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ပါသည်။ အာဆီယံ၏ ပိုမိုကျယ်ပြန့်သော လွတ်လပ်စွာကုန်သွယ်ရေးသဘောတူစာချုပ်များ (ASEAN+)တွင်လည်း အဖွဲ့ဝင်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုစာချုပ် ၁၀ ခုကိုလည်း မြန်မာနိုင်ငံအနေဖြင့် လက်မှတ်ရေးထိုးထားပါသည်။ ယင်းကုန်သွယ်မှုသဘောတူစာချုပ်များအားလုံး၏ရလဒ်အဖြစ် မြန်မာနိုင်ငံသည် အာဆီယံနှင့် ASEAN+ ကတိကဝတ်များနှင့်အညီ သွင်းကုန်ခွန်များကို လျှော့ချလျက်ရှိပါသည်။ အာဆီယံနှင့် ASEAN+ လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူစာချုပ် (FTA) များတွင် ပါဝင်သည့် သွင်းကုန်ခွန်လျှော့ချရေး အချိန်ဇယားအတိုင်း ဆောင်ရွက်ခြင်းမှတပါး မြန်မာနိုင်ငံ၏ နိုင်ငံတကာ ကုန်သွယ်မှုကတိကဝတ်များမှာ များသောအားဖြင့် "အကောင်းဆုံးကြိုးပမ်းဆောင်ရွက်ရေး" ကတိကဝတ်များ ဖြစ်ပါသည်။

## ကျန်ရှိနေသော ပြုပြင်ပြောင်းလဲရေး လစ်ဟာချက်များနှင့် စိန်ခေါ်မှုများ

၅၅။ **ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို လွယ်ကူစေခြင်း** - HS code[1] ရှိသော ပစ္စည်း ၅၀%ကျော်မှာ သွင်းကုန်လိုင်စင်လိုအပ်ပါသည်။ ယင်းမှာ နိုင်ငံတကာ စံနှုန်းထက်များစွာ ပိုမိုများပြားနေပါသည်။ အကောက်ခွန်နှင့် ကုန်သွယ်မှုစည်းမျဉ်းလိုက်နာစေရေး အရေးယူဆောင်ရွက်ရာတွင် ထင်သာမြင်သာမရှိမှု၊ တစ်ပြေးညီမဖြစ်မှုနှင့် ကြိုတင်မခန့်မှန်းနိုင်မှုတို့သည် တရားဝင်ကုန်သွယ်မှုအတွက် အဓိက ပြဿနာဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများအနေဖြင့် အလွတ်သဘော စီးပွားရေး

[1] နိုင်ငံတကာတွင် ကုန်သွယ်သော ထောင်ပေါင်းများစွာသောကုန်ပစ္စည်းများကို အုပ်စုခွဲလျက် သတ်မှတ်ပေးသည့် ကမ္ဘာ့အကောက်ခွန်အဖွဲ့ သင်္ကေတများဖြစ်ပါသည်။

တွင် ပါဝင်လုပ်ကိုင်လာကြပြီး ပြည်တွင်းဈေးကွက်တွင် မကောင်းမွန်သော ပြိုင်ဆိုင်မှုဖြစ်ပေါ်လာရခြင်း အကြောင်းရင်းများ အနက် တစ်ရပ်လည်းဖြစ်ပါသည်။

၅၆။ အကောက်ခွန်နှင့် ကုန်သွယ်မှုလုပ်ငန်းများမှာ ဝန်ထုပ်ဝန်ပိုးဖြစ်စေပြီး စက်ကိရိယာ နည်းပညာအကူအညီမပါဘဲ နှေးကွေးစွာလုပ်ဆောင်ခြင်းဖြစ်ပါသည်။ အဖွဲ့အစည်းဌာနချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုအားနည်းခြင်း၊ အကောက်ခွန်ဦးစီးဌာနတွင် စွမ်းဆောင်ရည်နိမ့်ကျခြင်းတို့၏ ရလဒ်ဖြစ်ပါသည်။ ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုများ ညံ့ဖျင်းပြီး ကုန်ကျစရိတ်ကြီးမြင့်ပါသည်။ ကုန်သွယ်မှုနှင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းများမှာရှုပ်ထွေးပြီး တရားဝင်ကုန်သွယ်မှု အပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေပါသည်။ ကုန်သွယ်မှုအထူးအခွင့်အရေးများကို ကုမ္ပဏီများ မခံစားနိုင်ရန် တားဆီးပိတ်ပင်ထားသကဲ့သို့ ဖြစ်ပါသည်။ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် အပင်ထွက်ပစ္စည်းများ သန့်ရှင်းရေးအစီအမံများ၊ ကုန်သွယ်မှုဆိုင်ရာနည်းပညာအတားအဆီးများ၊ ဉာဏပိုင်ဆိုင်ပစ္စည်းအခွင့်အရေးများနှင့် ကုန်သွယ်မှု ကုစားမှုများကဲ့သို့သော အဓိကနယ်ပယ်များတွင်ကုန်သွယ်မှုစည်းမျဉ်းများနှင့် လိုက်နာစေရေး အရေးယူဆောင်ရွက်ခြင်းတို့မှာအလွန်နည်းပါးပါသည်။ သို့မဟုတ် လုံးဝမရှိပါ။ ယင်းနည်းလမ်းကိရိယာများမရှိပါက မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းတွင် ထုတ်လုပ်သောပစ္စည်းများ၏ အရည်အသွေး တိုးတက်ကောင်းမွန်လာစေရန်လည်းကောင်း၊ ကောင်းမွန်ပြီး ပြိုင်ဆိုင်နိုင်သော ပတ်ဝန်းကျင် ဖြစ်ပေါ်စေရန်လည်းကောင်း၊ ထိခိုက်စေနိုင်သောပစ္စည်းများ ပြည်တွင်းသို့ မဝင်ရောက်စေရန်လည်းကောင်းတို့တွင် အခက်အခဲရှိပါမည်။

၅၇။ ယခုအခါ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုအတွက်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအစီအစဉ် ၂မျိုး ခွဲခြားထားခြင်းမှာ ရင်းနှီးမြှုပ်နှံမှု တိုးတက်များပြားစေရေးကို အထောက်အကူမပြုပါ။ ကဏ္ဍတစ်ခုတွင်ရှိသော စီးပွားရေးလုပ်ငန်းများကို အကာအကွယ်ပေးရန် ကန့်သတ်ချက်များပြုလုပ်ခြင်းသည် မကြာခဏ အခြားကဏ္ဍများရှိ စီးပွားရေးလုပ်ငန်းများအတွက် ထိခိုက်မှုနှင့် အခက်အခဲများဖြစ်စေတတ်ပါသည်။ ပြည်တွင်းကုမ္ပဏီများ ကြီးထွားရန်လိုအပ်သော နိုင်ငံခြား ငွေရင်းငွေနှီးနှင့် နည်းပညာတို့ရရှိရေးကိုလည်း တားဆီးပိတ်ပင်တတ်ပါသည်။ ဥပမာ ပြည်တွင်းကုမ္ပဏီများသည် နိုင်ငံခြားဘဏ်များမှ ငွေမချေးနိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် နိုင်ငံတော်အစိုးရခွင့်ပြုချက်မပါရှိဘဲ ပြန်လည်မှတ်ပုံတင်ခြင်းမပြုဘဲ ပြည်တွင်းကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံမှုမပြုနိုင်ခြင်းများဖြစ်ပါသည်။

၅၈။ ကုမ္ပဏီစတင်တည်ထောင်ရန် အချိန်ကြာမြင့်ခြင်းနှင့် စရိတ်ကြီးမြင့်ခြင်းတို့ကိုလျှော့ချရေးမှာ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးအတွက် အရေးပါသောလုပ်ငန်းအဆင့်ဖြစ်ပါသည်။ လုပ်ငန်းများကို လျင်မြန်စွာ စတင် လုပ်ဆောင်နိုင်လေလေ၊ အလုပ်အကိုင်ဖန်တီးမှုနှင့် တန်ဖိုးပေါင်းထည့်မှုတို့ကို ဆောလျင်စွာလုပ်ဆောင်နိုင်လေလေဖြစ်ပါမည်။ သို့ရာတွင် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရေးအတွက် ခွင့်ပြုချက်ရယူရသည့်စနစ်များမှာ များစွာ ယခုထက်ပိုမိုကောင်းမွန်ရန် လိုအပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် လုပ်ငန်းစတင်လုပ်ဆောင်ရန်အတွက် ကုန်ကျစရိတ်နှင့် ကြာမြင့်ချိန်တို့မှာ ကမ္ဘာပေါ်တွင် အမြင့်မားဆုံး စာရင်းဝင်နေပါသည်။ (ကမ္ဘာ့ဘဏ်အုပ်စုကထုတ်ပြန်သော *စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ခြင်း ၂၀၁၆ခုနှစ်* အစီရင်ခံစာပါ “လုပ်ငန်းစတင်လုပ်ဆောင်ခြင်း” အညွှန်းကိန်းအရ မြန်မာနိုင်ငံသည် နိုင်ငံပေါင်း ၁၈၉ နိုင်ငံအနက် အဆင့် ၁၆၀ ဖြစ်ပါသည်။) ကုမ္ပဏီမှတ်ပုံတင်ခြင်းမှာ သက်တမ်း ၅နှစ်သာရှိပါသည်။ စက်ရုံလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းနှင့် အခြားကဏ္ဍအသီးသီးတွင် လုပ်ငန်းများမစတင်မီ ခွင့်ပြုချက် ပါမစ် ရယူရပါသည်။ ခွင့်ပြုချက်လိုင်စင်စနစ်ကို တင်းကြပ်စွာ ကျင့်သုံးခြင်းကြောင့် မြန်မာနိုင်ငံသည် အရှေ့အာရှနှင့် ပစိဖိတ်နိုင်ငံများအနက် စီးပွားရေးလုပ်ငန်းများ သိပ်သည်းဆ အနည်းဆုံးဖြစ်ပါသည်။ (အလုပ်လုပ်သော အသက်အရွယ် (၁၅နှစ်မှ ၆၄နှစ်) လူ ၁၀၀၀ ရှိသော ကုမ္ပဏီသစ် ၂.၁ သာ ရှိပါသည်။) နိုင်ငံအများစုတွင် အရေးပါသောကဏ္ဍအနည်းငယ်ကိုချန်လှပ်၍ ကုမ္ပဏီငယ်များကို လွတ်လပ်စွာ စတင် လုပ်ငန်းဆောင်ရွက်ခွင့်ပြုပါသည်။ ကုမ္ပဏီမှတ်ပုံတင်သက်တမ်းမှာလည်း လုပ်ငန်းများလုပ်ဆောင်နေသရွေ့ သက်တမ်းရှိပါသည်။

၅၉။ လက်ရှိစည်းမျဉ်းထိန်းချုပ်သောချဉ်းကပ်ပုံမှာ ကောင်းမွန်သောယှဉ်ပြိုင်မှုကိုခွင့်ပြုသည့် ထင်သာမြင်သာရှိပြီး ကြိုတင်ခန့်မှန်းနိုင်သော စည်းမျဉ်းထိန်းချုပ်မှုမူဘောင်ကိုဖော်ဆောင်ရမည့်အစား ဈေးကွက်သို့ဝင်ရောက်ရာတွင် လိုင်စင်ရယူရေးကို အဓိကထားပါသည်။ ဝန်ဆောင်မှုဖြည့်ဆည်းပေးသူများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ကန့်သတ်ထားပါသည်။ ယင်းကန့်သတ်ချက်များနှင့် စည်းမျဉ်းထိန်းချုပ်မှုများလွန်းခြင်းကြောင့် စည်းမျဉ်းထိန်းချုပ်သူများက သင့်တော်သလို ဆောင်ရွက်ခြင်းများ ဖြစ်လာပါသည်။ မြန်မာနိုင်ငံအနေဖြင့် ယှဉ်ပြိုင်နိုင်မှုပျက်ပြားပါသည်။ အစိုးရတွင်ရှိသော အကန့်အသတ်ရှိသည့် အရင်းအမြစ်များမှာ ခွင့်ပြုချက်ပေးခြင်းနှင့် ကန့်သတ်ချက်အတိုင်း အရေးယူဆောင်ရွက်ခြင်းအတွက် အသုံးပြုရပါသည်။

နောက်ဆုံးရလဒ်မှာ ရင်းနှီးမြှုပ်နှံသူများနှင့် ကုန်သွယ်မှုလုပ်ငန်းလုပ်ကိုင်သူများအတွက် အန္တရာယ်ကျရောက်နိုင်မှု/ အရှုံးပေါ်နိုင်မှုနှင့် ကုန်ကျစရိတ် ကြီးမားခြင်းပင်ဖြစ်ပါသည်။

၆၀။ **တန်ဖိုးကွင်းဆက်များနှင့် ချိတ်ဆက်လျက် ပေါင်းစည်းပါဝင်ခြင်း** - အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးပိတ်ဆို့မှုများသည် မြန်မာနိုင်ငံအတွက် အရေးပါသောအဟန့်အတားအဖြစ် ဆက်လက်တည်ရှိနေပါသည်။ အစိုးရ အနေဖြင့် ပိတ်ဆို့မှုများဖယ်ရှားရေးကို ဦးစားပေးသတ်မှတ် လုပ်ဆောင်သင့်ပါသည်။ လမ်းများနှင့် ဆိပ်ကမ်းများကဲ့သို့သော အခြေခံအဆောက်အဦများ ညံ့ဖျင်းခြင်းမှာလည်း စီးပွားရေးပေါင်းစည်းနိုင်ရန် အဓိက စိန်ခေါ်မှုအခက်အခဲဖြစ်ပါသည်။ ပြည်ပတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ရန် ငွေကြေးပံ့ပိုးမှုနှင့် လူ့စွမ်းအားအရင်းအမြစ်များမရှိခြင်းသည်လည်း အလားတူ စိန်ခေါ်မှုအခက်အခဲဖြစ်ပါသည်။ ယင်းပြဿနာများကို ထိရောက်စွာဖြေရှင်းဆောင်ရွက်ရန် ဗဟိုအစိုးရနှင့် နယ်မြေခံအစိုးရ များ၊ ပုဂ္ဂလိကကဏ္ဍတို့အကြား ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါသည်။

၆၁။ မြန်မာနိုင်ငံသည် နိုင်ငံခြားနှင့် ပြည်တွင်း စီးပွားရေးလုပ်ငန်းများအကြား ချိတ်ဆက်လုပ်ဆောင်ရန် ဆွဲဆောင်သည့် မူဝါဒနှင့် လုပ်ငန်းစဉ်များလည်း လိုအပ်ပါသည်။ လက်ရှိ စည်းမျဉ်းထိန်းချုပ်သည့်စနစ်နှင့် အရေးယူမှု တစ်ပြေးညီ မဖြစ်ခြင်းတို့ကြောင့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းများသည် တန်ဖိုးကွင်းဆက်များအတွင်း မပါဝင်နိုင်ဘဲ နိုင်ငံအတွင်းတွင် တန်ဖိုးပေါင်းထည့်နိုင်မှု နည်းပါးနေပါသည်။ နယ်စပ်တွင် အဝင်အထွက်လုံခြုံစေရန် အရေးယူဆောင်ရွက်ခြင်းမရှိသဖြင့် စီးပွားရေးလုပ်ငန်းများသည် စည်းမျဉ်းထိန်းချုပ်ခြင်းမရှိသော ကုန်သွယ်မှုမပြုလုပ်ပါက ပြိုင်ဆိုင်နိုင်မှုမရှိတော့ဘဲ နှမ်းနှင့် ပဲမျိုးစုံကဲ့သို့သော ဂယ်လိုအားများပြားသည့် ထုတ်ကုန်ကွင်းဆက်များတွင် မပါဝင်နိုင်ဘဲဖြစ်နေပါသည်။ အလားတူ အထည်ချုပ်ကဏ္ဍမှာလည်း ပြည်တွင်းတွင်အထည်ချုပ်ခြင်းကို တန်ဖိုးပိုမိုမြင့်မားသော တန်ဖိုးပေါင်းထည့်နိုင်သည့် လုပ်ငန်းများထက် သာလွန်၍ အခွင့်အရေးပေးသော သွင်းကုန်ခွန်ကြောင့် အကန့်အသတ်ဖြစ်နေပါသည်။ တန်ဖိုးကွင်းဆက်များတွင် ပါဝင်ရန်နှင့် ပိုမိုမြင့်မားသော တန်ဖိုးကွင်းဆက်များသို့တက်လှမ်းရန်အတွက် နိုင်ငံတော်အစိုးရပိုင်းနှင့် ပုဂ္ဂလိကကဏ္ဍ နှစ်ရပ်လုံး စွမ်းဆောင်ရည် ပိုမိုမြင့်မားရန်လိုအပ်ပါမည်။ တန်ဖိုးကွင်းဆက်အတွင်း ပေါင်းစည်းပါဝင်ရေး အားပေးမြှင့်တင်ရန် ပူးပေါင်း ဆောင်ရွက်နိုင်စွမ်းလည်း တိုးတက်ကောင်းမွန်ရပါမည်။ ယင်းသို့ တိုးတက်ကောင်းမွန်စေရန် လုပ်ဆောင်ခြင်းဖြင့် အလုပ်သမားများအတွက် ဝင်ငွေတိုးတက်လာပြီး မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု လျော့နည်းကျဆင်းရေးကို တိုက်ရိုက်အထောက်အကူပြုပါမည်။

၆၂။ **ပြည်တွင်းပြုပြင်ပြောင်းလဲရာတွင် လမ်းညွှန်အဖြစ် နိုင်ငံတကာ ကုန်သွယ်မှု ကတိကဝတ်များကို အသုံးပြုခြင်း** - ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO) သဘောတူညီချက်များသည် စည်းမျဉ်းထိန်းချုပ်ရာတွင် သီးခြားလွတ်လပ်ခြင်း၊ စည်းမျဉ်းစည်းကမ်းများမှာ ထင်သာမြင်သာရှိပြီး "လိုအပ်သည်ထက် ပိုမို၍ ဂန်ထုပ်ဂန်ပိုးမဖြစ်စေခြင်း"၊ စည်းမျဉ်း စည်းကမ်းများကို ကြိုတင်ခန့်မှန်းနိုင်ပြီး ဘက်မလိုက်သောနည်းလမ်းဖြင့် အရေးယူဆောင်ရွက်ခြင်းတို့ကဲ့သို့သော ထင်သာမြင်သာရှိပြီး စည်းမျဉ်းအခြေပြု အဓိကမူများကို အားပေးမြှင့်တင်ပါသည်။ သို့ရာတွင် မြန်မာနိုင်ငံသည် စည်းမျဉ်းထိန်းချုပ်ရေး မူဘောင်ကို ရေးဆွဲရာ၌ ယင်းမူများကို အသုံးပြုခြင်းမရှိပါ။ စာချုပ်စာတမ်းများကို လမ်းညွှန်အဖြစ် အသုံးပြုလျက် လွတ်လပ်ခွင့်ပြုရေး ရှင်းလင်းသော အချိန်ဇယားမရှိခြင်းကြောင့် မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လွတ်လပ်ခွင့်ပြုရေးမှာ စနစ်တကျမရှိပါ။

၆၃။ **အန္တရာယ်ကျရောက်/ဆုံးရှုံးနိုင်မှုကိုစီမံခန့်ခွဲပြီး အများပါဝင်နိုင်စေခြင်း** - ရွေးကောက်ပွဲပြုလုပ်ခဲ့ခြင်းနှင့် အများပါဝင်သော လွတ်လပ်ခွင့်ပြုခြင်းတို့မှ ပြုပြင်ပြောင်းလဲမှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းရန်လိုအပ်ပါသည်။ လွန်ခဲ့သော ၅နှစ်အတွင်း စီးပွားရေးကြီးထွားမှု အားကောင်းခဲ့သော်လည်း ငွေကြေးဖောင်းပွမှု၊ ကျပ်ငွေတန်ဖိုး ကျဆင်းမှုနှင့် အိမ်ခြံမြေဈေးနှုန်းများ အဆမတန်ကြီးမြင့်ခြင်းတို့အားလုံးမှာ စီးပွားရေးအရ အန္တရာယ်ဖြစ်ပွားနိုင်ပါသည်။ မြန်မာနိုင်ငံ ၏ စီးပွားရေးမှာ ပိုမိုပွင့်လင်းလာပြီး ပေါင်းစည်းပါဝင်မှု များပြားလာခြင်းကြောင့် မက်ခရိုစီးပွားရေး ဆက်လက် တည်ငြိမ်စေရန် စေ့စီးစွာ လုပ်ဆောင်နိုင်စွမ်းရှိရေးမှာ ကြီးမားသော စိန်ခေါ်မှု အခက်အခဲဖြစ်ပါသည်။ ဤအကြောင်းကြောင့် လည်းကောင်း၊ အခြားအကြောင်းများကြောင့်လည်းကောင်း စီးပွားရေးဆိုင်ရာအချက်အလက်များ များစွာ ပိုမိုကောင်းမွန်စေရန် လိုအပ်ပါသည်။ သို့မှသာ မူဝါဒချမှတ်သူများနှင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် အချက်အလက်အပေါ် အခြေခံသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ပါမည်။ လုပ်ငန်းအစီအစဉ်များကိုရေးဆွဲရာတွင် ကုန်သွယ်မှု လွတ်လပ်ခွင့်ပြုခြင်းနှင့် ဖွံ့ဖြိုးမှု၏ အကျိုးကျေးဇူးများကို ကျေးလက်နေပြည်သူများနှင့် အမျိုးသမီးများကဲ့သို့သော သတ်သတ်မှတ်မှတ်ဖြစ်သောအုပ်စုများအနေဖြင့် မျှတသည့်အချိုးအစားဖြင့် ရရှိခံစားနိုင်ရေးကိုလည်းလုပ်ဆောင်ရပါမည်။

**ဆက်လက်ဆောင်ရွက်ရာတွင် ဦးစားပေးရမည့် ကိစ္စရပ်များ**

- ပြုပြင်ပြောင်းလဲမှုများကို ရေရှည်တည်တံ့နိုင်စေခြင်း၊ တိုးမြှင့်ဆောင်ရွက်ခြင်းနှင့် ယခင်အစိုးရမှ ၂၀၁၅ခုနှစ် နိုဝင်ဘာလတွင် ရွေးကောက်တင်မြှောက်ခံရသောအစိုးရသို့ အသွင်ကူးပြောင်းရာတွင် တည်ငြိမ်မှုကိုထိန်းသိမ်းခြင်း
- လုပ်ငန်းစဉ်ဆိုင်ရာ သတင်းအချက်အလက်များနှင့် အဓိကအရေးပါသော ကုန်ကျစရိတ်များကို ထုတ်ပြန်ခြင်း အပါအဝင် စီးပွားရေးလုပ်ငန်းနှင့် အကောက်ခွန် စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းထိန်းချုပ်ရေး လုပ်နည်းလုပ်ဟန်များကို ရှင်းလင်း လွယ်ကူစေခြင်း
- စီးပွားရေးလုပ်ငန်းများ တိုးတက်ကြီးထွားရေး၊ ချိတ်ဆက်မှုများရှိစေရေး၊ ပြည်တွင်း တန်ဖိုးပေါင်းထည့်နိုင်ရေး၊ ဆွဲဆောင်မှုရှိစေရန်နှင့် စည်းမျဉ်းထိန်းချုပ်ရာတွင် ချင့်ချိန်ဆောင်ရွက်ခွင့် လျော့နည်းစေရန် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှု ကန့်သတ်ချက်များကို လျှော့ချခြင်း
- ထင်သာမြင်သာရှိမှု၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုနှင့် ဝန်ဆောင်မှု ဖြည့်ဆည်းပေးမှုတို့ကို အဆင့်မြှင့်တင်ရန် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (အိုင်စီတီ)ကို အသုံးပြုခြင်း

**ကဏ္ဍ ၃ လုပ်ငန်းစီမံချက် - ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ခြင်း**

| | **ကာလတို လုပ်ငန်းများ (ပထမနှစ်မှ ဒုတိယနှစ်) အခြေခံဦးစားပေးများ** | **ကာလရှည် လုပ်ငန်းများ (တတိယနှစ်မှ ပဉ္စမနှစ်) အရှိန်အဟုန်မြှင့်တင်ခြင်း/ ကြီးထွားခြင်း** |
|---|---|---|
| **မျှော်မှန်းချက်** - *အများပါဝင်ပြီး ရေရှည်တည်တံ့နိုင်သော နည်းလမ်းဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ကြီးထွားစေရန် ခိုင်မာသော ပတ်ဝန်းကျင်ဖန်တီးခြင်း* | | |
| **မဟာဗျူဟာ ထွက်ပေါ်ရလဒ် ၁** - ကုန်သွယ်မှု လျင်မြန်စွာ တိုးတက်ကောင်းမွန်လာစေရန် ကူညီပံ့ပိုးခြင်း | • စည်းမျဉ်းထိန်းချုပ်ရာတွင် ချင့်ချိန် ဆောင်ရွက်နိုင်မှု လျော့နည်းစေရန်နှင့် အကောက်ခွန် ရှင်းလင်းသည့် ကုန်ကျစရိတ်/အချိန် လျော့နည်းသက်သာစေရန် ကုန်သွယ်မှုနှင့် အကောက်ခွန်စည်းမျဉ်းများ လုပ်ထုံးလုပ်နည်းများကို လွယ်ကူရိုးရှင်းစေခြင်း<br>• ကုန်သွယ်မှု လမ်းညွှန်ဂက်ဘ်ဆိုက်တွင် ကုန်သွယ်မှုနှင့် အကောက်ခွန် လုပ်ထုံးလုပ်နည်းများ/စည်းမျဉ်းများဆိုင်ရာ ရှင်းလင်းသော လမ်းညွှန်ချက်များဖော်ပြထားခြင်း<br>• ကုန်သွယ်မှုကို အုပ်ချုပ်စီမံရာတွင် ပါဝင်သော အဖွဲ့အစည်းများ အားလုံးအနေဖြင့် သတင်းအချက်အလက် မျှဝေနိုင်ပြီး အမျိုးသားအဆင့် တစ်နေရာတည်း ဝန်ဆောင်မှုပေးသောဌာနနှင့် အီလက်ထရောနစ် အကောက်ခွန် စနစ်မှတဆင့် စီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှုပေးနိုင်ရန် အီလက်ထရောနစ် အစိုးရဝန်ဆောင်မှုများ အတွက် ရင်းနှီးမြှုပ်နှံခြင်း | • အကောက်ခွန်နှင့် ကုန်သွယ်မှု စည်းမျဉ်းများအတိုင်း အရေးယူ ဆောင်ရွက်ရာတွင် တစ်ပြေးညီဖြစ်မှုနှင့် ကြိုတင်ခန့်မှန်းနိုင်မှု ရှိစေရန် အကောက်ခွန်နှင့် ဆက်စပ်အဖွဲ့အစည်း ဝန်ထမ်းများ၏ အန္တရာယ် ကျရောက်နိုင်မှု စီမံခန့်ခွဲမှုနှင့် နည်းပညာပိုင်းစွမ်းဆောင်ရည်ကို ဖွံ့ဖြိုးတိုးတက်စေခြင်း<br>• ပုဂ္ဂလိကကဏ္ဍမှ ပါဝင်လျက် အမျိုးသားအဆင့် ကုန်စည် စီးဆင်းမှု လွယ်ကူချောမွေ့စေရေးကော်မတီ ဖွဲ့စည်းခြင်းဖြင့် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ (WTO)၏ ကုန်စည် စီးဆင်းမှု လွယ်ကူချောမွေ့စေရေး သဘောတူညီချက်ကို အကောင်အထည်ဖော်ခြင်း<br>• အကောက်ခွန်နှင့် အခွန် အချက်အလက် မှတ်တမ်းစု (database) များကို ချိတ်ဆက်ခြင်းဖြင့် လုပ်ငန်းများ၏ အုပ်ချုပ်စီမံမှု ကုန်ကျစရိတ်ကို လျော့နည်းစေခြင်း |

| | ကာလတို လုပ်ငန်းများ (ပထမနှစ်မှ ဒုတိယ နှစ်) အခြေခံဦးစားပေးများ | ကာလရှည် လုပ်ငန်းများ (တတိယနှစ်မှ ပဉ္စမ နှစ်) အရှိန်အဟုန်မြှင့်တင်ခြင်း/ ကြီးထွားခြင်း |
|---|---|---|
| | - ပုဂ္ဂလိကကဏ္ဍမှ သွင်းအားစုကို အသုံးပြုလျက် အီလက်ထရောနစ် အကောက်ခွန်နှင့် တစ်နေရာတည်း ဝန်ဆောင်မှုပေးသောဌာန ဖော်ဆောင် အကောင်အထည်ဖော်ခြင်း<br>- ကုန်သွယ်မှုလမ်းညွှန် ဝက်ဘ်ဆိုက်တွင် အကောက်ခွန်/ ကူးသန်းရောင်းဝယ်ရေး အခွန်များကို HS code သင်္ကေတအလိုက် ရှာဖွေနိုင်သော အချက်အလက် မှတ်တမ်းစု ပြုစုခြင်း<br>• ပြည်တွင်းပြည်ပ ဘဏ်များအနေဖြင့် ပိုမိုကောင်းမွန်သော ကုန်သွယ်မှုအတွက် ငွေကြေး ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးနိုင်ရန် ကန့်သတ်ချက်များကိုဖယ်ရှားခြင်း<br>• ပြဿနာ ရှာဖွေဖော်ထုတ်ရေး ကုန်သွယ်မှု ဘက်စုံ စုစည်းမှု လေ့လာချက် (DTIS) ပါ သက်ဆိုင်ရာအကြံပြုချက်များကို အကောင်အထည်ဖော်ခြင်းဖြင့် အကောက်ခွန်၊ ကုန်သွယ်မှုနှင့် ထောက်ပံ့ ပို့ဆောင်မှု ဝန်ဆောင်မှုများကိုတိုးတက်ကောင်းမွန်စေခြင်း<br>• အကောက်ခွန်မဲ့ တင်သွင်းလာသော (grey market)ပစ္စည်းများ ရောင်းဝယ်မှု လျော့နည်း ကျဆင်းစေရန် နယ်စပ်နှင့် ကုန်းတွင်း အရေးယူမှုကို အားကောင်းစေခြင်း | • |
| **မဟာဗျူဟာ ထွက်ပေါ် ရလဒ် ၂** - ပြည်တွင်း ကုမ္ပဏီများသည် စွမ်းဆောင်နိုင်ပြီး ဒေသ အဆင့်နှင့် နိုင်ငံတကာအဆင့် တန်ဖိုးကွင်းဆက် များတွင် ပါဝင်လာခြင်း | • မြန်မာကုန်သွယ်မှုဖွံ့ဖြိုးရေးကော်မတီနှင့် ယင်းကော်မတီ ရုံးအဖွဲ့ကို အားကောင်းစေလျက် ကုန်သွယ်မှု မြှင့်တင်ရေး၊ အမျိုးသားပို့ကုန် မဟာဗျူဟာ အကောင်အထည် ဖော်ရေးကို ပုဂ္ဂလိကကဏ္ဍမှ သွင်းအားစုဖြင့် ပံ့ပိုးမှုပေးခြင်း<br>• တစ်နိုင်ငံလုံးအဆင့် သွင်းကုန်ခွန်အမျိုးမျိုးမှ ပြည်တွင်းကုန်သွယ်မှု အချက်အလက်များကို အားလုံး ရရှိနိုင်ရန်ထုတ်ပြန်ခြင်းနှင့် ကုန်သွယ်မှု ကိန်းဂဏန်းနှင့် သတင်းအချက်အလက်များ အသုံးပြုမှု တိုးတက်ကောင်းမွန်စေရန် သင်တန်းပေးခြင်း<br>• လွတ်လပ်စွာ ကုန်သွယ်မှု နယ်မြေ (FTA) ဆွေးနွေးရာတွင် ပါဝင်ပြီး (ဥပမာ RCEPT) ကုန်သွယ်မှု ဆွေးနွေးရာတွင် စွမ်းဆောင်ရည် တည်ဆောက်ခြင်း | • ကုန်ပစ္စည်းတင်သွင်းသော နိုင်ငံများ၏ SPS နှင့် TBT လိုအပ်ချက်များ ပြည့်မီရေး ပြည်တွင်းလုပ်ငန်းများကို ပံ့ပိုးမှုပေးနိုင်ရန် ကုန်သွယ်မှု သတင်းအချက်အလက် ကွန်ရက်နှင့် ကုန်သွယ်မှုအသင်းများကို အားကောင်းစေခြင်း<br>• မြန်မာနိုင်ငံအတွက် SPS နှင့် TBT စည်းမျဉ်းများနှင့် အရေးယူဆောင်ရွက်ရေး စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေခြင်း<br>• လွတ်လပ်စွာ ကုန်သွယ်မှု နယ်မြေ (FTA) ဆွေးနွေးမှုများ ပြုလုပ်ခြင်း |

| | ကာလတို လုပ်ငန်းများ (ပထမနှစ်မှ ဒုတိယ နှစ်) အခြေခံဦးစားပေးများ | ကာလရှည် လုပ်ငန်းများ (တတိယနှစ်မှ ပဥ္စမ နှစ်) အရှိန်အဟုန်မြှင့်တင်ခြင်း/ ကြီးထွားခြင်း |
|---|---|---|
| | • မြန်မာနိုင်ငံတွင်တန်ဖိုးပေါင်းထည့်မှု ပိုမို လုပ်ဆောင်နိုင်ရေး အားပေးရန် အခွန်နှင့် သွင်းကုန်ခွန်စနစ်ကို ကြောင်းကျိုးဆီလျော် စေခြင်း<br>• အမျိုးသားပို့ကုန်မဟာဗျူဟာအရ အဓိက အရေးပါ သော ပို့ကုန် တန်ဖိုးကွင်းဆက် များကို အားကောင်းစေခြင်းနှင့် နိုင်ငံခြား ကုမ္ပဏီများ/ဝယ်ယူသူများနှင့် ချိတ်ဆက် မှုများ တည်ဆောက်ခြင်း<br>• ပြည်တွင်းနှင့် နိုင်ငံခြားစီးပွားရေးလုပ်ငန်း များအတွက် အခွန် ဆွဲဆောင်မှုများကို တူညီစေပြီး အရေးယူဆောင်ရွက်မှုကို အားကောင်းစေခြင်း<br>• အသင်းဝင်များအနက် အမျိုးသမီးများ အများဆုံးပါဝင်သော အသင်းများ အပါ အဝင် လုပ်ငန်းစုအသင်းများ၏ စုပေါင်း ဈေးကွက်တင်ပို့နိုင်သည့် စွမ်းဆောင်ရည် ကို တည်ဆောက်ပေးခြင်း | |
| **မဟာဗျူဟာ ထွက်ပေါ် ရလဒ် ၃** - ပြည်တွင်း လုပ်ငန်းအရေအတွက် ပိုမို၍ စည်းမျဉ်းများနှင့် အညီ လုပ်ငန်းများလုပ် ကိုင်လာကြပြီး နိုင်ငံခြား ကုမ္ပဏီများ နှင့် ချိတ်ဆက်မှုများ ပြုလုပ်ခြင်း | • ကုမ္ပဏီများအနေဖြင့် လုပ်ငန်းလိုင်စင် လျှောက်ရာတွင် လိုအပ်ချက်များနှင့် လုပ် ဆောင်ရမည့်အဆင့်များ/လုပ်ထုံးလုပ်နည်း များ ကို ကုန်ကျစရိတ် သက်သာစွာ အချိန် မကုန်ဘဲ လိုက်နာလုပ်ဆောင်နိုင်ရန် ယင်း တို့ကို ရှင်းလင်းစွာထုတ်ပြန်ကြေညာထား ခြင်း<br>• အများအယွင်း အတိမ်းအစောင်းမခံသော ကဏ္ဍအနည်းငယ်မှအပ ကဏ္ဍအားလုံးတွင် လုပ်ငန်းလိုင်စင် လိုအပ်ချက်ကို ပယ်ဖျက်ခြင်း<br>• နိုင်ငံခြားကုမ္ပဏီများအနေဖြင့် မြန်မာ မိတ်ဖက်များထံ ကျွမ်းကျင်မှုများ လွှဲပြောင်း ပေးရေး အားပေးသည့် ဆွဲဆောင်မှုများ ပေးအပ်ခြင်း<br>• ပြည်ပမှ မြန်မာများအနေဖြင့် ပြည်တွင်း လုပ်ငန်းများတည်ထောင်လုပ်ဆောင်ရန် သို့မဟုတ် ရင်းနှီးမြှုပ်နှံရန် ပိုမို လွယ်ကူ စေခြင်း<br>• စတော့အိပ်ချိန်းဝင် ကုမ္ပဏီများနှင့် joint-stock ကုမ္ပဏီများအတွက် စံနှုန်းများ ပိုမို မြင့်မားစွာ သတ်မှတ်ခြင်း၊ နိုင်ငံတကာ အတတ်ပညာရှင် ဝန်ဆောင်မှုလုပ်ငန်းများ အား ပြည်တွင်းကုမ္ပဏီများကို စာရင်း | • ကုမ္ပဏီအုပ်ချုပ်မှုနှင့် ထုတ်ဖော်မှု စည်း မျဉ်းများကို တိုးတက် ကောင်းမွန်စေခြင်း နှင့် ယင်းစည်းမျဉ်းများအတိုင်း လိုက်နာ စေရန် အရေးယူဆောင်ရွက်ခြင်း<br>• စီးပွားရေးလုပ်ငန်းများ တရားဝင် ကဏ္ဍ တွင် ပါဝင်လာရန် အားပေးပြီး အလွတ် သဘော စီးပွားရေး၏ အရွယ်အစားကို လျှော့ချရန် အခွန်ဥပဒေအတိုင်း လိုက်နာ စေရေး အရေးယူ ဆောင်ရွက်မှုကို အားကောင်းစေခြင်း<br>• ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အား ပေးရန် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် တွင် စည်းမျဉ်းထိန်းချုပ်သည့် စွမ်းဆောင် ရည် ဖွံ့ဖြိုး တိုးတက်စေခြင်း |

| | ကာလတို လုပ်ငန်းများ (ပထမနှစ်မှ ဒုတိယနှစ်) အခြေခံဦးစားပေးများ | ကာလရှည် လုပ်ငန်းများ (တတိယနှစ်မှ ပဉ္စမနှစ်) အရှိန်အဟုန်မြှင့်တင်ခြင်း/ ကြီးထွားခြင်း |
|---|---|---|
| | စစ်ဆေးရန် ခွင့်ပြုခြင်းတို့ဖြင့် ကုမ္ပဏီ အုပ်ချုပ်မှု အားကောင်းစေခြင်း<br>• ပြည်တွင်းနှင့် နိုင်ငံခြားကုမ္ပဏီများ လုပ်ငန်းဆောင်ရွက်ရသည့် အခြေအနေတန်းတူဖြစ်စေရန် ပြည်တွင်းကုမ္ပဏီများအား နိုင်ငံခြားဘဏ်များကို အသုံးပြုခွင့်ပေးခြင်း | • |
| **မဟာဗျူဟာ ထွက်ပေါ်ရလဒ် ၄** - စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရသည့် ပတ်ဝန်းကျင်တွင် ထင်သာမြင်သာရှိမှု၊ ကြိုတင်ခန့်မှန်းနိုင်မှုနှင့် အရည်အသွေး တိုးတက်ကောင်းမွန်လာခြင်း | • လုပ်ငန်းများအနေဖြင့် စည်းမျဉ်း လိုက်နာနိုင်ရန်၊ စည်းမျဉ်းထိန်းချုပ်သူအနေဖြင့် ချင့်ချိန် ဆောင်ရွက်နိုင်မှု လျှော့ချရန်နှင့် မျှတသော ပြိုင်ဆိုင်မှုကို အားပေးမြှင့်တင်ရန် စည်းမျဉ်းထိန်းချုပ်သည့် လုပ်ငန်းစဉ်များနှင့် နည်းဥပဒေများကို ပုံနှိပ် ထုတ်ဝေခြင်းနှင့် ရှင်းလင်းဖော်ပြခြင်း<br>• မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ပတ်ဝန်းကျင် အရည်အသွေး တိုးတက်ကောင်းမွန်စေရန် ပြည့်စုံသော စည်းမျဉ်းထိန်းချုပ်မှု ပြုပြင်ပြောင်းလဲရေး လုပ်ငန်းအစီအစဉ်ကို ရေးဆွဲပြီး စတင်ကျင့်သုံးခြင်း၊ စည်းမျဉ်း ထိန်းချုပ်မှုဆိုင်ရာ ကုန်ကျစရိတ်များဆန်းစစ်ချက်၊ အရေးယူ ဆောင်ရွက်နိုင်မှု စွမ်းဆောင်ရည်နှင့် နိုင်ငံတကာ အညွှန်းကိန်းများအပေါ် အခြေခံခြင်း<br>• ပုဂ္ဂလိကကဏ္ဍ သုတေသနအကြံပေးအဖွဲ့ (think tank)တစ်ရပ် တည်ထောင်ပြီး ပုဂ္ဂလိက ကဏ္ဍ ပြုပြင်ပြောင်းလဲရေး စီစဉ်ဆောင် ရွက်ရန် နိုင်ငံတော် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းကို လွယ်ကူ ချောမွေ့စေခြင်း<br>• ကဏ္ဍအလိုက် ဖွံ့ဖြိုးမှုနှင့် အုပ်ချုပ်စီမံမှုကို အကဲဖြတ်သုံးသပ်ခြင်း၊ မူဝါဒရေးဆွဲခြင်း၊ စီးပွားရေး လုပ်ငန်းများအနေဖြင့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့တွင် အသုံးပြုနိုင်ရန် စီးပွားရေးနှင့် ကဏ္ဍများ အလိုက် အချက်အလက်များစုဆောင်းပြီး ထုတ်ပြန်ပေးခြင်း<br>• အခြေခံအဆောက်အဦကို လျင်မြန်စွာ တိုးတက်ကောင်းမွန်စေခြင်း (ဥပမာ ဆိပ်ကမ်းများ၊ ရထားလမ်းများ၊ bonded warehouse များ နှင့် လေဆိပ်များ) | • စည်းမျဉ်းများ ထင်သာမြင်သာ ရှိစေခြင်း၊ အရေးယူဆောင်ရွက်မှုမှာ စနစ်ကျပြီး ကြိုတင် ခန့်မှန်းနိုင်ခြင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို စည်းမျဉ်း ထိန်းချုပ်ရာတွင် ချင့်ချိန်ဆောင်ရွက်မှုကို နည်းပါးနိုင်သမျှ နည်းပါးစေခြင်း<br>• ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု သတင်းအချက်အလက် မျှဝေခြင်းနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း တိုးတက်ကောင်းမွန်စေရန် အစိုးရ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ (အိုင်စီတီ)စနစ်နှင့် အချက်အလက်မှတ်တမ်း (database) တည်ထောင်ထားရှိခြင်း |

## ၇။ ကဏ္ဍ ၄ - စီးပွားရေးလုပ်ငန်းနှင့် ဂန်ဆောင်မှုပေးခြင်းတွင် နိုင်ငံတော်၏ အခန်းကဏ္ဍကို ပြန်လည်ပြင်ဆင်စုဖွဲ့ခြင်း

### ပြုပြင်ပြောင်းလဲမှုများကို ခြုံငုံဖော်ပြချက်နှင့် ဆက်စပ်အခြေအနေများ

၆၄။ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများနှင့် ဂန်ဆောင်မှု ဖြည့်ဆည်းပေးခြင်းတို့နှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ အခန်းကဏ္ဍမှာ ၁၉၈၀ ပြည့် နှောင်းပိုင်းနှစ်များမှစတင်၍ ပြောင်းလဲလျက်ရှိပါသည်။ ယခင်က အခြေခံအဆောက်အဦနှင့် အကြီးစား စီးပွားရေးလုပ်ငန်းများအားလုံးတွင် နိုင်ငံတော်က ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ ဂန်ဆောင်မှုများ ဖြည့်ဆည်းပေးရာတွင်လည်း များသောအားဖြင့် အစဉ်အလာအရ အစိုးရအဖွဲ့အစည်းများမှတစ်ဆင့်သာလျှင် ဖြည့်ဆည်းပေးခဲ့ပါသည်။ ဂန်ကြီးဌာနများသည် ကဏ္ဍအလိုက် စီမံကိန်းရေးဆွဲခြင်း၊ စည်းမျဉ်းထိန်းချုပ်ခြင်းနှင့် ဂန်ဆောင်မှု ဖြည့်ဆည်းပေးခြင်းတို့ကို တာဂန်ယူရပါသည်။ ဂန်ဆောင်မှုအများအပြားကို နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (SEE) များက ဖြည့်ဆည်းပေးပါသည်။ SEE များသည် ကဏ္ဍအလိုက် ဂန်ကြီးဌာနများ၏ ညွှန်ကြားချက်အတိုင်း လုပ်ငန်းဆောင်ရွက်ရပြီး ငွေကြေးပိုင်းနှင့် စီမံခန့်ခွဲမှုပိုင်း ကိုယ်တိုင် ဆုံးဖြတ်ဆောင်ရွက်ခွင့် နည်းပါးပါသည်။[2] စီးပွားရေးပိတ်ဆို့မှုများ ကြုံတွေ့ရခြင်း၊ ရလဒ်အားဖြင့် ဆန်းသစ်တီထွင်နိုင်မှု နည်းပါးခြင်းတို့ကြောင့် နိုင်ငံပိုင်ဂန်ဆောင်မှုလုပ်ငန်းများမှာ လုပ်ငန်းတွင်ကျယ်ရန်နှင့် ပြိုင်ဆိုင်နိုင်မှုရှိရန် ကြိုးပမ်းရေးစေ့ဆော်မှုကင်းမဲ့ပြီး အရည်အသွေးနှင့် လုပ်ငန်းအတိုင်းအတာ တစ်ဖြည်းဖြည်း ကျဆင်းလာပါသည်။

၆၅။ နိုင်ငံတော်အစိုးရအနေဖြင့် ဂန်ဆောင်မှုများကို တိုက်ရိုက်ဖြည့်ဆည်းပေးခြင်းမပြုတော့ဘဲ စီးပွားရေးအုပ်ချုပ်မှု (ဥပမာ စီမံကိန်းရေးဆွဲခြင်းနှင့် စည်းမျဉ်းထိန်းချုပ်ခြင်း)ကိုသာ ပြန်လည်၍ အဓိကထား လုပ်ဆောင်ရန် တဖြည်းဖြည်း ပြောင်းလဲမည်ဖြစ်ကြောင်း မူဂါဒ အသီးသီးတွင် ၁၉၈၈ ခုနှစ်မှ အစပြုလျက် ဖော်ပြထားပါသည်။ ၁၉၈၉ခုနှစ်တွင် ပြဋ္ဌာန်းသော *နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေ* (ဥပဒေအမှတ် ၉/၈၉) တွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအတွက် ကဏ္ဍ ၁၂ရပ်ကို သတ်မှတ်ပေးထားပါသည်။ ပုဂ္ဂလိကကဏ္ဍနှင့်လည်း မိတ်ဖက်ပြုဆောင်ရွက်ရန် ခွင့်ပြုထားပါသည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ဈေးကွက်ကြီးစိုးမှုကိုလျှော့ချရာတွင် ဥပဒေပြုသူများအနေဖြင့် လွန်စွာ သတိပြုဆောင်ရွက်သော ချဉ်းကပ်ပုံကို ဥပဒေတွင် တွေ့ရှိနိုင်ပါသည်။ သို့ရာတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်မှုစွမ်းအား နိမ့်ကျခြင်းသည် စီးပွားရေးကြီးထွားမှုကို လျော့နည်းကျဆင်းစေပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းများ မကျန်ရှိဘဲ ဖြစ်စေကြောင်း ဥပဒေတွင် ယေဘုယျအားဖြင့် အသိအမှတ်ပြုထားပါသည်။ မြန်မာနိုင်ငံသည် အခြေခံအဆောက်အဦ ခေတ်မီရေးကို အရှိန်မြှင့်တင်လုပ်ဆောင်ပြီး စီးပွားရေးအလားအလာကို ထွက်ပေါ်စေရန် နိုင်ငံတော် အစိုးရအနေဖြင့် ပုဂ္ဂလိကကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံရန်၊ ဆန်းသစ် တီထွင်ရန်နှင့် ပြိုင်ဆိုင်ရန် အခွင့်အလမ်းများ ရရှိစေရပါမည်။

၆၆။ မြန်မာနိုင်ငံသည် ဆယ်စုနှစ်များစွာ ပြင်ပနှင့် စီးပွားရေးအဆက်အဆံမရှိဘဲနေခဲ့ခြင်းကြောင့် ဈေးကွက်အဖွဲ့အစည်းစနစ်များနှင့် ယင်းတို့ကို စည်းမျဉ်းထိန်းချုပ်ရန် နိုင်ငံတော်အစိုးရ၏ စွမ်းဆောင်ရည်တို့မှာ အသစ် တည်ထောင်ရပါသည်။ နိုင်ငံတော်ဘတ်ဂျက်တွင် နိုင်ငံပိုင်လုပ်ငန်းများ အရေးပါနေခြင်းကြောင့်လည်း ယင်းစိန်ခေါ်မှုမှာ ခက်ခဲပါသည်။ ၂၀၁၁-၁၂ခုနှစ် ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ဂင်ငွေမှာ စုစုပေါင်းပြည်တွင်းထုတ်ကုန် (ဂျီဒီပီ)၏ ၈.၆ % ရှိပါသည်။ ပြည်ထောင်စုအဆင့် ဘဏ္ဍာငွေမှာ ၄.၄%ဖြစ်၍ နှိုင်းယှဉ်ကြည့်နိုင်ပါသည်။ ထိုနှစ်တွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကဏ္ဍအတွက် လက်ကျန် စုစုပေါင်းမှာ ဂျီဒီပီ၏ ၁.၅% ဖြစ်ပါသည်။ ပြည်ထောင်စုအဆင့် အသားတင်လိုငွေပြမှုမှာ ဂျီဒီပီ၏ ၇.၅% ရှိပါသည်။[3] ၂၀၁၃ခုနှစ်တွင် နိုင်ငံပိုင်လုပ်ငန်းများသည် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၅၅%ကျော် ရာဖွေပေးခဲ့ပြီး ပြည်ပပို့ကုန်ပမာဏ၄၀%ကို တင်ပို့ခဲ့ပါသည်။ နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းနှင့် ပြန်လည်ဖွဲ့စည်းခြင်းကြောင့် နိုင်ငံတော်အစိုးရအတွက် ထုတ်လုပ်မှုစွမ်းအား/ကုန်ကျစရိတ်နှင့်နှိုင်းစာလျှင် တန်ဖိုးမြင့်တက်လာသင့်သော်လည်း ကာလတိုတွင် နိုင်ငံပိုင်လုပ်ငန်းများမှ နိုင်ငံတော်အတွက် ဘဏ္ဍာငွေကြေးရာဖွေပေးနိုင်မှုလျော့နည်းကျဆင်းသွားနိုင်သည်။

---

[2] SEE များကို စီးပွားရေးလုပ်ငန်းများဟုဆိုကြသော်လည်း စင်စစ် ယင်းတို့မှာ ဥပဒေအရ သီးခြားရပ်တည်နိုင်ခြင်း၊ လက်ကျန်ရှင်းတမ်း၊ စီမံခန့်ခွဲမှုပိုင်းကိုယ်တိုင် ဆုံးဖြတ်ဆောင်ရွက်နိုင်ခြင်း၊ တင်းကြပ်သော ဘတ်ဂျက်ကန့်သတ်ချက်များ အပါအဂင် စီးပွားရေးလုပ်ငန်းများ၏ သွင်ပြင်လက္ခဏာများ မရှိကြသည်ကသာ များပါသည်။

[3] ကမ္ဘာ့ဘဏ် အစီရင်ခံစာတစ်စောင်တွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ၄၃ခု၏ နိုင်ငံတော်ဘဏ္ဍာရာဖွေပေးမှုကို စောင့်ကြည့်ဖော်ပြထားပါသည်။ (ကမ္ဘာ့ဘဏ်၊ ၂၀၁၂ခုနှစ်၊ အစီရင်ခံစာအမှတ် ၇၅၈၉၇-MM မြန်မာနိုင်ငံ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုလုပ်ငန်းဆောင်ရွက်ပုံ အစီရင်ခံစာ၊ ရန်ကုန်မြို့) (World Bank. 2012. Report No. 75897-MM *Myanmar Public Financial Management Performance Report*. Yangon).

၆၇။ ယင်းစိန်ခေါ်မှု အခက်အခဲများရှိသော်လည်း မြန်မာနိုင်ငံသည် နိုင်ငံပိုင်လုပ်ငန်းများကို ရောင်းချသည့် ရည်မှန်းချက် ကြီးမားသောလုပ်ငန်းစဉ်ကို လုပ်ဆောင်နေပါသည်။ ၂၀၁၃ခုနှစ် အစောပိုင်းတွင် ဝန်ကြီးဌာန ၁၈ ခုရှိ နိုင်ငံပိုင်လုပ်ငန်းပေါင်း ၆၀၀ ခန့်အနက် ၁၈၀ကို ပုဂ္ဂလိကပိုင်ပြုလုပ်ခဲ့ပါသည်။ ယင်းလုပ်ဆောင်မှုအများစုမှာ စက်ရုံများ၊ စိုက်ပျိုးရေးခြံများ၊ သစ်စက်များနှင့် မြေ ကဲ့သို့သော ပိုင်ဆိုင်မှုများကို ငှားရမ်းခြင်းဖြစ်ပြီး နိုင်ငံပိုင်လုပ်ငန်းများ၏ စီးပွားရေးကဏ္ဍကို များစွာ လျော့နည်းကျဆင်းစေခြင်းမရှိသော်လည်း နိုင်ငံပိုင် ပိုမိုကြီးမားသောလုပ်ငန်းများကို ပြင်ဆင်ဖွဲ့စည်းရန် ရည်မှန်းချက် ကြီးမားသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ယခုအခါ လုပ်ဆောင်လျက်ရှိပါသည်။ ယင်း လုပ်ဆောင်မှုများ အောင်မြင်စေရန် ပြုပြင်ပြောင်းလဲရေး အဓိကကန့်သတ်ချက်များကို ဖြေရှင်းဆောင်ရွက်ရပါမည်။ အကျိုးစီးပွား အခိုင်အမာ ရယူထားသူများက နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုကို ဆက်လက်၍ ထင်သာမြင်သာမရှိဘဲ လုပ်ဆောင်လိုပါသည်။ ဝန်ကြီးဌာန အရာရှိများက နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ကုမ္ပဏီအဖြစ် တည်ထောင်ပြီးသော အခါ စီမံခန့်ခွဲမှုနှင့်အုပ်ချုပ်မှုတွင် ဆက်လက်၍ တက်ကြွစွာပါဝင်လိုပါသည်။ စည်းမျဉ်းထိန်းချုပ်နိုင်မှုနည်းပါးခြင်း၊ ဝန်ထမ်းများပိုလျှံနေခြင်း၊ ခေတ်ဟောင်းမှုပိုင်ဆိုင်မှုများနှင့် ပင်စင်ပေးရမည့်တာဝန်ကြီးလေးခြင်းတို့ကိုလည်း ကြုံတွေ့နေရပါသည်။

**အခြေခံမှုများ**

၆၈။ မြန်မာနိုင်ငံသည် ဗဟိုစီမံကိန်းရေးဆွဲခြင်းနှင့် ပြင်ပနှင့်အဆက်အဆံမပြုခြင်းမှ ထွက်ပေါ်လာသော အခြားနိုင်ငံများ ကဲ့သို့ပင် အလားတူ စိန်ခေါ်မှုအခက်အခဲအများအပြားကို ရင်ဆိုင်ရပါသည်။ အရှေ့ဥရောပနှင့် ဥရောပ အလယ်ပိုင်း၊ ဗီယက်နမ်နှင့် အခြားဆိုရှယ်လစ်နိုင်ငံများ၏ စီးပွားရေးအသွင်ကူးပြောင်းမှုမှ ဗဟုသုတရယူနိုင်သော်လည်း မြန်မာနိုင်ငံသည် ဖွံ့ဖြိုးပြီး ဈေးကွက်အခြေပြု စီးပွားရေးစနစ်ကျင့်သုံးသောနိုင်ငံများ၏ အတွေ့အကြုံနှင့် နိုင်ငံပိုင်လုပ်ငန်းများ ပြန်လည် စုဖွဲ့ခြင်း၊ ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်း၊ အများပြည်သူနှင့် ပုဂ္ဂလိက မိတ်ဖက် ဆောင်ရွက်ခြင်း (PPP) များ ဆိုင်ရာ ၎င်းတို့၏ ချဉ်းကပ်ပုံကို လေ့လာခြင်းဖြင့် အကျိုးဖြစ်ထွန်းနိုင်ပါသည်။ နိုင်ငံတကာအတွေ့အကြုံများကို စုပေါင်းလေ့လာခြင်းဖြင့် အောက်ဖော်ပြပါ သင်ခန်းစာများရရှိနိုင်ပါသည်။

- **နိုင်ငံပိုင်လုပ်ငန်း (SOE) များ ပြုပြင်ပြောင်းလဲရေးသည် ကဏ္ဍအလိုက် စီမံကိန်းရေးဆွဲခြင်းအပေါ် အခြေခံရပါမည်။** အခြေခံအဆောက်အဦ ဝန်ဆောင်မှု ဖြည့်ဆည်းပေးရာတွင် နိုင်ငံပိုင်လုပ်ငန်းများက အဓိက လုပ်ကိုင်လျက်ရှိသော နိုင်ငံများတွင် ကဏ္ဍဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်ပန်းတိုင်များ၊ ယင်းရည်မှန်းချက်ပန်းတိုင်များ အောင်မြင်ရန် မဟာဗျူဟာများအပေါ်အခြေခံလျက် နိုင်ငံပိုင်လုပ်ငန်း (SOE)များ ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ရန်ဖြစ်ပါသည်။ ကဏ္ဍစီမံကိန်းများတွင် အများပြည်သူနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုနှစ်ရပ်စလုံးအတွက် လမ်းပြမြေပုံနှင့် အများပြည်သူနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအတွက် သီးခြားအခန်းကဏ္ဍများ ပါဝင်စေရန် ဖြစ်ပါသည်။[4]

- **နိုင်ငံပိုင် လုပ်ငန်းများကို ကုမ္ပဏီအဖြစ် ဖွဲ့စည်းခြင်းမှာ အရေးကြီးပါသည်။ သို့သော် ဝန်ဆောင်မှု ဖြည့်ဆည်းပေးရာတွင် ထိရောက်တွင်ကျယ်မှု ပိုမိုကောင်းမွန်စေရန် ထိုမျှဖြင့် မလုံလောက်ပါ။** ကုမ္ပဏီပုံစံဖြင့် လုပ်ငန်းဆောင်ရွက်ခြင်း Corporatization မှာ နိုင်ငံပိုင်လုပ်ငန်းအား ဥပဒေအရ သီးခြားတည်ရှိသောအဆင့် သတ်မှတ်ပေးခြင်း၊ လက်ကျန်ရှင်းတမ်းထုတ်ပြန်ရန် သတ်မှတ်ခြင်း၊ စီမံခန့်ခွဲမှု ဖွဲ့စည်းတည်ဆောက်မှုပြုလုပ်ပေးခြင်းနှင့် တည်ဆဲကုမ္ပဏီဥပဒေအရ ဖွဲ့စည်းတည်ထောင်ခြင်းလုပ်ငန်းစဉ်တို့ဖြစ်ပါသည်။ ရှုပ်ထွေးရုံမျှမက နိုင်ငံပိုင် လုပ်ငန်းကို 'စီးပွားရေးပုံစံ' ပီပြင်စွာ လုပ်ဆောင်နိုင်ခြင်းမရှိပါက အကျိုးကျေးဇူးများစွာ ရရှိနိုင်ဖွယ်ရာ စီးပွားရေးပုံစံ ပီပြင်စွာလုပ်ဆောင်ခြင်း ဆိုသည်မှာ နိုင်ငံပိုင်လုပ်ငန်းများတွင် စီးပွားရေးကို ပရော်ဖက်ရှင်နယ်အဖြစ် လုပ်ကိုင်သူများဖြင့် ဖွဲ့စည်းထားသော ဘုတ်အဖွဲ့ ရှိရပါသည်။ ဘုတ်ဂျက်ရှိသလောက်သာသုံးစွဲနိုင်ပါမည်။ ပညာရှင်အဆင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲသူများ ရှိရပါ

[4] မြန်မာနိုင်ငံတွင် ကဏ္ဍဖွံ့ဖြိုးရေး မဟာဗျူဟာများသည် နိုင်ငံပိုင်လုပ်ငန်းများ ပြုပြင်ပြောင်းလဲရေးအတွက် ရှင်းလင်းဖော်ပြသော လမ်းပြမြေပုံများ ဖြစ်ရုံသာ မဟုတ်ဘဲ နိုင်ငံတော်အစိုးရ၏ ကြီးကြပ်ကွပ်ကဲရေးနှင့် စီမံကိန်းရေးဆွဲရေး လုပ်ငန်းများ ပြန်လည်ပြင်ဆင်ဖွဲ့စည်းရေးလည်း ပါဝင်ရပါသည်။ ဥပမာ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် သက်ဆိုင်မှု ရှိသော ဝန်ကြီးဌာန ၄ခု (ဆောက်လုပ်ရေး၊ ရထားပို့ဆောင်ရေး၊ နယ်စပ်ရေးရာနှင့် သယ်ယူပို့ဆောင်ရေး) ၏ အခန်းကဏ္ဍနှင့် တာဝန်များကို ပြန်လည်သတ်မှတ်လျက် အမျိုးသား သယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးမှု စီမံကိန်းကို ပံ့ပိုးမှုပေးပါသည်။ ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှု ပိုမိုပြုလုပ်လာရန်လည်း အထောက်အကူပြုပါမည်။

သည်။ အများပြည်သူဝန်ဆောင်မှုကို အရှုံးခံဖြည့်ဆည်းပေးရမည့် တာဝန်များ[5] အတွက် ခံစားခွင့်ပြန်လည်ရရှိရပါမည်။ ထင်သာမြင်သာရှိစွာ တာဝန်ခံလျက် အခြားလုပ်ငန်းများနှင့် အပြိုင်အဆိုင် စီးပွားရေးလုပ်ငန်း ကုမ္ပဏီများကဲ့သို့ လုပ်ကိုင်စေခြင်းဖြစ်ပါသည်။

- **ကုမ္ပဏီပုံစံလုပ်ကိုင်ခြင်း၊ စီးပွားရေးပုံစံ ပီပြင်အောင် လုပ်ကိုင်ခြင်းတို့မှာ ခိုင်မာသော စီးပွားရေးလုပ်ငန်း စီမံကိန်း အပေါ် အခြေခံမှသာ အောင်မြင်နိုင်ပါသည်။** စီးပွားရေးအရ အောင်မြင်မှုရရှိရန် ကုမ္ပဏီအဖြစ် အသစ်ဖွဲ့စည်းလိုက်သော လုပ်ငန်းများသည် လုပ်ငန်းလည်ပတ်ရန် လိုအပ်သော ပိုင်ဆိုင်မှုများ၊ ဝန်ထမ်းများနှင့် ပေးရန်တာဝန်များသာ ရှိရပါမည်။ ထို့ကြောင့် ကုမ္ပဏီပုံစံ ပြောင်းလဲသည့်လုပ်ငန်းစဉ် မစတင်မီ အသေးစိတ်လုပ်ငန်းစီမံကိန်း ရေးဆွဲရပါသည်။

- **အောင်မြင်သော နိုင်ငံပိုင်လုပ်ငန်းများကို အတွေ့အကြုံရင့်ကျက်သော ဒါရိုက်တာများက အုပ်ချုပ်ပါသည်။ ကဏ္ဍအတွက် မူဝါဒချမှတ်ခြင်း သို့မဟုတ် စည်းမျဉ်းထိန်းချုပ်ခြင်းလုပ်ငန်းများတွင် လုံးဝပါဝင်ခြင်း မရှိပါ။** ရွေးကောက်ခံအရာရှိများ သို့မဟုတ် သက်ဆိုင်ရာကဏ္ဍ ဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် နိုင်ငံပိုင်လုပ်ငန်း ဘုတ်အဖွဲ့တွင် ပါဝင်မည်ဆိုပါက သဘာဝအားဖြင့် အကျိုးစီးပွားဆန့်ကျင်မှုဖြစ်ပွားပါသည်။ (ရွေးကောက်ခံအရာရှိများဖြစ်ပါက) မဲဆန္ဒရှင်များကိုလည်းကောင်း၊ (သက်ဆိုင်ရာကဏ္ဍ ဝန်ကြီးဌာန ဝန်ထမ်းဖြစ်ပါက) ဝန်ကြီးကိုလည်းကောင်း တာဝန်ယူရခြင်းကြောင့် နိုင်ငံပိုင်လုပ်ငန်း၏ အကောင်းဆုံးစီးပွားရေး အကျိုးစီးပွားဖြစ်ထွန်းစေရေး လုပ်ဆောင်နိုင်စွမ်းကို ထိခိုက်မည်သာ ဖြစ်ပါသည်။ ဒါရိုက်တာတစ်ဦးအနေဖြင့် စီးပွားရေးအရ လုပ်ငန်းအောင်မြင်ရေး အကူအညီပေးရန် တစ်ခုတည်းကိုသာ အာရုံစူးစိုက် လုပ်ဆောင်နိုင်ရပါမည်။ ယင်းသို့ အာရုံစူးစိုက်နိုင်ခြင်းဖြင့် နိုင်ငံတော်၏လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှု ကို အကာအကွယ်ပေးနိုင်ပါမည်။ ဒါရိုက်တာများသည် နိုင်ငံပိုင်လုပ်ငန်း၏ အုပ်ချုပ်မှု စာရွက်စာတမ်းများ[6]တွင် ဖော်ပြထားသော လုပ်ထုံးလုပ်နည်းများနှင့် ကုမ္ပဏီအုပ်ချုပ်မှု စည်းမျဉ်းများ၊ စီးပွားရေးလုပ်ငန်းအဖြစ် တည်ထောင်ရာတွင်အကျုံးဝင်သည့် ကုမ္ပဏီဥပဒေတို့ကို လိုက်နာရပါသည်။

- **အပြိုင်အဆိုင် ဝန်ဆောင်မှုဖြည့်ဆည်းပေးသည့် ဈေးကွက်များ ဖန်တီးပေးခြင်းဖြင့် နိုင်ငံတော်အတွက်နှင့် စားသုံးသူများအတွက် ပိုမိုကောင်းမွန်သောရလဒ်များ ထွက်ပေါ်လာပါသည်။** နိုင်ငံပိုင်လုပ်ငန်းများအနက်မှ ရွေးချယ်လျက် လက်ဝါးကြီးအုပ် လုပ်ငန်းဆောင်ရွက်နေခြင်းများကို တစ်ဆင့်ပြီးတစ်ဆင့် ရပ်ဆိုင်းခြင်း၊ စည်းမျဉ်းထိန်းချုပ်သော စွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းများနှင့် အခြေခံအဆောက်အဦ ဝန်ဆောင်မှုရယူခြင်းများအားလုံးအတွက် ထင်သာမြင်သာရှိသော ဈေးပြိုင်စနစ်ဖြင့် တင်ဒါတင်သွင်းရသည့် လုပ်ငန်းစဉ်များ ချမှတ်ခြင်းအားဖြင့် ဤလုပ်ငန်းစဉ်အောင်မြင်နိုင်ပါသည်။

- **ကာလရှည်တွင် ငွေကြေးအမြတ်အစွန်း ပုံမှန်ရရှိသည့် နိုင်ငံပိုင်လုပ်ငန်းများ နည်းပါးပါသည်။** နိုင်ငံပိုင်လုပ်ငန်းအနေဖြင့် လုပ်ဆောင်သည့်ပုံစံတွင် အခြေခံချို့ယွင်းချက် ရှိနေပါသည်။ ကုမ္ပဏီကို နိုင်ငံတော်က အများစု ပိုင်ဆိုင်ထားသရွေ့ နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်လာနိုင်ခြေရှိပါမည်။ ထိုအခါ စီးပွားရေးအပေါ် အခြေမခံသော ဆုံးဖြတ်ချက်များ ချမှတ်လာပါမည်။ အများပြည်သူ၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ဆုံးရှုံးခြင်းများ ဖြစ်ပေါ်လာပါမည်။

- **နိုင်ငံပိုင်လုပ်ငန်းများကို ပြုပြင်ပြောင်းလဲသည့် မည်သည့်လုပ်ငန်းစဉ်တွင်မဆို အများပြည်သူနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ခြင်း Public-private partnership (PPP)များ ပါဝင်ရမည်သာ ဖြစ်ပါသည်။** PPP လုပ်ငန်းစဉ်အောင်မြင်ရန် အခြေခံမှာ အများပြည်သူကဏ္ဍတစ်ခုတည်း သို့မဟုတ် ပုဂ္ဂလိကကဏ္ဍ တစ်ခုတည်းက ဝန်ဆောင်မှု ဖြည့်ဆည်းပေးခြင်းထက် ကုန်ကျသောငွေကြေးအတွက် ပိုမို၍တန်ဖိုးထွက်ပေါ်မည့် PPP နည်းလမ်းများဖြင့် အခြေခံအဆောက်အဦ ဝန်ဆောင်မှုများကိုရယူရန် နိုင်ငံတော်အစိုးရက ကတိကဝတ်ပြု လုပ်ဆောင်ခြင်းဖြစ်ပါသည်။ နိုင်ငံပိုင်လုပ်ငန်းများက အခြေခံအဆောက်အဦ ဝန်ဆောင်မှုအများစုကို ဖြည့်ဆည်းပေးနေသော အခြေအနေတွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုနှင့်

---

[5] ရပ်ရွာသို့ ဝန်ဆောင်မှုများကို အရှုံးခံဖြည့်ဆည်းပေးရမည့် တာဝန်များမှာ နိုင်ငံတော်အစိုးရက နိုင်ငံပိုင် လုပ်ငန်းများအား ကုန်ကျစရိတ် ထက် လျော့နည်းသော အခကြေးငွေဖြင့် အသုံးပြုသူများအား ဖြည့်ဆည်းပေးရန် ညွှန်ကြားထားသော ဝန်ဆောင်မှုများ ဖြစ်ပါသည်။

[6] ကုမ္ပဏီပဋိညာဉ် Corporate charter နှင့် ဘုတ်အဖွဲ့စည်းမျဉ်း board rule များ

ကျွမ်းကျင်မှုရရှိရေး နိုင်ငံတော်အစိုးရက ဆွဲဆောင်နိုင်ရန် PPP များသည် အရေးပါသောနည်းလမ်းဖြစ်ပါသည်။ နိုင်ငံပိုင်လုပ်ငန်း ပါဝင်ခြင်းမရှိဘဲ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူနှင့် အများပြည်သူကဏ္ဍ အဖွဲ့အစည်းတစ်ခုတို့ တိုက်ရိုက်သဘောတူစာချုပ် ကန်ထရိုက်ချုပ်ဆိုလျက်လည်း PPP တည်ထောင်လုပ်ဆောင် နိုင်ပါသည်။

- **အောင်မြင်သော PPP လုပ်ငန်း အစီအစဉ်ဖြစ်စေရန် အပြန်အလှန် ချိတ်ဆက်ထားသော ဥပဒေ၊ အဖွဲ့အစည်းနှင့် မူဝါဒမူဘောင်ဖြင့် ပံ့ပိုးမှုပေးရပါမည်။** ဤမူဘောင်မှာ နိုင်ငံတကာ စံနှုန်းများအပေါ် အခြေခံသင့်ပါသည်။ မျှတမှုရှိရမည့်အပြင် ဆုံးရှုံးနိုင်မှုကို နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိက မိတ်ဖက်ဆောင်ရွက်သူတို့အကြား ထိရောက်တွင်ကျယ်စွာ ခွဲဝေသတ်မှတ်ပေးနိုင်ရပါမည်။ စီမံချက်များရေးဆွဲရန်နှင့် တင်ဒါခေါ်ယူရန် ထင်သာမြင်သာရှိသော လုပ်ငန်းစဉ် လိုအပ်ပါသည်။ ထို့အပြင် တူညီသော စံနှုန်းများ သတ်မှတ်ခြင်း၊ လိုအပ်သော မူဝါဒများကို အကြံပေးခြင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိကကဏ္ဍနှင့် ဆွေးနွေးရာတွင် တတ်နိုင်သမျှ လွယ်ကူစေရန် တစ်နေရာတည်း ဆောင်ရွက်ပေးသောဌာန ထားရှိဆောင်ရွက်ပေးခြင်းတို့ကို တာဝန်ယူမည့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သော အများပြည်သူ အဖွဲ့အစည်းလည်း အားကောင်းရန် လိုအပ်ပါသည်။

### ပြုပြင်ပြောင်းလဲမှုများကို အကဲဖြတ်ခြင်း

၆၉။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ပြန်လည်စုဖွဲ့ရာတွင်လည်းကောင်း၊ ယင်းနှင့်ဆက်စပ်နေသော ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးရာတွင်လည်းကောင်း မြန်မာနိုင်ငံ၏ချဉ်းကပ်ပုံမှာ မူဝါဒအခြေခံ ခိုင်မာပါသည်။ အထူးသဖြင့် စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲမှု မူဘောင် Framework for Economic and Social Reforms (FESR)အပေါ် အခြေပြုထားပြီး နိုင်ငံပိုင်လုပ်ငန်းကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် ပြုပြင်ပြောင်းလဲလျက် အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေး လွယ်ကူချောမွေ့စေမည့် စည်းမျဉ်းထိန်းချုပ်ရေး မူဘောင်များ တည်ထောင်ရန် ပါဝင်ပါသည်။ မည်သည့်အစိုးရအတွက်မဆို ရည်မှန်းချက်ကြီးမားသော လုပ်ငန်းစဉ်ဖြစ်ပါသည်။ အထူးသဖြင့် နိုင်ငံပိုင်လုပ်ငန်းများ နှင့်/ သို့မဟုတ် ယင်းတို့နှင့် ဆက်စပ်နေသော လုပ်ငန်းများကသာ စီးပွားရေးကို အဓိကလုပ်ကိုင်နေသည့် ယခင်က ပြင်ပနှင့်ဆက်ဆံမှုနည်းပါးခဲ့သောနိုင်ငံတွင် စိန်ခေါ်မှုအခက်အခဲ များပြားပါသည်။

၇၀။ လွန်ခဲ့သော ၅နှစ်အတွင်း ပြုပြင်ပြောင်းလဲရေးအစီအစဉ်ရေးဆွဲ အကောင်အထည်ဖော်သည့် ချဉ်းကပ်ပုံတွင် လုပ်ငန်းစဉ် သုံးရပ်ရှိပါသည်။ (၁) ပိုင်ဆိုင်မှုများကို ရောင်းချခြင်း (၂) ရွေးချယ်ထားသောနိုင်ငံပိုင်လုပ်ငန်းများကို ကော်ပိုရေးရှင်း ပုံစံပြန်လည်ဖွဲ့စည်းခြင်းနှင့် (၃) PPPများတည်ထောင်ခြင်းတို့ဖြစ်ပါသည်။ အကြီးမားဆုံး နိုင်ငံပိုင်လုပ်ငန်း ၄၃ခုမှာ ဝန်ကြီးဌာန ၁၅ခုအောက်တွင် ရှိပြီး လုပ်ငန်းတစ်ခုစီတွင် ပြုပြင်ပြောင်းလဲမှုကို စီမံခန့်ခွဲရန် ချဉ်းကပ်ပုံ၊ လမ်းညွှန်ချက်များနှင့် နည်းလမ်းများရှိပါသည်။[7]

၇၁။ ဖြစ်ရပ်အများအပြားတွင် ပြုပြင်ပြောင်းလဲရေးအကောင်အထည်ဖော်ရန် တာဝန်ယူရသောကဏ္ဍအလိုက် အရာရှိများအတွက် လမ်းညွှန်မှုဖြည့်ဆည်းပေးခြင်း အလွန်နည်းပါးပါသည်။ ပိုလျှံနေသောဝန်ထမ်းများ၊ ကြွေးမြီ ဝန်ထုပ်ဝန်ပိုးကြီးမားနေခြင်း၊ ကော်ပိုရေးရှင်းပုံစံ ပြန်လည်ဖွဲ့စည်းသည့် အခြေခံအစီအမံများကို ကိုင်တွယ်ပုံတို့နှင့် စပ်လျဉ်း၍ အရာရှိများမှာ မသေချာ မရေရာဘဲ ရှိပါသည်။ နိုင်ငံပိုင်လုပ်ငန်းများ ပြုပြင်ပြောင်းလဲရေးကို ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဖွံ့ဖြိုးရေး မဟာဗျူဟာများအပေါ် အခြေပြုထားခြင်းလည်း အလွန်နည်းပါးပါသည်။ ဤသို့ လစ်ဟာနေခြင်းအပြင် လမ်းညွှန်ချက်နှင့် နည်းလမ်းများ အမျိုးမျိုးဖြစ်နေခြင်းကြောင့် ထွက်ပေါ်ရလဒ်များ တူညီခြင်းမရှိပါ။

၇၂။ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဘဏ္ဍာရေးစနစ်သစ်တစ်ရပ်ကို စတင်ကျင့်သုံးပါသည်။ နိုင်ငံပိုင်လုပ်ငန်းများအနေဖြင့် နိုင်ငံတော်အစိုးရထံမှ ငွေလွှဲပြောင်းပေးခြင်း၊ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေ ရယူခြင်းများကိုအားမကိုးဘဲ ငွေကြေးပိုင်း ကိုယ်ပိုင်ရပ်တည်နိုင်ရပါမည်။ ဤပြုပြင်ပြောင်းလဲမှုမှာ ရှုပ်ထွေးခြင်းကြောင့် နိုင်ငံပိုင်လုပ်ငန်းများမှာ တစ်ဆင့်ချင်းသာလျှင် အသွင်ကူးပြောင်းလျက်ရှိပါသည်။ အမြတ်အစွန်းရရှိရန် အလားအလာရှိသော

---

[7] နိုင်ငံတော်၏ရင်းနှီးမြှုပ်နှံမှုထုတ်ယူသည့်လုပ်ငန်းကိုမောင်းနှင်ရန် ဖွဲ့စည်းထားသော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှာ သြဇာသက်ရောက်မှုများစွာမရှိဟု ထင်မြင်ယူဆရပါသည်။

နိုင်ငံပိုင်လုပ်ငန်းများကို ကော်ပိုရေးရှင်းပုံစံ ပြန်လည်ဖွဲ့စည်းပြီး အရှုံးပေါ်သော နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပြုလုပ်ရန် နိုင်ငံတော်အစိုးရအတွင်း တူညီသောရှုမြင်ပုံရှိပါသည်။

၇၃။ အစိုးရအနေဖြင့် အမြတ်အစွန်းရရှိအောင် လုပ်ကိုင်နိုင်ခြင်းမရှိသော နိုင်ငံပိုင်လုပ်ငန်းများ/ အစိုးရပိုင်ဆိုင်မှုများကို ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း သို့မဟုတ် ထုခွဲရောင်းချခြင်းမှာ ဗဟိုအဆင့် ဘတ်ဂျက်မှ ကုန်ကျစရိတ်များ လျှော့ချနိုင်စေမည့် ကြောင်းကျိုးဆီလျော်သော မူဝါဒပိုင်း ရွေးချယ်နိုင်သည့် နည်းလမ်းတစ်ရပ် ဖြစ်ပါသည်။ အမြတ်အစွန်း ရရှိသော (သို့မဟုတ် အမြတ်အစွန်းရရှိရန် အလားအလာရှိသော) နိုင်ငံပိုင်လုပ်ငန်းများအတွက်လည်း ပုဂ္ဂလိကပိုင်ပြုလုပ်ရန် နှင့်/ သို့မဟုတ် PPP လုပ်ဆောင်ရန် ဖြစ်နိုင်ခြေကို အကဲဖြတ်သင့်ပါသည်။

၇၄။ အမြတ်အစွန်းရရှိသော နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကပိုင် ပြုလုပ်ရမည့်အစား ကော်ပိုရေးရှင်းပုံစံ ပြန်လည် ဖွဲ့စည်းရန် ရွေးချယ်ဆောင်ရွက်ခြင်းမှာ ကဏ္ဍအလိုက် ဝန်ကြီးဌာနများက ဝန်ဆောင်မှုဖြည့်ဆည်းပေးခြင်းကို ဆက်လက်ထိန်းချုပ်ထားသင့်ပြီး ယင်းသို့ ဆက်လက်ထိန်းချုပ်နိုင်ရန်မှာ နိုင်ငံပိုင်လုပ်ငန်းများကို ကော်ပိုရေးရှင်းပုံစံ ပြင်ဆင်ဖွဲ့စည်းလျက် ပိုင်ဆိုင်မှုရယူထားခြင်း၊ အုပ်ချုပ်ခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်းတို့ဖြင့် အကောင်းဆုံး လုပ်ဆောင်နိုင်သည် ဟူသော အယူအဆတွင် အရင်းခံပါသည်။ ယနေ့အထိ မည်သည့် နိုင်ငံပိုင်လုပ်ငန်းကြီးများတွင်မျှ ထိန်းချုပ်မှုပြုနိုင်သော ပိုင်ဆိုင်မှု ပမာဏကို ရောင်းချခြင်းမရှိသေးပါ။ နောင်အခါ မရောင်းချဟု မဆိုနိုင်သော်လည်း လုံးဝရောင်းချမည်မဟုတ်ဟု သတ်မှတ်ထားခြင်းထက် အထွေထွေကဏ္ဍဖွံ့ဖြိုးရေး မဟာဗျူဟာများအရသာ နောင်အခါ ပိုင်ဆိုင်မှုထုတ်ရောင်းခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်ရန်ဖြစ်ပါသည်။ ပိုင်ဆိုင်မှုထုတ်ရောင်းခြင်းသည် အရေးပါသော ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးခြင်းအပေါ် အစိုးရ၏ထိန်းချုပ်မှုဆုံးရှုံးသွားခြင်းဟု မဆိုလိုကြောင်း သတိပြုရန်အရေးကြီးပါသည်။

၇၅။ PPP များ အကောင်အထည်ဖော်ခြင်းကိုလည်း ကဏ္ဍအလိုက် ဝန်ကြီးဌာနများက မောင်းနှင်ဆောင်ရွက်ရန် ဖြစ်ပါသည်။ PPP အကောင်အထည်ဖော်မှုအများဆုံး ဝန်ကြီးဌာနမှာ သယ်ယူပို့ဆောင်ရေးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနများဖြစ်ပါသည်။ PPP အပေါ် တူညီသော ချဉ်းကပ်ပုံမရှိသော်လည်း ထူးခြားသောအောင်မြင်မှုများ ရရှိခဲ့ပါသည်။ အစိုးရ အနေဖြင့် ယခုအခါ ယင်းအောင်မြင်မှုများအပေါ် ဆက်လက်တည်ဆောက်လျက် စုစည်းညီညွတ်ပြီး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သော PPP လုပ်ငန်းအစီအစဉ်ကို တည်ထောင်နိုင်ပါသည်။ PPP များကို နိုင်ငံပိုင်လုပ်ငန်းများ ပုဂ္ဂလိကပိုင် ပြုလုပ်သည့် ပုံစံတစ်ခုအဖြစ်သာလျှင်မဟုတ်ဘဲ နိုင်ငံပိုင်လုပ်ငန်း ပါဝင်ပတ်သက်ခြင်းမရှိဘဲ ပုဂ္ဂလိကကဏ္ဍမှ တိုက်ရိုက် ဝန်ဆောင်မှုများရယူသည့် အစီအမံတစ်ရပ်အဖြစ် ရှုမြင်သင့်ပါသည်။

### ယနေ့အထိ အဓိက အောင်မြင်မှုများ

၇၆။ မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ငန်းများဆိုင်ရာနှင့် ဝန်ဆောင်မှု ဖြည့်ဆည်းပေးခြင်းဆိုင်ရာ နိုင်ငံတော်အစိုးရ၏ အခန်းကဏ္ဍကို ပြန်လည်စုဖွဲ့ရာတွင် တိုးတက်မှုရရှိခဲ့ပါသည်။ ယင်းအောင်မြင်မှုအပေါ် ဆက်လက်၍ ဆောင်ရွက်နိုင်ပါမည်။ ထူးခြားသော အောင်မြင်မှုများတွင် အောက်ပါတို့ ပါဝင်ပါသည်။

၇၇။ **ဆက်သွယ်ရေးကဏ္ဍကို လွတ်လပ်ခွင့်ပြုခြင်း** - ဤပြုပြင်ပြောင်းလဲရေးကို မူဝါဒရေးဆွဲရေးနှင့် ကဏ္ဍ ဖွံ့ဖြိုးရေး မဟာဗျူဟာအရ စတင်ဆောင်ရွက်ပါသည်။ ၂၀၁၃ခုနှစ် ဆက်သွယ်ရေးဥပဒေတွင်လည်းထင်ဟပ်ဖော်ပြထားပါသည်။ ယင်းဥပဒေမှာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြန်လည်ဖွဲ့စည်းရေး လမ်းခင်းပေးထားခြင်းဖြစ်ပါသည်။ ဥပဒေတွင် စည်းမျဉ်းထိန်းချုပ်သည့်မူဘောင်ကို သတ်မှတ်ပေးထားပြီး ကဏ္ဍအတွင်း ပြိုင်ဆိုင်လုပ်ကိုင်မှုနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုတို့ကို ခွင့်ပြုထားပါသည်။

၇၈။ လက်ကိုင်ဖုန်းလိုင်စင် အသစ် ၂ခု အတွက် ယှဉ်ပြိုင်တင်ဒါခေါ်ယူသည့်ရလဒ်အနေဖြင့် လက်ကိုင်ဖုန်းဆက်သွယ်ရေး အသုံးပြုနိုင်မှု များစွာ တိုးတက်လာပါသည်။ ဂျီဒီပီတွင် ဆက်သွယ်ရေးကဏ္ဍမှ ပါဝင်မှုလည်း များစွာ မြင့်တက်လာပါသည်။ ၂၀၁၁ခုနှစ်တွင် လူဦးရေ၏ ၂.၃%သာလျှင် လက်ကိုင်ဖုန်း အသုံးပြုနိုင်ပါသည်။ ၂၀၁၅ခုနှစ်တွင် ၃၅.၇%သို့ မြင့်တက်လာပါသည်။ ၂၀၁၂ခုနှစ်တွင် ဆက်သွယ်ရေးကဏ္ဍသည် ဂျီဒီပီ၏ ၂.၇%သာ ရှိပါသည်။ တစ်နှစ်အတွင်း ၄.၈%သို့ မြင့်တက်ခဲ့ပါသည်။ နိုင်ငံအားလုံး၏ စီးပွားရေးတွင် ကုန်ကျစရိတ်သက်သာသော လက်ကိုင်ဖုန်း ဆက်သွယ်ရေး

ကြောင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးနှင့် ကုန်သွယ်ရေးကို လွယ်ကူချောမွေ့စေနိုင်ကြောင်း တွေ့ရှိနိုင်ပါသည်။ ယခင်က နိုင်ငံပိုင် လက်ဝါးကြီးအုပ်လုပ်ငန်း ဖြစ်ခဲ့သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ဤလွတ်လပ်သော ဈေးကွက်သစ်အတွင်း ယှဉ်ပြိုင်နိုင်ရန် ဂျပန်ကုမ္ပဏီတစ်ခုဖြစ်သော KDDI-SUMITOMO နှင့် ဖက်စပ်လုပ်ကိုင်လျက်ရှိပါသည်။

**လမ်းဆိုင်ရာ PPP များ - အောင်မြင်မှု ရရှိပါသလား။**
မြန်မာနိုင်ငံတွင်ရှိသော ပုဂ္ဂလိကကဏ္ဍမှ စီမံခန့်ခွဲသည့် လမ်းကွန်ရက်မှာ အရှေ့တောင်အာရှတွင် အကြီးမားဆုံး ပုဂ္ဂလိကကဏ္ဍမှ စီမံခန့်ခွဲသည့် လမ်းကွန်ရက်များထဲတွင် ပါဝင်ပါသည်။ လမ်းအသုံးပြုခ ကောက်ခံသည့် လမ်းအရှည် ကီလိုမီတာ ၆၀၀၀ ခန့်ကို ပုဂ္ဂလိကကုမ္ပဏီ ၂၉ခုက တည်ဆောက်ခြင်း/ပြန်လည်ပြင်ဆင်ခြင်းနှင့် စီမံခန့်ခွဲမှု ကန်ထရိုက် ရယူလုပ်ကိုင်ခြင်းများ ဖြစ်ပါသည်။ လုပ်ငန်းပမာဏကြီးမားသော ခွင့်ပြုချက်များမှာ နှစ် ၃၀ အထိ သက်တမ်း ရှိပါသည်။ နိုင်ငံတော်အနေဖြင့် လမ်းတည်ဆောက်ခြင်းနှင့် လမ်းကွန်ရက်ကို စီမံခန့်ခွဲခြင်း စွမ်းဆောင်ရည် တိုးတက်လာသည့် ကောင်းမွန်သော အတွေ့အကြုံ ရရှိခဲ့သော်လည်း လမ်းများကို လိုအပ်ချက် အကဲဖြတ်မှု နည်းပါးပါသည်။ ဈေးပြိုင်စနစ်ဖြင့်တင်ဒါပေးခြင်းလည်း နည်းပါးပါသည်။ နိုင်ငံတော်အစိုးရက သတ်မှတ်ပေးသော လမ်းအသုံးပြုခများမှာ တစ်ကီလိုမီတာလျှင် ဝ.ဝ၁ မှ ဝ.ဝ၂ ဒေါ်လာသာ ရှိပြီး အလွန်နည်းပါးခြင်းကြောင့် ခန့်မှန်းခြေအားဖြင့် လမ်းများ၏ ၁၅%သာလျှင် စီးပွားရေးအရ အရင်းကြေ နိုင်ပါသည်။ ကျန်လမ်းများမှာ အရှုံးပေါ်မည်ဖြစ်ပါသည်။ ဤအချက်မှာ ဖြေရှင်းရမည့် ကိစ္စရပ်တစ်ခု ဖြစ်ပါသည်။ လုပ်ကိုင်ခွင့်ရရှိသူများမှာ အစိုးရနှင့် နီးကပ်စွာ ချိတ်ဆက်မှု ရှိသူများဖြစ်သည်ဟု သတင်းများထွက်ပေါ်ပါသည်။ စီးပွားရေးတွက်ခြေမကိုက်သော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းမှာ ထိုအကြောင်းကြောင့် ဖြစ်နိုင်ပါသည်။ နိုင်ငံတော်အစိုးရသည် ပုဂ္ဂလိက အရင်းအနှီးဖြင့် လမ်းကွန်ရက်ကို အောင်မြင်စွာ တိုးချဲ့ခဲ့သော်လည်း ခိုင်မာမှုရှိပြီး လိုအပ်ချက်ကို အခြေခံသည့် လမ်းဆိုင်ရာ လုပ်ပိုင်ခွင့်များကို ပြုစုခြင်းနှင့် ဈေးပြိုင်တင်ဒါခေါ်ယူခြင်းအတွက် လိုအပ်သောအတွေ့အကြုံ မရှိသေးပါ။

၇၉။ ဆက်သွယ်ရေးကဏ္ဍတွင် အသုံးပြုခဲ့သော ချဉ်းကပ်ပုံမှာ နိုင်ငံတကာ လုပ်နည်းလုပ်ဟန်နှင့် အညီပင်ဖြစ်ပါသည် (မူဝါဒကြေညာချက်ထုတ်ပြန်ခြင်း၊ ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ ရေးဆွဲခြင်း၊ ဥပဒေ မူဘောင်သစ် ပြုစုခြင်း၊ စည်းမျဉ်းထိန်းချုပ်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်းအပိုင်းများကို သီးခြားစီဖြစ်စေရန် ဝန်ကြီးဌာနကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်း၊ ဈေးပြိုင်တင်ဒါ ခေါ်ယူခြင်းတို့ကို အဆင့်ဆင့် လုပ်ဆောင်ခဲ့ပါသည်)။

၈၀။ **သယ်ယူပို့ဆောင်ရေးကဏ္ဍကို လွတ်လပ်ခွင့်ပြုခြင်း** - ဤပြုပြင်ပြောင်းလဲမှုမှာ မကြာသေးမီကစတင်ခဲ့ပြီး မြန်မာအမျိုးသားလေကြောင်းလိုင်းနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့ကို ကော်ပိုရေးရှင်းပုံစံပြန်လည်ဖွဲ့စည်းခြင်း၊ သီလဝါဆိပ်ကမ်းအသစ်ဆောက်လုပ်ခွင့်ပြုခြင်း[8]၊ မန္တလေးနိုင်ငံတကာ လေဆိပ်ကို ဒေါ်လာ သန်း ၁၀၀ အကုန်အကျခံလျက် အဆင့်မြှင့်တင်ရန်နှင့် လုပ်ငန်း ဆောင်ရွက်ရန် နှစ် ၃၀ ခွင့်ပြုရေး သဘောတူညီခြင်း[9] ကဲ့သို့သော အောင်မြင်မှုအချို့ ရရှိခဲ့ပါသည်။ ကဏ္ဍအလိုက် ယင်းပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရာတွင် ရှင်းလင်းသော မူဝါဒနှင့် အမျိုးသား သယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးမှုစီမံကိန်းကို လမ်းညွှန်အဖြစ် အသုံးပြုပါသည်။ ယင်းစီမံကိန်းတွင် သယ်ယူပို့ဆောင်ရေးကဏ္ဍကြီးကြပ် ကွပ်ကဲရာ၌ ရိုးရှင်းလွယ်ကူရေး၊ ကဏ္ဍအလိုက် တာဝန်ခံဝန်ကြီးဌာနများ၏ စည်းမျဉ်းထိန်းချုပ်မှုနှင့် လုပ်ငန်းဆောင်ရွက်မှု အပိုင်းများကို ရှင်းလင်းစွာ စည်းခြားထားရေး၊ ဝန်ဆောင်မှု ဖြည့်ဆည်းပေးရာတွင် ပုဂ္ဂလိကကဏ္ဍမှ ပိုမိုပါဝင်ရေး၊ အများပြည်သူဝန်ဆောင်မှုကို အရှုံးခံဖြည့်ဆည်းပေးရမည့် တာဝန်များအတွက် ရန်ပုံငွေပြန်လည်ရရှိရေး၊ ဝင်ငွေတိုးတက်ရန် အလားအလာမြင့်မားစေရေးတို့ကို လုပ်ဆောင်ရန် ဖော်ပြထားပါသည်။

၈၁။ ကဏ္ဍအလိုက် လုပ်ငန်းအုပ်စုများသည် သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရေး ကူညီပံ့ပိုးလျက်ရှိပါသည်။ တစ်ပြေးညီကျင့်သုံးနိုင်ရန် ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲဖွဲ့စည်းခြင်းဆိုင်ရာ လမ်းညွှန်ချက်များကိုလည်း နိုင်ငံတကာ အကောင်းဆုံး လုပ်နည်းလုပ်ဟန်များနှင့်အညီ ပြုစုထားပါသည်။ ယင်းလမ်းညွှန်ချက်များတွင် ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲဖွဲ့စည်းရာ၌ ပထမအဆင့်အဖြစ် လုပ်ငန်းကို စနစ်တကျ အစီအစဉ်ရေးဆွဲရန် ဆော်ဩထားပါသည်။ နိုင်ငံပိုင်လုပ်ငန်းသစ်များကို တည်ထောင်ရာတွင် စီးပွားရေးအရ အောင်မြင်မှု ရရှိရန်အတွက် လိုအပ်သော ဝန်ထမ်းများ ပိုင်ဆိုင်မှုများဖြင့်သာ တည်ထောင်ရန် ဖြစ်ပါသည်။[10] မြန်မာအမျိုးသားလေကြောင်းလိုင်းသည် ယခုအခါ ပွင့်လင်းသောဈေးကွက်တွင် ယှဉ်ပြိုင်လျက်ရှိပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည်လည်း ဆိပ်ကမ်းပိုင်ရှင်အဖြစ်သာလျှင် လုပ်ဆောင်လျက် ကုန်တင်ကုန်ချလုပ်ငန်းများကို ပုဂ္ဂလိကသို့ လုပ်ပိုင်ခွင့်ပေးထားပါသည်။ ပြည်တွင်းရေကြောင်း နှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး အပါအဝင် သယ်ယူပို့ဆောင်ရေးကဏ္ဍရှိ အခြားနိုင်ငံပိုင်လုပ်ငန်းအချို့မှာ ခိုင်မာသော စီးပွားရေးလုပ်ငန်းအစီအစဉ်မရှိဘဲ ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲဖွဲ့စည်းတည်ထောင်ခဲ့ရာ အောင်မြင်မှုနည်းပါးပါသည်။

[8] Hutchison Port Holdings က တည်ဆောက်လုပ်ကိုင်ပါသည်။

[9] MC-Jalux Airport Services Company Limited က တည်ဆောက်လုပ်ကိုင်ပါသည်။

[10] မြန်မာအမျိုးသားလေကြောင်းလိုင်းကို ကော်ပိုရေးရှင်းအဖြစ် ပြန်လည်ဖွဲ့စည်းရာတွင် စီးပွားရေးလုပ်ငန်းပိုင်းအစီအစဉ်အရ လိုအပ်သည်ဟု ယူဆသော ဝန်ထမ်းများနှင့် ပိုင်ဆိုင်မှုများကိုသာ လွှဲပြောင်းပေးခြင်းဖြစ်ပြီး ပင်စင်အတွက် ပေးရန်တာဝန်ကို အကန့်အသတ်ဖြင့်သာ လွှဲပြောင်းပေးပါသည်။

၈၂။ **စွမ်းအင်ကဏ္ဍ လွတ်လပ်ခွင့်ပြုခြင်း။** ၂၀၀၅ခုနှစ်မှစတင်၍ ပုဂ္ဂလိကကဏ္ဍသည် မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးအတွက် ဒေါ်လာ ၁၉ဘီလီယံခန့် ရင်းနှီးမြှုပ်နှံခဲ့သည်ဟု ခန့်မှန်းပါသည်။ ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲမှုများမှာ လွတ်လပ်ခွင့်ပြုရေးမူဝါဒအပေါ် အခြေခံပါသည်။ ၂၀၁၄ခုနှစ် လျှပ်စစ်ဓာတ်အားဥပဒေတွင်လည်း ထင်ဟပ်ပေါ်လွင်ပါသည်။ ယင်းဥပဒေတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ စည်းမျဉ်းထိန်းချုပ်ရေးနှင့် လုပ်ငန်းဆောင်ရွက်ရေး အပိုင်းများကို စည်းခြားလျက် ပုဂ္ဂလိကကဏ္ဍပါဝင်မှု တိုးမြင့်လာစေရန် ဖိတ်ကြားထားပါသည်။ ထို့နောက် သီးခြားလွတ်လပ်သော လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးခွင့်ပြုချက် (IPP)အချို့ ချထားပေးခဲ့ပါသည်။ ယင်းတို့အနက် တစ်ခု (မြင်းခြံ)မှာ နိုင်ငံတကာတွင် စံသတ်မှတ်ထားသော စာရွက်စာတမ်း ပုံစံများနှင့် လုပ်ထုံးလုပ်နည်း များကို အသုံးပြုလျက် ဈေးပြိုင်စနစ်ဖြင့် တင်ဒါခေါ်ယူခဲ့ပါသည်။ ဤကဏ္ဍတွင် အသစ်ပေါ်ပေါက်လာခဲ့သော ယင်း PPP လုပ်ငန်းအစီအစဉ်ကို ယခုအခါ PPP ကန်ထရိုက်များကို စီစဉ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်းနှင့် ဈေးပြိုင်စနစ်ဖြင့် တင်ဒါခေါ်ယူခြင်းတို့အတွက် နမူနာပုံစံအဖြစ် အသုံးပြုလျက်ရှိပါသည်။ IPP အသစ်များ ချထားပေးသည့်တစ်ချိန်တည်းမှာပင် ရန်ကုန်လျှပ်စစ်ဓာတ်အား ဖြန့်ဝေရေးဘုတ်အဖွဲ့ကို ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲဖွဲ့စည်းပါသည်။ ပုဂ္ဂလိက မိတ်ဖက်များက ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို ထိရောက်စွာ offtake[11] လွှဲပြောင်းရယူလျက် ဖြန့်ဝေနိုင်ရန်ဖြစ်ပါသည်။ နိုင်ငံတကာ အကောင်းဆုံး လုပ်နည်းလုပ်ဟန်နှင့်အညီ ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲဖွဲ့စည်းသည့် လုပ်ငန်းစဉ်မစတင်မီ ခိုင်မာသော စီးပွားရေးလုပ်ငန်း အစီအစဉ်ကို ဦးစွာရေးဆွဲလျက်ရှိပါသည်။

၈၃။ **ခေတ်မီကူးသန်းရောင်းဝယ်ရေးဥပဒေ ပြုစုခြင်း။** ၂၀၁၄-၂၀၁၅ခုနှစ်တွင် ပြုစုခဲ့သော ကုမ္ပဏီများဥပဒေတွင် နိုင်ငံပိုင်လုပ်ငန်းများအပါအဝင် ကုမ္ပဏီလုပ်ငန်းကဏ္ဍကို စည်းမျဉ်းထိန်းချုပ်ရန် ခေတ်မီမူဘောင် ချမှတ်ထားပါသည်။ ယင်းဥပဒေကိုပြဋ္ဌာန်းပြီးသည့်အခါ လုပ်ငန်းများ မှတ်ပုံတင်ခြင်း၊ လုပ်ဆောင်ခြင်း၊ ပိတ်သိမ်းခြင်းများလွယ်ကူပြီး ရင်းနှီးမြှုပ်နှံခြင်း၊ အချက်အလက်များ ထုတ်ဖော်ကြေညာခြင်းနှင့် ကုမ္ပဏီအုပ်ချုပ်မှုဆိုင်ရာ လက်တွေ့လမ်းညွှန်ချက်များ ပါဝင်ပါမည်။ ဤဥပဒေသစ်နှင့်အညီ နိုင်ငံပိုင်လုပ်ငန်းများကို ကော်ပိုရေးရှင်းအဖြစ် ပြင်ဆင်ဖွဲ့စည်း မှတ်ပုံတင်သည့်အခါ ကူးသန်းရောင်းဝယ်ရေးနှင့် ကုမ္ပဏီအုပ်ချုပ်မှု လုပ်ပိုင်ခွင့်များအားကောင်းလာပြီး ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းနှင့် PPP လုပ်ဆောင်ခြင်းများကို လွယ်ကူချောမွေ့စေမည်ဖြစ်ပါသည်။ နိုင်ငံတကာအတွေ့အကြုံမှာ အောင်မြင်မှုအရှိဆုံးသော နိုင်ငံပိုင်လုပ်ငန်းများသည် အမြဲလိုလို ပုဂ္ဂလိကကုမ္ပဏီများနှင့်တစ်ပြေးညီ ကူးသန်းရောင်းဝယ်ရေး ဥပဒေမူဘောင် (ဆိုလိုသည်မှာ ကုမ္ပဏီဥပဒေ)ကို လိုက်နာရသော လုပ်ငန်းများသာဖြစ်ပါသည်။ ခေတ်မီ ကုမ္ပဏီဥပဒေ ပြဋ္ဌာန်းခြင်းဖြင့် နိုင်ငံပိုင်လုပ်ငန်းများ ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲဖွဲ့စည်းခြင်းကို များစွာ အထောက်အကူပြုပါမည်။ တစ်ပြေးညီ အသုံးပြုနိုင်သော မူဘောင် ရရှိလာပြီး နိုင်ငံပိုင်လုပ်ငန်းတစ်ခုကို ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲဖွဲ့စည်းတိုင်း သီးခြား ဥပဒေတစ်ရပ် ပြဋ္ဌာန်းရန် လိုအပ်တော့မည်မဟုတ်ပါ။

## ကျန်ရှိနေသော လစ်ဟာချက်များနှင့် စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ခြင်း

၈၄။ ယနေ့အထိ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများမှာ အထူးအောင်မြင်မှု ရရှိခဲ့ပါသည်။ သို့ရာတွင် အကျိုးသက်ဆိုင်ပါဝင်သူ များပြားပြီး မူဝါဒနှင့် အကောင်အထည်ဖော်မှုကို ချိတ်ဆက်ပေးသည့် လွှမ်းခြုံသော မဟာဗျူဟာ မရှိခြင်းကြောင့် တစ်စုတစ်စည်းတည်း မဖြစ်ဘဲရှိနေပါသည်။ ထို့ကြောင့် စီးပွားရေးတွင် နိုင်ငံတော်အစိုးရ၏ အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ရှင်းလင်းသော မူဝါဒများ၊ နိုင်ငံပိုင်လုပ်ငန်းများကို ကော်ပိုရေးရှင်းပုံစံ ပြန်လည်ဖွဲ့စည်းခြင်း၊ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းနှင့် PPP များ လုပ်ဆောင်ခြင်း မှုများနှင့် ရည်ရွယ်ချက်များအပေါ် အခြေခံလျက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်း အစီအစဉ်မှာ တစ်စုတစ်စည်းတည်း ညီညွတ်မှုရှိစေရန် ဦးစားပေးလုပ်ဆောင်ရပါမည်။ ယင်းအပေါ် ဆက်လက် တည်ဆောက်လျက် နိုင်ငံပိုင်လုပ်ငန်းများ ပြုပြင်ပြောင်းလဲရေး၊ PPP များ အသုံးပြုရေးတွင် လမ်းညွှန်အဖြစ် အသုံးပြုနိုင်ရန်နှင့် လွယ်ကူချောမွေ့စေရန် ကဏ္ဍအလိုက် မဟာဗျူဟာများ၊ လမ်းညွှန်ချက်များနှင့် အဖွဲ့အစည်း စနစ်များ ဖွဲ့စည်း တည်ထောင်နိုင်ပါသည်။

[11] လွှဲပြောင်းရယူသည့် offtake သဘောတူညီချက်မှာ အရင်းအမြစ်ထုတ်လုပ်သူနှင့် ဝယ်ယူသူအကြား နောင်အခါ ထုတ်လုပ်မည့် ပမာဏ တစ်စိတ်တစ်ဒေသကို ဝယ်ယူ/ရောင်းချရန် သဘောတူညီချက်ဖြစ်ပါသည်။

**ကဏ္ဍ ၄ အတွက် ပဏာမ လုပ်ငန်းစီမံချက် - နိုင်ငံပိုင်လုပ်ငန်းများကို ပြုပြင်ပြောင်းလဲရေး**

| | **ကာလတို လုပ်ငန်းများ (ပထမနှစ်မှ ဒုတိယနှစ်) အခြေခံဦးစားပေးများ** | **ကာလရှည် လုပ်ငန်းများ (တတိယနှစ်မှ ပဉ္စမနှစ်) အရှိန်အဟုန် မြှင့်တင်ခြင်း/ကြီးထွားခြင်း** |
|---|---|---|
| **မျှော်မှန်းချက်** - *ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဖြင့် မောင်းနှင်လျက် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများကလည်း အပြိုင်အဆိုင် လုပ်ငန်းဆောင်ရွက်ကြပြီး အများပါဝင်သော စီးပွားရေးကြီးထွားမှု ရရှိစေရန်* | | |
| **မဟာဗျူဟာ ထွက်ပေါ် ရလဒ် ၁** - နိုင်ငံပိုင် လုပ်ငန်း ပြုပြင်ပြောင်းလဲရေး အစီအစဉ်တွင် စုစည်းညီညွတ်မှု ဖန်တီးခြင်း | • တည်ရှိဆဲ နိုင်ငံပိုင်လုပ်ငန်းများကို ပြည့်စုံကျယ်ပြန့်စွာ သုံးသပ် အကဲဖြတ်မှု တစ်ရပ်ကို ပြုလုပ်ခြင်း<br>• စီးပွားရေးတွင် နိုင်ငံတော်၏ အခန်းကဏ္ဍ၊ အုပ်ချုပ်မှု အစီအမံများနှင့် စီးပွားရေး လုပ်ငန်းမူများကို အကျဉ်းဖော်ပြလျက် နိုင်ငံပိုင် လုပ်ငန်း မူဝါဒ ရေးဆွဲခြင်း<br>• နိုင်ငံပိုင် လုပ်ငန်း ပြုပြင်ပြောင်းလဲရေး အတွက် ဦးစားပေးကဏ္ဍများကို ဖော်ထုတ်ခြင်း (ဥပမာ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး)<br>• နိုင်ငံပိုင်လုပ်ငန်းများအတွက် ဝန်ထမ်းများ လျှော့ချခြင်းနှင့် ပင်စင်ပေးရန်တာဝန်များကို စီမံခန့်ခွဲရန်အတွက် လမ်းညွှန်ချက်များ ရေးဆွဲခြင်း<br>• ဦးတည်ရည်ရွယ်သော ကဏ္ဍများတွင် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်နိုင်ရေး လွယ်ကူ ချောမွေ့စေရေး ဥပဒေနှင့် စည်းမျဉ်း ထိန်းချုပ်မှု ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်ရန် ကြိုတင် ပြင်ဆင်ခြင်း | • နိုင်ငံပိုင်လုပ်ငန်း မူဝါဒအပေါ် အခြေခံလျက် နိုင်ငံပိုင်လုပ်ငန်း ဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း<br>• ကော်ပိုရေးရှင်းအဖြစ် ပြင်ဆင် ဖွဲ့စည်းခြင်း၊ ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းနှင့် PPP အခွင့်အလမ်းများကို ဖော်ထုတ်လျက် ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအစီအစဉ်များ ပြုစုခြင်း<br>• ဦးတည်ရည်ရွယ်သော ကဏ္ဍများတွင် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်နိုင်ရေး လွယ်ကူ ချောမွေ့စေရေး ဥပဒေနှင့် စည်းမျဉ်း ထိန်းချုပ်မှု ပြုပြင်ပြောင်းလဲရေးများကို ဆက်လက် လုပ်ဆောင်ခြင်း |
| **မဟာဗျူဟာ ထွက်ပေါ် ရလဒ် ၂** - နိုင်ငံပိုင် လုပ်ငန်း များသည် သီးခြား လွတ်လပ်လျက် ထင်သာမြင်သာ ရှိစွာ တာဝန်ခံမှု ဖြင့် စီးပွားရေး မူများ အရ လုပ်ငန်းများ လုပ်ကိုင်ကြခြင်း | • ကုမ္ပဏီဥပဒေ ပြဋ္ဌာန်းပြီး ကော်ပိုရေးရှင်း အဖြစ် ပြန်လည်ပြင်ဆင် ဖွဲ့စည်းထားသည့် လက်ရှိနိုင်ငံပိုင် လုပ်ငန်းများကို မှတ်ပုံတင် ခြင်း (ဥပမာ MNA, MPT, MPA, နှင့် YESC)<br>• နိုင်ငံပိုင် လုပ်ငန်းများအတွက် လုပ်ငန်း အစီအစဉ်နှင့် ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲ ဖွဲ့စည်းရေး လမ်းညွှန်ချက်များ ပြုစုခြင်း<br>• ကော်ပိုရေးရှင်းပုံစံ ပြင်ဆင်ဖွဲ့စည်းမည့် ဦးတည်ရည်ရွယ်သော နိုင်ငံပိုင်လုပ်ငန်းများ အစုအတွက် လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်း<br>• နိုင်ငံပိုင်လုပ်ငန်းများတွင် ဒါရိုက်တာများ အဖြစ် ဆောင်ရွက်မည့်သူများကို ရွေးချယ် ခန့်ထားရေး လမ်းညွှန်ချက်များ ပြုစုခြင်း<br>• နိုင်ငံပိုင်လုပ်ငန်းများအတွက် လုပ်ငန်း အစီ အစဉ် ရေးဆွဲခြင်းနှင့် အစီရင်ခံတင်ပြခြင်း လမ်းညွှန်ချက်များ ပြုစုခြင်း | • နိုင်ငံပိုင် လုပ်ငန်းများတွင် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုကို ကြီးကြပ်ရန် နိုင်ငံပိုင် လုပ်ငန်းဆိုင်ရာ ဝန်ကြီးဌာန/ စောင့်ကြည့် စစ်ဆေးရေးအဖွဲ့အစည်း တည်ထောင်ခြင်း<br>• ကုမ္ပဏီဥပဒေနှင့် နိုင်ငံပိုင်လုပ်ငန်း ဥပဒေ တို့အရ ဦးတည်ရည်ရွယ်သော နိုင်ငံပိုင် လုပ်ငန်းများကို ကော်ပိုရေးရှင်းပုံစံ ပြင်ဆင် ဖွဲ့စည်းခြင်း<br>• ကော်ပိုရေးရှင်းပုံစံ ပြင်ဆင်ဖွဲ့စည်းထား သော နိုင်ငံပိုင်လုပ်ငန်းများအားလုံးကို နိုင်ငံပိုင်လုပ်ငန်းများ ဥပဒေအောက်တွင် ထားရှိခြင်း |

**ကဏ္ဍ ၄ အတွက် ပဏာမ လုပ်ငန်းစီမံချက် - အများပြည်သူကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ မိတ်ဖက်ဆောင်ရွက်ခြင်းများ**

| | **ကာလတို လုပ်ငန်းများ (ပထမနှစ်မှ ဒုတိယနှစ်) အခြေခံဦးစားပေးများ** | **ကာလရှည် လုပ်ငန်းများ (တတိယနှစ်မှ ပဉ္စမနှစ်)အရှိန်အဟုန် မြှင့်တင်ခြင်း/ကြီးထွားခြင်း** |
|---|---|---|
| **မျှော်မှန်းချက်** - *မြန်မာနိုင်ငံတွင် (အစဉ်အလာ အများပြည်သူကဏ္ဍ ဂယ်ယူရေးနှင့် နိုင်ငံပိုင်လုပ်ငန်းများအပြင်) အစိုးရအနေဖြင့် လိုအပ်သော အခြေခံ အဆောက်အဦ ဂန်ဆောင်မှုများ ရယူနိုင်ပြီး ကုန်ကျစရိတ်အတွက် တန်ရာတန်ဖိုး အပြည့်အဝရရှိစေရန် နည်းလမ်းတစ်ရပ်ဖြစ်သည့် ခိုင်မာသော PPP လုပ်ငန်းအစီအစဉ် ပေါ်ပေါက်နိုင်မည့် အခြေအနေများ ဖန်တီးခြင်း* | | |
| **မဟာဗျူဟာ ထွက်ပေါ် ရလဒ် ၁** - ဆက်သွယ်ပြောဆိုမှု မဟာဗျူဟာဖြင့် PPP များကို အားပေးမြှင့်တင် ခြင်းနှင့် PPP စွမ်းဆောင်ရည် တည်ဆောက်ခြင်း | • PPP ဆက်သွယ်ပြောဆိုရေးအစီအစဉ်နှင့် PPP အခြေခံသင်တန်းတို့ကို ပြုစုရေးဆွဲ အကောင်အထည်ဖော်ရန် ဦးဆောင် အဖွဲ့အစည်း/ဌာနကို ဖော်ထုတ်လျက် လေ့ကျင့် သင်တန်းပေးခြင်း<br>• နိုင်ငံတော်အစိုးရ အကောင်အထည်ဖော်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍ အတွက် PPP အခြေခံသင်တန်း ပို့ချခြင်း<br>• ဆက်သွယ်ပြောဆိုရေးအစီအစဉ်ကို အကောင်အထည်ဖော်ခြင်း | • PPP အခြေခံသင်တန်းကို PPP ဌာနက ပို့ချသော တရားဝင် သင်တန်းအဖြစ် စနစ်တကျ အဆင့်မြှင့်တင်ပို့ချခြင်း<br>• လုပ်ငန်းအကောင်အထည်ဖော်သော အဖွဲ့အစည်းများတွင် PPP ဂန်ထမ်းများ စွမ်းဆောင်ရည် တည်ဆောက်ရန် ပိုမို၍ အသေးစိတ် သင်တန်းအစီအစဉ် ရေးဆွဲခြင်း |
| **မဟာဗျူဟာ ထွက်ပေါ် ရလဒ် ၂** - ပုဂ္ဂလိကကဏ္ဍက ရှင်းလင်းပြီး ထင်သာ မြင်သာရှိသော ဈေး ပြိုင်စနစ် ဖြင့် ဂယ်ယူ သည့် လုပ်ငန်းစဉ် ဖြင့် အခြေခံ အဆောက် အဦ ဂန်ဆောင်မှုများ ဖြည့်ဆည်းပေး ခြင်း | • PPP စမ်းသပ်စီမံချက်များအတွက် အလျင်အမြန် အောင်မြင်မှုရရှိနိုင်မည့် လုပ်ငန်းများ လမ်းပြမြေပုံ ရေးဆွဲခြင်း<br>• ဆောင်ရွက်ရန် စီစဉ်ထားသည့် စီမံချက်များအကြောင်း အများပြည်သူ သိရှိနိုင်ရန် PPP စာရင်း ထုတ်ပြန်ခြင်း<br>• အခြေခံအဆောက်အဦ ဂန်ဆောင်မှုများ ဖြည့်ဆည်းပေးရာတွင် PPP များမှတဆင့် ပုဂ္ဂလိကကဏ္ဍ ပါဂင်နိုင်ရန် ရှင်းလင်းပြီး ထင်သာမြင်သာရှိသော အပြိုင်အဆိုင် လုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်ခြင်း | • PPP များတွင် ပုဂ္ဂလိကကဏ္ဍ ကနဦး ပါဂင်ရာမှ ရရှိသော သင်ခန်းစာများကို စနစ်တကျ ပြုစုခြင်း<br>• PPP ဗဟိုဌာနနှင့် PPP မူဂါဒ ဘုတ်အဖွဲ့အပါအဂင် အဓိကအဖွဲ့အစည်းများ တည်ထောင်ခြင်း<br>• ရပ်တည်နိုင်မှု လစ်ဟာချက် ရန်ပုံငွေ Viability Gap Funding (VGF) နှင့်တရားဂင် ဖွံ့ဖြိုးမှု အကူအညီ Official Development Assistance (ODA) ဟန်ချက်ညီရေး တစ်ပြေးညီ ကျင့်သုံးနိုင်မည့် အစိုးရမူဂါဒရေးဆွဲခြင်း |
| **မဟာဗျူဟာ ထွက်ပေါ် ရလဒ် ၃** - PPP စမ်းသပ် အစီအစဉ်များ တစ်ခု သို့မဟုတ် တစ်ခုထက် ပို၍ လုပ်ဆောင် ပြီး ကနဦးကျွမ်းကျင်မှု တည်ဆောက်ခြင်း နှင့် ရရှိသောသင်ခန်း စာများကို ဥပဒေနှင့် အဖွဲ့အစည်းစနစ်ပိုင်း ပြုပြင် ပြောင်းလဲရေး တွင် လမ်းညွှန်အဖြစ် အသုံးပြုခြင်း | • နိုင်ငံတကာ အကောင်းဆုံး လုပ်နည်း လုပ်ဟန်များနှင့် စံသတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ၊ ပုံစံများကို အသုံးပြု လျက် ကဏ္ဍတစ်ခု သို့မဟုတ် ကဏ္ဍ အများတွင် PPP စမ်းသပ်အစီအစဉ် စတင် ဆောင်ရွက်ခြင်း | • စမ်းသပ်စီမံချက်များ ပထမအဆင့်မှ သင်ခန်းစာများ ဖော်ထုတ်ပြီး ဥပဒေနှင့် အဖွဲ့အစည်း ပြုပြင်ပြောင်းလဲမှုများ စတင် လုပ်ဆောင်ခြင်း |

| | ကာလတို လုပ်ငန်းများ (ပထမနှစ်မှ ဒုတိယနှစ်) အခြေခံဦးစားပေးများ | ကာလရှည် လုပ်ငန်းများ (တတိယနှစ်မှ ပဥ္စမနှစ်)အရှိန်အဟုန် မြှင့်တင်ခြင်း/ကြီးထွားခြင်း |
|---|---|---|
| **မဟာဗျူဟာ ထွက်ပေါ် ရလဒ် ၄** - PPP ကျွမ်းကျင်မှုများကို စုစည်းထားရှိပြီး လုပ်ငန်းအကောင်အထည်ဖော်သော အဖွဲ့အစည်းများရှိ PPP အစုအဖွဲ့များ သို့ နည်းပညာ အကူအညီ ဖြည့်ဆည်းပေးရန် အဓိက အဖွဲ့အစည်း တစ်ခု သို့ မဟုတ် အများကို ဖွံ့ဖြိုးတိုးတက်စေခြင်း | • PPP ကျွမ်းကျင်မှုများကို စုစည်းထားရှိပြီး လုပ်ငန်းအကောင်အထည်ဖော်သော အဖွဲ့အစည်းများရှိ PPP အစုအဖွဲ့များသို့ နည်းပညာ အကူအညီ ဖြည့်ဆည်းပေးရန် အဓိက အဖွဲ့အစည်းတစ်ခု သို့မဟုတ် အများကို ဖွံ့ဖြိုး တိုးတက်စေခြင်း<br>• လုပ်ငန်းအကောင်အထည်ဖော်သော အဖွဲ့အစည်းများတွင် PPP အစုအဖွဲ့များ တည်ထောင်ရန် စည်းရုံးလှုံ့ဆော်ခြင်း၊ တည်ထောင်ခြင်းနှင့် PPP စမ်းသပ်စီမံချက်များ လုပ်ဆောင်လျက် ယင်း အစုအဖွဲ့များ လုပ်ငန်းဆောင်ရွက်နိုင်မှုကို စမ်းသပ်ခြင်း | • လိုအပ်သော အဖွဲ့အစည်းများ တရားဝင် တည်ထောင်ခြင်း အထူးသဖြင့် လုပ်ငန်း အကောင်အထည်ဖော်သော အဖွဲ့အစည်းများတွင် PPP အစုအဖွဲ့များ တည်ထောင်ခြင်းနှင့် PPP စံပြပဟိုဌာန center of excellence တည်ထောင်ခြင်း |
| **မဟာဗျူဟာ ထွက်ပေါ် ရလဒ် ၅** - ဥပဒေ ပြုပြင် ပြောင်းလဲရေး အစီအစဉ် လုပ်ဆောင်လျက် PPP မူများနှင့် လုပ်ထုံးလုပ်နည်းများကို လက်ရှိ ဥပဒေ စနစ်အတွင်း ထည့်သွင်းခြင်း | • ဦးဆောင် အဖွဲ့အစည်း (မဟာဗျူဟာ ထွက်ပေါ်ရလဒ် ၄)က PPP မူဝါဒ ရေးဆွဲလျက် အစိုးရဌာနများပါဝင်သော အဖွဲ့အစည်းများနှင့် နယ်မြေခံ အစိုးရ အကြား ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ခြင်း<br>• PPP အသင့်ဖြစ်မှုကို ဥပဒေအရ အကဲဖြတ်ချက် ပြုလုပ်လျက် ဥပဒေနှင့် အဖွဲ့အစည်းပိုင်း ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်နိုင်မည့် နယ်ပယ်များ ဖော်ထုတ်ခြင်း | • လွှတ်တော်အပါအဝင် အကျိုးသက်ဆိုင် ပါဝင်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း<br>• ပကတိအခြေအနေ၊ မူဝါဒတို့နှင့် ကိုက်ညီသော ဥပဒေသစ် ရေးဆွဲခြင်း |

## ၈။ ကဏ္ဍ ၅ - မြန်မာနိုင်ငံ၏ လူသားအရင်းအနှီး အခြေခံကို တည်ဆောက်ခြင်း

### ပြုပြင်ပြောင်းလဲမှုများကို မြှင့်ဖော်ပြချက်နှင့် ဆက်စပ်အခြေအနေများ

၈၅။ ပုဂ္ဂလိကကဏ္ဍ ရှင်သန်တိုးတက်ပြီး ပြိုင်ဆိုင်နိုင်စေရန်နှင့် ခေတ်မီစီးပွားရေးဖြစ်စေရန် လူသားအရင်းအနှီးမှာ အထူးအရေးပါကြောင်း ကမ္ဘာ့အတွေ့အကြုံအရ သိနိုင်ပါသည်။ မြန်မာနိုင်ငံတွင် အောက်ဖော်ပြပါ အဓိက စီးပွားရေး အပြောင်းအလဲများကို ပံ့ပိုးမှုပေးရန် လူသားအရင်းအနှီးမှာ အထူးသဖြင့် အရေးကြီးပါမည်။

- ကမ္ဘာ့ဈေးကွက်များတွင်ပိုမိုပါဝင်ပြီး ပြည်တွင်းတွင်သာ လုပ်ဆောင်ရာမှ ပြည်ပနှင့် ချိတ်ဆက်ဆောင်ရွက်လာခြင်း
- သဘာဝသယံဇာတ ထုတ်ယူရေးကိုသာ အဓိကလုပ်ကိုင်သော စီးပွားရေးပုံစံမှ စက်ရုံထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ကဏ္ဍများကို အဓိကထားသော စီးပွားရေးပုံစံသို့ ပြောင်းလဲခြင်း
- ကဏ္ဍတစ်ခုစီအတွင်း ကျွမ်းကျင်မှုနိမ့်ကျပြီး လုပ်အားခသက်သာသော အလုပ်သမားများကိုအသုံးပြုသည့်ပုံစံမှ ပိုမို၍ တန်ဖိုးပေါင်းထည့်နိုင်သော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်နိုင်ရန် နည်းပညာအဆင့် ပိုမိုမြင့်မားစွာ အသုံးပြုလာခြင်း

၈၆။ မြန်မာနိုင်ငံ၏ လူသားအရင်းအနှီးကို တည်ဆောက်ရန် ခိုင်မာသော မူဝါဒမူဘောင် လိုအပ်ပါမည်။ အထွေထွေ ပညာရေး (general education)သည် နည်းပညာနှင့်အသက်မွေးဝမ်းကျောင်းပညာရေးနှင့် လေ့ကျင့်သင်တန်းပေးခြင်း (TVET) ပုံစံအမျိုးမျိုးနှင့် ချိတ်ဆက်မိပြီး စဉ်းစားတွေးခေါ်မှုပိုင်း-ကျွမ်းကျင်မှုများ 'soft skills' (ဥပမာ ဝေဖန်ပိုင်းခြား စဉ်းစားခြင်း၊ တီထွင်ဖန်တီးခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် ဆက်သွယ်ပြောဆိုခြင်း) နှင့် ရုပ်ဝတ္ထုပိုင်း-ကျွမ်းကျင်မှုများ 'hard skills' (ဥပမာ ဂဟေဆက်ခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုများ) လိုအပ်ချက်တိုးမြင့်လာခြင်းကို ဖြည့်ဆည်းပေးနိုင်ပါမည်။ ယနေ့အထိ မြန်မာနိုင်ငံ၏ လူသားအရင်းအနှီး အခြေခံကို အားကောင်းစေရန် ဆောင်ရွက်ချက်များမှာ အဓိက အရေးပါ သော စိန်ခေါ်မှု အခက်အခဲများနှင့် ရင်ဆိုင်နေရပါသည်။ ယင်းတို့တွင် အောက်ပါတို့ပါဝင်ပါသည်။

- ပညာရေးနှင့် လေ့ကျင့်သင်တန်းပေးရေးတွင် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှု နည်းပါးနေခြင်း
- အထွေထွေပညာရေးနှင့် TVET တွင် သင်ကြားပို့ချသည့်ဘက်မှ မောင်းနှင်သော စနစ်ဖြစ်ပြီး စာတွေ့ကို အဓိက သင် ကြားခြင်း၊ စာမေးပွဲများနှင့် အောင်လက်မှတ်များကိုဦးစားပေးပြီး လုပ်ငန်းခွင်တွင် လိုအပ်သည့် ရုပ်ဝတ္ထုပိုင်း ကျွမ်း ကျင်မှု များ 'hard skills' နှင့် စဉ်းစားတွေးခေါ်မှုပိုင်း ကျွမ်းကျင်မှုများ 'soft skills' တို့ကို အဓိကမထားခြင်း၊ ဥပမာ တရားဝင်မှတ်ပုံတင်လျက် လုပ်ဆောင်သော စိုက်ပျိုးရေးမဟုတ်သည့် လုပ်ငန်းများတွင် လုပ်ခလစာဖြင့် အသစ် ဝင် ရောက်လုပ်ကိုင်သူများအနက် အများဆုံး အစိတ်အပိုင်း (ထက်ဝက်ခန့်) မှာ အလယ်တန်း အထက်တန်း ပညာရေး ပြီးဆုံးပြီး ဝင်ရောက်လာကြသူများဖြစ်ပါသည်။ သို့သော် ကျောင်းတွင် သင်ကြားရာ၌ အလွတ်ကျက်မှတ်စေပြီး အဓိကအားဖြင့် တက္ကသိုလ်ဆက်လက်တက်ရောက်ရန် ကြိုတင်ပြင်ဆင်ပေးခြင်း ဖြစ်ပါသည်။
- နည်းပညာနှင့်အသက်မွေးဝမ်းကျောင်းပညာရေး (TVET) မတက်ရောက်နိုင်ခြင်း၊ TVET မှာလည်း အခြားရွေးချယ်နိုင် သော အောင်လက်မှတ်ရ ပညာရေးလမ်းကြောင်း တစ်ခုသာဖြစ်ပြီး လူငယ်နှင့် အလုပ်သမားအများအပြားအတွက် ကျွမ်းကျင်မှုများ ဖြည့်ဆည်းပေးသည့် ပညာရေးမဟုတ်ခြင်း

၈၇။ ယင်းသို့သော စိန်ခေါ်မှုများကြောင့် ၂၀၁၄ခုနှစ် မြန်မာစီးပွားရေးလုပ်ငန်းများစစ်တမ်းတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် အဓိက အကန့်အသတ်မှာ လူသားအရင်းအနှီး ဖြစ်သည်ဟု ဖော်ထုတ်ထားပါသည်။ မြန်မာနိုင်ငံ ဘက်စုံ ပညာရေးကဏ္ဍသုံးသပ်ချက် (CESR) အောက်တွင် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ ပံ့ပိုးမှုဖြင့် ပြုလုပ်သော ဆန်းစစ်ချက်၌ ကျွမ်းကျင်မှုပိုင်းတွင် ပိရမစ်ပြောင်းပြန်ပုံ ဖြစ်နေပြီး (အခြေခံကျွမ်းကျင်မှုများ ရရှိပိုင်ဆိုင်ထားသည့် အလုပ်သမားများ ရှား ပါးနေသည်) ယင်းမှာ စီးပွားရေး ခေတ်မီစေရေး အရေးပါသော အတားအဆီးဖြစ်နေသည်ဟု ဖော်ပြထားပါသည်။ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဘဏ်၏ စီးပွားရေးလုပ်ငန်းစစ်တမ်းမှ အချက်အလက်များကို ADB က ဆန်းစစ်ရာတွင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများရှိ တစ်နိုင်တစ်ပိုင်၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများအနက် ၅ပုံ ၄ပုံက ပညာရေးစနစ်သည် လူငယ်များအား အခြေခံ ရုပ်ဝတ္ထုပိုင်းကျွမ်းကျင်မှုများ 'hard skills' နှင့် စဉ်းစား တွေးခေါ်မှုပိုင်း ကျွမ်းကျင်မှုများ 'soft skills' ကို လုံလောက်စွာ ဖြည့်ဆည်းပေးခြင်းမရှိဟု ယူဆကြကြောင်းတွေ့ရှိရပါသည်။ သို့ရာတွင် ယင်းလုပ်ငန်းများ အနက် ၈% ကသာ ၎င်းတို့၏ အမြဲတမ်းဝန်ထမ်းများကို လေ့ကျင့်သင်တန်းပေးကြပါသည်။ အသစ်ခန့်ထားလိုက်သော

အလုပ်သမားများမှာ လေ့လာသင်ယူမှု အခြေခံအားနည်းခြင်းကြောင့် "လေ့ကျင့် သင်တန်းပေး၍ မရ" ဟူသော ရှုမြင်ပုံကို လည်း ထင်ဟပ်ပေါ်လွင်စေပါသည်။ ဂန်ဆောင်မှုကဏ္ဍနှင့် ကုမ္ပဏီကြီးများတွင် ကျွမ်းကျင်မှုအားနည်းခြင်းမှာ အဆိုးဂါး ဆုံး ဖြစ်ပါသည်။ ခေတ်သစ် စက်မှုလုပ်ငန်းများတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုရရှိရေး အဓိက အဟန့်အတားလည်း ဖြစ်ပါသည်။

၈၈။ နိုင်ငံတော်အစိုးရအနေဖြင့် ယင်းစိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်လျက် နိုင်ငံ၏ လူသားအရင်းအနှီး ဖွံ့ဖြိုး တိုးတက်စေရန် တစ်စုတစ်စည်းတည်း ဆောင်ရွက်လျက်ရှိခြင်းမှာ ကောင်းမွန်သောအချက်ဖြစ်ပါသည်။

**နိုင်ငံတကာ အကောင်းဆုံးလုပ်နည်းလုပ်ဟန်များနှင့် အခြားကဏ္ဍများနှင့် အပြန်အလှန် ဆက်စပ်မှုများ**

၈၉။ မြန်မာနိုင်ငံတွင် ခိုင်မာမှုရှိပြီး ပကတိအခြေအနေနှင့် သင့်တော်ကိုက်ညီသောမူဝါဒများ ရေးဆွဲနိုင်ရေးအတွက် နိုင်ငံတကာအတွေ့အကြုံမှ အခြေခံမူ သုံးရပ်အပေါ် ဆက်လက်တည်ဆောက်နိုင်ပါသည်။

- **အမျိုးသားအဆင့် စီးပွားရေးနှင့် စက်မှုဖွံ့ဖြိုးရေးမဟာဗျူဟာများ** (နှင့် လူမှုဖွံ့ဖြိုးရေးမဟာဗျူဟာများ) **တွင် လူ သားအရင်းအနှီး ဖွံ့ဖြိုးရေးကို အဓိကအစိတ်အပိုင်းအဖြစ် ထည့်သွင်းရန် ဖြစ်ပါသည်။**
- **ပညာရေးစနစ်များ အထူးသဖြင့် အလယ်တန်းအထက်တန်းနှင့် အဆင့်မြင့်ပညာရေး၊ TVET တို့ကို ပြန်လည်ပြင်ဆင်ပြီး** ဘွဲ့ဒီပလိုမာများ ထုတ်ပေးရေးကို အဓိကမထားဘဲ လုပ်ငန်းခွင်ကျွမ်းကျင်မှုများ သင်ကြားပေးရေးကို အဓိကထားရန် ဖြစ်ပါသည်။ အလယ်တန်း အထက်တန်းနှင့် အဆင့်မြင့်ပညာရေး ပုံမှန်လမ်းကြောင်းနှင့် TVET တို့မှာ စုစည်း ညီ ညွတ်မှုရှိပြီး မဟာဗျူဟာမြောက် ချိတ်ဆက်မိလျက် အလုပ်ရှင်များ၏ ပြောင်းလဲနေသော ရုပ်ဂုဏ္ဍပိုင်း ကျွမ်းကျင်မှု များ 'hard skills' နှင့် စဉ်းစား တွေးခေါ်မှုပိုင်း ကျွမ်းကျင်မှုများ 'soft skills' လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် မူဝါဒများနှင့် မဟာဗျူဟာများမှာ အရည်အသွေးမြင့်မားရေးနှင့် အလုပ်သမားဈေးကွက်နှင့် သက်ဆိုင်မှုရှိရေးကို ဦးစား ပေးရပါမည်။ အစိုးရအနေဖြင့် လုပ်ငန်းများနှင့်ထိတွေ့ဆောင်ရွက်ပြီး လက်ရှိနှင့် အသစ်ထွက်ပေါ်လာသော ကျွမ်း ကျင်မှုလိုအပ်ချက်များကို ဖော်ထုတ်လျက် ပညာရေးစနစ်မှ ယင်းကျွမ်းကျင်မှုများကို သင်ကြားလေ့ကျင့်ပေးနိုင်ရန် လုပ်ဆောင်ရပါမည်။
- **ဥပဒေများနှင့် မူဝါဒများမှာ TVET ကို ကဏ္ဍအများ ပါဂင်ပြီး စုစည်းညီညွတ်သော ကဏ္ဍခွဲအဖြစ် စုစည်းပေးရန် ဖြစ်ပါသည်။** နိုင်ငံအများတွင် စုစည်းညီညွတ်သော TVET ကဏ္ဍခွဲအတွက် ရှင်းလင်းသော မျှော်မှန်းချက်မရှိပါ။ TVET ကို (တရားဂင်နှင့် အလွတ်သဘော၊ ကျောင်းအခြေပြုသင်တန်းပို့ချခြင်းနှင့် အလုပ်ရှင် အစီအစဉ်ဖြင့် သင်တန်းပို့ချ ခြင်း စသည်ဖြင့်) တစ်ကွဲတစ်ပြားလုပ်ဆောင်လျက်ရှိပြီး လုပ်ငန်းများထပ်နေခြင်း၊ လစ်ဟာနေခြင်း၊ ထိရောက်သော အမျိုးသားအဆင့် စနစ်တစ်ရပ် မတည်ဆောက်နိုင်ခြင်းများ ဖြစ်ပွားနေပါသည်။ (အများပြည်သူနှင့် ပုဂ္ဂလိက TVET အဖွဲ့အစည်းများ၊ အလုပ်ရှင်က စီစဉ်ပေးသော လေ့ကျင့်သင်တန်းပေးခြင်းများ စသည်ဖြင့်) ကဏ္ဍအများပါဂင်သော် လည်း စုစည်းညီညွတ်သော TVET စနစ်အတွက် ခိုင်မာပြီး ပြည့်စုံသော အခြေခံအုတ်မြစ် ရရှိစေရန် လူမှုရေးဥပဒေ၊ မူဂါဒနှင့် စီမံကိန်းရေးဆွဲရေးတို့မှာ အထူးအရေးကြီးပါသည်။ လုပ်ငန်းလိုအပ်ချက်နှင့် ကိုက်ညီမှုရှိပြီး အလုပ်သမား များ - အထူးသဖြင့် လူငယ်များ၊ တိုင်းရင်းသားအုပ်စုများနှင့် အမျိုးသမီးများအား ရုပ်ဂုဏ္ဍပိုင်းကျွမ်းကျင်မှုများ သင် ကြားပေးလျက် အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းများ တိုးတက်ကောင်းမွန်စေရန် TVET ၏ အပိုင်းအားလုံးမှာ အံဂင်ခွင်ကျဖြစ်ရပါမည်။

၉၀။ လူသားအရင်းအနှီးကိစ္စရပ်များမှာ အခြားပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဘောင်ပါ ကဏ္ဍများရှိ စိန်ခေါ်မှုများနှင့် ချိတ် ဆက်နေပါသည်။ ဥပမာ ကျွမ်းကျင်မှု လစ်ဟာချက်များကြောင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး လစ်ဟာ ချက်များ ပိုမိုကြီးမားလာပါသည်။ ခေတ်သစ်ကဏ္ဍများတွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု နည်းပါးသွားပါသည်။ ပြည် တွင်းလုပ်ငန်းများ၏ ငွေကြေးဂန်ဆောင်မှုရရှိနိုင်မှု အားနည်းခြင်းကြောင့် လုပ်ငန်းခွင် လေ့ကျင့်သင်တန်းပေးရေး ရင်းနှီး မြှုပ်နှံမှု နည်းပါးပါသည်။ သို့ဖြစ်၍ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဘောင်တွင် ကဏ္ဍ ၅ရပ်စလုံး၌ ကြုံတွေ့ရသော စိန်ခေါ်မှု များကို ဖြေရှင်းဆောင်ရွက်ရပါမည်။ သို့မှသာ အဆိုးသံသရာလည်ရာမှ အကောင်းသံသရာဖြစ်စေရန် ပြောင်းလဲနိုင်ပါ မည်။ ဥပမာ ခေတ်သစ် ဂန်ဆောင်မှုကဏ္ဍတိုးချဲ့ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေခြင်းနှင့် စီးပွားရေး လုပ်ငန်းရှင်များ တီထွင်ဖန်တီး လုပ်ကိုင်နိုင်ခြင်းတို့အတွက် စဉ်းစား တွေးခေါ်မှုပိုင်း ကျွမ်းကျင်မှုများ 'soft skills' (ဥပမာ ပြဿနာဖြေရှင်းခြင်း၊ ဆက်သွယ်ပြောဆိုခြင်းနှင့် ငွေကြေးပိုင်း တတ်သိနားလည်ခြင်းတို့) တိုးတက်ကောင်းမွန်စေရန်

လိုအပ်ပါသည်။ အလားတူ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး ဥပဒေသစ်များသည် TVET နှင့် အဆင့်မြင့် ပညာရေးတွင် ပုဂ္ဂလိက ကဏ္ဍရင်းနှီးမြှုပ်နှံခြင်း (ဥပမာ ပုဂ္ဂလိကTVET ကျောင်းများနှင့် လုပ်ငန်းခွင်သင်တန်းများ)ကို အားပေးမြှင့်တင်နိုင်ပါ သည်။

## ပြုပြင်ပြောင်းလဲမှုများကို အကဲဖြတ်ခြင်း

၉၁။ ၂၀၁၁ခုနှစ်တွင် စတင်ခဲ့သော ပြည်သူလူထု ဗဟိုပြု ဖွံ့ဖြိုးရေး မူဝါဒများ၏ တစ်စိတ်တစ်ဒေသအဖြစ် မြန်မာနိုင်ငံသည် (TVET အပါအဝင်) ပညာရေးကဏ္ဍ မြှင့်တင်ရေး ကြိုးပမ်းအားထုတ်မှုများကို တိုးမြှင့်လုပ်ဆောင်ခဲ့ပါသည်။ ကြားဝင်ဆောင်ရွက်မှုများတွင် အောက်ပါတို့ ပါဝင်ပါသည်။

- **ပညာရေးအတွက် ဘဏ္ဍာငွေကြေးဖြည့်ဆည်းပေးခြင်းနှင့် စီမံကိန်းရေးဆွဲခြင်း** - လက်ရှိအစိုးရသည် တာဝန်ယူသည့် ပထမ ၂နှစ်အတွင်း ပညာရေးဘတ်ဂျက်ကို သုံးဆ တိုးမြှင့်သုံးစွဲခဲ့ပါသည်။ ထို့နောက်တွင်လည်း ဆက်လက် တိုးမြှင့်ပေးခဲ့ပါသည်။ ၂၀၁၂ခုနှစ် နှောင်းပိုင်းတွင် နိုင်ငံတော်အစိုးရသည် CESR ကို စတင်ဆောင်ရွက်လျက် စိန်ခေါ်မှု အခက်အခဲများကို ဖော်ထုတ်ပါသည်။ အထောက်အထားအခြေပြု အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (NESP) မူကြမ်းရေးဆွဲရေးကို ပံ့ပိုးမှုပေးပါသည်။ နိုင်ငံတော်အစိုးရပိုင်းနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများက ၂၀၁၆မှ ၂၀၁၀ ဘဏ္ဍာနှစ်အတွင်း ပိုမို၍ ရင်းနှီးမြှုပ်နှံရာတွင် စုစည်းဖော်ပြထားသော လမ်းပြမြေပုံအဖြစ် အသုံးပြုနိုင်ရန်ဖြစ်ပါသည်။
- **ဥပဒေပြုမှုဘောင်** - *အမျိုးသားပညာရေးဥပဒေ*မှာ ပညာရေးကဏ္ဍအတွက် လွှမ်းခြုံသောဥပဒေဖြစ်ပါသည်။ ဆက်လက်ပြဌာန်းမည့် ကဏ္ဍခွဲဥပဒေများဖြစ်သော *အခြေခံပညာရေးဥပဒေ၊ TVET ဥပဒေ၊ အဆင့်မြင့်ပညာရေး ဥပဒေ*နှင့် *ပုဂ္ဂလိကပညာရေးဥပဒေ* စသည်တို့အတွက် လွှမ်းခြုံသောဥပဒေဖြစ်ပါသည်။ အလုပ်သမားဥပဒေနှင့် မူဝါဒများ ကဲ့သို့သော ဖြည့်ဘက်ဖြစ်သည့် နယ်ပယ်များတွင်လည်း တိုးတက်မှု ရရှိခဲ့ပါသည်။ (ဥပမာ အနိမ့်ဆုံး လုပ်ခ မူဝါဒသစ်)
- **အထွေထွေပညာရေး ပြုပြင်ပြောင်းလဲမှုများ** - ပညာသင်ကြားနိုင်မှုကိုတိုးချဲ့ရန် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရာတွင် ပညာသင်ဆု အစီအစဉ်သစ် စတင်ခြင်းနှင့် ကျောင်းလခမယူတော့ရန် ကျောင်းများအား အစုလိုက် ထောက်ပံ့ငွေပေးခြင်းများ ပါဝင်ပါသည်။ ပညာရေးဝန်ကြီးဌာနသည် ၂၀၁၆ခုနှစ်တွင် မူကြိုတန်းသစ် စတင်ရန်လည်း စီစဉ်လျက်ရှိပါသည်။ CESR ဆန်းစစ်ချက်အပေါ် ဆက်လက်တည်ဆောက်လျက် ပညာရေးဝန်ကြီးဌာနသည် မူလတန်းနှင့် အလယ်တန်း အထက်တန်းပညာရေးအတွက် အသေးစိတ် သင်ရိုးညွှန်းတမ်းသစ်များကို ရေးဆွဲရာတွင် လမ်းညွှန်အဖြစ် အသုံးပြုနိုင်မည့် အခြေခံပညာ သင်ရိုးညွှန်းတမ်း မူဘောင်အသစ်ကို အတည်ပြုခဲ့ပါသည်။
- **TVET ပြုပြင်ပြောင်းလဲမှုများ** - *အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးရေး (ESD) ဥပဒေ* ကို ၂၀၁၃ခုနှစ်တွင် အတည်ပြုခဲ့ပါသည်။ *TVET ဥပဒေ* မူကြမ်းကို လွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ကျွမ်းကျင်မှုအခြေပြု TVET စနစ်သို့ ပြောင်းလဲခြင်းကို ပံ့ပိုးသည့်အနေဖြင့် နိုင်ငံတော်အစိုးရသည် TVET ပုံစံသစ်အဖြစ် ကျွမ်းကျင်မှုအခြေပြု သင်ခန်းစာစု module အလိုက် ရက်တိုသင်တန်းများကို စမ်းသပ်ပို့ချလျက် ရှိပါသည်။ အမျိုးသားအဆင့် ကျွမ်းကျင်မှုစံနှုန်း အာဏာပိုင်အဖွဲ့ (NSSA) နှင့် အခြားအဖွဲ့အစည်းများသည်လည်း ကျွမ်းကျင်မှုစံနှုန်းများရေးဆွဲရာတွင် တိုးတက်မှု ရရှိခဲ့ပါသည်။

## ကျန်ရှိနေသော ပြုပြင်ပြောင်းလဲရေး လစ်ဟာချက်များနှင့် စိန်ခေါ်မှုများ

- **ပညာရေးဆိုင်ရာ ဘဏ္ဍာငွေကြေးဖြည့်ဆည်းပေးခြင်းနှင့် စီမံကိန်းရေးဆွဲခြင်း** - ၂၀၁၁ခုနှစ် ဘဏ္ဍာနှစ်မှ ၂၀၁၅ခုနှစ် ဘဏ္ဍာနှစ်အထိ ပညာရေးအတွက် အများပြည်သူ အသုံးစရိတ်မှာ ဂျီဒီပီ၏ ၀.၈%မှ ၂.၀% သို့ အကြမ်းအားဖြင့် မြင့်တက်ခဲ့ပါသည်။ သို့ရာတွင် ယင်းမှာ ထိုင်းနှင့် ဗီယက်နမ်၏ ပညာရေး အသုံးစရိတ် သုံးပုံတစ်ပုံခန့်သာရှိပါသည်။ အစိုးရအပြောင်းအလဲ၊ အဖွဲ့အစည်းပိုင်း စွမ်းဆောင်ရည် လစ်ဟာချက်များနှင့် မဟာဗျူဟာများကို ရှင်းလင်းစွာ ဖော်ပြ မထားခြင်းတို့ကြောင့် လာမည့် NESP တွင် နောက်ထပ်တိုးတက်မှုမရှိဘဲ ဖြစ်နိုင်ပါသည်။ ဥပမာ ပညာရေးဝန်ကြီးဌာနသည် အမျိုးသားအဆင့် ဘက်စုံ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး စီမံကိန်း (NCHRDP) ကို တစ်ပြိုင်နက်တည်း ရေးဆွဲခဲ့ရာ လုပ်ငန်းများ ထပ်နေမည့် အန္တရာယ်ရှိပါသည်။
- **ဥပဒေမူဘောင်** - လွှမ်းခြုံသော *အမျိုးသားပညာရေးဥပဒေ* ကို အတည်ပြုပြီးနောက် စုစည်းညီညွတ်သော ပညာရေး ကဏ္ဍခွဲ ဥပဒေများနှင့် စည်းမျဉ်းများ ရရှိရေး တိုးတက်မှု အပြည့်အဝမရှိပါ။
- **အထွေထွေပညာရေးပြုပြင်ပြောင်းလဲမှုများ** - ပြုပြင်ပြောင်းလဲမှုများတွင် အရည်အသွေးနှင့် သက်ဆိုင်မှုကို လုံလောက်စွာ အလေးပေးခြင်းမရှိပါ။ အဓိကမူဝါဒ ဆုံးဖြတ်ချက်များချမှတ်ပြီး ရင်းနှီးမြှုပ်နှံမှု အမြောက်အမြား ပြုလုပ်မှ

သာ ခေတ်သစ် မြန်မာနိုင်ငံတွင် လိုအပ်သော '၂၁ရာစု' ကျွမ်းကျင်မှုများကို အလေးအနက်ထားခြင်း အပါအဝင် BECF ကို ဆောင်ရွက်နိုင်ပါမည်။

- **TVET ပြုပြင်ပြောင်းလဲမှုများ** - ဥပဒေသစ်သည် ယခင်က စိန်ခေါ်မှုအခက်အခဲများကို မဖြေရှင်းနိုင်ဘဲ ပိုမိုဆိုးဝါး စေနိုင်သည့် အန္တရာယ် ရှိနေပါသည်။ ဥပမာ *အမျိုးသားပညာရေး ဥပဒေ* တွင် TVET ကို ပညာရေး အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရေးအတွက် ဖော်ပြထားပါသည်။ (TVET ကို လုပ်ငန်းကျွမ်းကျင်မှုလိုအပ်ချက်များ ပြည့်မီရေး ပြန် လည်သတ်မှတ်ရာတွင် တိုးတက်မှုမရဘဲဖြစ်နိုင်ပါသည်။) ဤအတောအတွင်း *ESD* ဥပဒေကို *TVET* ဥပဒေ မတိုင်မီ အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ *ESD* ဥပဒေတွင် TVET အစိတ်အပိုင်းအချို့သာပါဝင်ပြီး *TVET* ဥပဒေ မူကြမ်းတွင်မူ TVET ကို သင်တန်းကျောင်းနှင့် ကျောင်းပြင်ပ နှစ်ပိုင်း ခွဲခြားထားသဖြင့် စုစည်းပေးရမည့်အစား တစ်ကွဲတစ်ပြား ဖြစ် စေနိုင်သည့် အန္တရာယ် ရှိပါသည်။

## ဆက်လက်ဆောင်ရွက်ရာတွင် ဦးစားပေးကိစ္စရပ်များ

၉၂။ မြန်မာနိုင်ငံသည် လူသားအရင်းအနှီးအခြေခံ ပိုမိုအားကောင်းစေရန် ပညာရေးစနစ်ကို အသွင်ပြောင်းလဲလျက် ရှိပါသည်။ သို့ရာတွင် အသွင်ပြောင်းလဲရေးလုပ်ငန်းများကို မဟာဗျူဟာ ရှေ့နောက်အစီအစဉ်ဖြင့် ရေရှည်လုပ်ဆောင်ရပါ မည်။ ဆက်လက်၍တိုးတက်မှုရရှိရန် အောက်ဖော်ပြပါကိစ္စရပ်များမှာ အထူး အဆောတလျင်ဆောင်ရွက်ရမည့် အရေး ကြီးသော ကိစ္စရပ်များဖြစ်ပါသည်။

- **ပညာရေးအတွက် ဘဏ္ဍာငွေကြေးဖြည့်ဆည်းပေးခြင်းနှင့် စီမံကိန်းရေးဆွဲခြင်း** - ဘတ်ဂျက်တိုးမြှင့်ပေးခြင်းအပြင် အရေးပါသည့်ကိစ္စရပ်များမှာ (၁) NESP ကို အပြီးသတ်ပြုစုပြီး နိုင်ငံတော်အစိုးရက လူသားအရင်းအနှီး ဖွံ့ဖြိုး တိုး တက်စေရန် အဓိကအစီအစဉ်အဖြစ် အပြည့်အဝ လက်ခံကျင့်သုံးခြင်း (၂) ရင်းနှီးမြှုပ်နှံမှုများအတွက် ဖြစ်နိုင်ခြေရှိ သော လမ်းပြမြေပုံကို ဦးစားပေးသတ်မှတ်ချက်များနှင့်တကွ လုပ်ဆောင်ရမည့် လုပ်ငန်းများ ရှေ့နောက် အစီအစဉ်ပါ ပါဝင်စေလျက် NESP တွင် ဖော်ပြထားခြင်း (၃) NESP ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် အဖွဲ့အစည်း စနစ်ပိုင်း စွမ်းဆောင်ရည်များနှင့် စနစ်များကို မြှင့်တင်ခြင်းတို့ဖြစ်ပါသည်။ NESP ကို အကောင်အထည်ဖော်ရန် ဗဟို အဆင့်နှင့် နယ်မြေခံအဆင့် အဖွဲ့အစည်းများရှိ လူ့စွမ်းအားအရင်းအမြစ်များအတွက် NCHRDP ကို အဓိကထား လုပ် ဆောင်ခြင်းဖြင့် ယင်းရည်မှန်းချက်များ အောင်မြင်စေရန် ပံ့ပိုးမှုပေးနိုင်ပြီး လုပ်ငန်းများထပ်နေခြင်းကိုလည်း ရှောင်ရှား နိုင်ပါမည်။
- **ဥပဒေမူဘောင်** - ပညာရေးကဏ္ဍ ဥပဒေသစ်များနှင့် စည်းမျဉ်းသစ်များမှာ (၁) နီးကပ်စွာ ညှိနှိုင်းပေါင်းစပ် ဆောင် ရွက်ပြီး တစ်စုတစ်စည်းတည်း ရှိရပါမည် (၂) ဆောင်ရွက်မည့် လုပ်ငန်းများကို ရှေ့နောက်စီစဉ်ထားပြီး အဖွဲ့အစည်း စနစ်ပိုင်း စွမ်းဆောင်ရည်များအားကောင်းလာမှသာ ပိုမိုခက်ခဲမည့် ပြုပြင်ပြောင်းလဲမှုများကို အဆင့်ဆင့် လုပ် ဆောင် သွားရန်ဖြစ်ပါသည်။ (၃) အလုပ်အကိုင်နှင့် အလုပ်ရှင်အလုပ်သမား ဆက်ဆံရေးကဲ့သို့သော ပိုမိုကျယ်ပြန့်သည့် နယ် ပယ်များတွင် ဥပဒေ ပြုပြင်ပြောင်းလဲမှုများပါ ဖြည့်ဖက်အဖြစ် တစ်ပါတည်း ပါဝင်ရပါမည်။
- **အထွေထွေပညာရေးပြုပြင်ပြောင်းလဲမှုများ** - မူဝါဒသစ်များတွင် ငယ်ရွယ်သော အမျိုးသား အမျိုးသမီးများအတွက် ကျောင်းပညာရေးမှ အလုပ်အကိုင်သို့ချိတ်ဆက်မှုများကို ပိုမိုရှင်းလင်းစွာဖော်ပြပြီး အလေးအနက်ပြုရန် လိုအပ်ပါ သည်။ စိုက်ပျိုးရေးမဟုတ်သောအလုပ်အကိုင်များတွင် အသစ်ဝင်ရောက်လုပ်ကိုင်သူထက်ဝက်မှာ အလယ်တန်း အ ထက်တန်းပညာရေးမှ လာရောက်ကြခြင်းဖြစ်သောကြောင့် စဉ်းစားတွေးခေါ်သည့် ကျွမ်းကျင်မှုများကို တိုးတက်ဖွံ့ဖြိုး စေရေး အဓိကထားလုပ်ဆောင်ရန် အထူးဦးစားပေးရပါမည်။ အခြေခံပညာရေးသင်ရိုးညွှန်းတမ်း မူဘောင် BECF အပေါ် ဆက်လက်တည်ဆောက်လျက် သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲရေးများ အကောင်အထည်ဖော်ရန် အချိန် ကာလသတ်မှတ်ချက်နှင့် မဟာဗျူဟာအတွက် ဂရုတစိုက် ဆုံးဖြတ်ချက်များချမှတ်ရန်လိုအပ်ပါသည်။ နောက်ဆုံး အနေဖြင့် ယင်းပြုပြင်ပြောင်းလဲရေးများနှင့်စပ်လျဉ်း၍ ကျယ်ပြန့်စွာ အများပြည်သူအား ဆက်သွယ်ပြောဆိုရန် အရေး ကြီးပါသည်။
- **TVET ပြုပြင်ပြောင်းလဲမှုများ** - TVET ကို ကျောင်းသင်နှင့် ကျောင်းပြင်ပဟု နှစ်ပိုင်းခွဲခြားလိုက်ခြင်းမှာ TVET ကို တစ်ကွဲတစ်ပြားဖြစ်စေနိုင်ကြောင်း ကမ္ဘာ့အတွေ့အကြုံအရ သိနိုင်ပါသည်။ နောက်ဆုံးအတည်ပြုသည့် TVET ဥပဒေ နှင့် ဆက်စပ်ဥပဒေများမှာ (အလုပ်ရှင်က ဖြည့်ဆည်းပေးသော ကျွမ်းကျင်မှု ဖွံ့ဖြိုးရေး အပါအဝင်) TVET အမျိုးအစား အားလုံးကိုလွှမ်းခြုံသည့် စုစည်းညီညွတ်သောမူဘောင် ဖြည့်ဆည်းပေးရန် အရေးကြီးပါသည်။ ယင်းအတွက် ၂၀၁၃ ခုနှစ် *ESD* ဥပဒေကို ပြင်ဆင်ရန်စဉ်းစားရနိုင်ပါသည်။ ယေဘုယျအားဖြင့် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ အား

လုံးနှင့် ပုဂ္ဂလိကကဏ္ဍတို့တွင် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုကို ပံ့ပိုးမှုပေးရေး အစီအမံများကို အားကောင်းစေရန် အရေးကြီးပါသည်။

၉၃။ ခိုင်မာသော မူဝါဒ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ပြီး နောင်အခါ ဆက်လက်တိုးတက် ကောင်းမွန်စေရန် ပိုမိုခိုင်မာသော အခြေခံရရှိရေးအတွက် အထက်ဖော်ပြပါကိစ္စရပ်များ၊ ယင်းကိစ္စရပ်များ၏ ပိုမိုကျယ်ပြန့်သော အဓိပ္ပာယ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရအဖွဲ့အစည်းများ၊ လုပ်ငန်းစုနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်း အကျိုးသက်ဆိုင် ပါဝင်သူများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများအကြား ဆက်လက်ဆွေးနွေးရန် အထူးအရေးကြီးပါသည်။

**ကဏ္ဍ ၅ အတွက် ပဏာမ လုပ်ငန်းစီမံချက် - မြန်မာနိုင်ငံ၏ လူသားအရင်းအနှီး အခြေခံကို တည်ဆောက်ခြင်း**

| | **ကာလတို လုပ်ငန်းများ (ပထမနှစ်မှ ဒုတိယ နှစ်) အခြေခံဦးစားပေးများ** | **ကာလရှည် လုပ်ငန်းများ (တတိယနှစ်မှ ပဉ္စမ နှစ်) အရှိန်အဟုန်မြှင့်တင်ခြင်း/ ကြီးထွားခြင်း** |
|---|---|---|
| **မျှော်မှန်းချက်** - *မြန်မာနိုင်ငံ၏ (စဉ်းစားတွေးခေါ်ခြင်းနှင့် ရုပ်ဂဝတ္ထုပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများအပါအဝင်) လူသား အရင်းအနှီး အားကောင်းရေး ကြိုးပမ်းအားထုတ်မှုများကို ပံ့ပိုးရန်၊ ရှင်သန်တိုးတက်သော ပုဂ္ဂလိကကဏ္ဍနှင့် စီးပွားရေး ပေါ်ပေါက်လာရေး အားပေးမြှင့်တင်ရန်၊ အများပါဝင်သော ကြီးထွားမှု၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ပိုမို ကျယ်ပြန့်သော လူမှုစီးပွားရေး ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်စေရန်* | | |
| ***အထွေထွေ ဦးစားပေးများ*** | • မဟာဗျူဟာ ဦးစားပေးများနှင့် စပ်လျဉ်း၍ အားလုံးသဘောတူညီမှု အခိုင်အမာ ရယူခြင်း၊ စွမ်းဆောင်ရည်များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သည့် အစီအမံများ တည်ဆောက်ခြင်း၊ အခြေခံအုတ်မြစ်များ တည်ဆောက် ခြင်း | • စနစ်တည်ဆောက်မှု အပြီးသတ်ခြင်း၊ ကနဦး ပြုပြင်ပြောင်းလဲမှုများမှ အောင်မြင်မှုများကို ခိုင်မာအောင် ဆောင်ရွက်ခြင်း၊ ဦးစားပေး နယ်ပယ်များတွင် ရင်းနှီးမြှုပ်နှံမှုများ စတင်၍ တိုးချဲ့ခြင်း |
| **ဦးစားပေး ကိစ္စရပ် ၁ - ပညာရေး အတွက် ဘဏ္ဍာ ငွေကြေး ဖြည့်ဆည်း ပေးခြင်းနှင့် စီမံကိန်း ရေးဆွဲခြင်း** | ကဏ္ဍအလိုက် လက်တွေ့လုပ်ဆောင်နိုင်ပြီး စုစည်း ညီညွတ် လျက် ပြောင်းလဲနေသော လုပ်ငန်းစု၏ တောင်းဆိုမှုများကို တုံ့ပြန်နိုင် သော မူဝါဒများနှင့် စီမံကိန်းများ အပြီးသတ်ရေးဆွဲလျက် စတင်ဆောင်ရွက်နိုင်ရန် <u>အဓိက လုပ်ဆောင် ရမည့်လုပ်ငန်းများ</u><br>• အမျိုးသား ပညာရေးမဟာဗျူဟာ စီမံချက် (NESP) မူကြမ်းကို အစိုးရသစ်က ပြန်လည်သုံးသပ်လျက် အသေးစိတ် ညှိနှိုင်း ပြင်ဆင်ပြီး အပြီးသတ်ပြုစုခြင်း၊ ဂရုတစိုက် ဦးစားပေး သတ်မှတ်ခြင်း၊ လုပ်ငန်းများ ရှေ့နောက်စီစဉ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း စွမ်းဆောင်ရည်ဆိုင်ရာ အပိုင်းကဏ္ဍများကို အလေးအနက်ပြုပြီး အချက်အလက် သစ်များကို အသုံးပြုခြင်း (ဥပမာ သန်းခေါင်စာရင်း၊ အလုပ်သမား အင်အားစုစစ်တမ်း)<br>• အဓိကသော့ချက် ပြုပြင်ပြောင်းလဲမှုများကို ဆက်သွယ်ပြောဆိုခြင်းနှင့် အကျိုးသက်ဆိုင်ပါဝင်သူများနှင့် ထိတွေ့ဆက်ဆံရန် အစီအမံသစ်များ ရေးဆွဲ/ဆောင်ရွက်ခြင်း (ဥပမာ နိုင်ငံတော်အစိုးရ၊ လုပ်ငန်းစု၊ အလုပ်သမား သမဂ္ဂများ)<br>• ဘတ်ဂျက်လုံလောက်စေရန်နှင့် ဖြည့်စွက်အရင်းအမြစ်များ ရရှိစေရန် လုပ်ဆောင်ခြင်း၊ NESP / အမျိုးသား စီမံကိန်းကို အပြီးသတ်ပြုစုပြီး ကနဦးအစီအစဉ်များကို ဆောင်ရွက်ခြင်း | ငွေကြေးအရင်းအမြစ်များ တိုးမြှင့်ပံ့ပိုးလျက်လာမည့် ၅နှစ် စီမံကိန်း ကာလအတွက် ဦးစားပေးများ သတ်မှတ်ထားရှိလျက် NESP ကို အပြည့်အဝ အကောင်အထည်ဖော်ရန် လုပ်ဆောင်ရမည့် <u>အဓိကလုပ်ဆောင်ရမည့် လုပ်ငန်းများ</u><br>• ဘတ်ဂျက်နှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ ထံမှ ပံ့ပိုးမှုတိုးမြှင့်ပေးအပ်ခြင်း (အပြီးသတ် NESP တွင် ညှိနှိုင်းဖော်ပြရန်ဖြစ်ပါသည်)နှင့် သင့်တော်သော နယ်ပယ်များတွင်/ သင့်တော်သော နည်းလမ်းများဖြင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ခြင်း (ဥပမာ အများပြည်သူ/ ပုဂ္ဂလိက မိတ်ဖက်လုပ်ဆောင်ခြင်းများ)<br>• အပြီးသတ် NESP /အမျိုးသားစီမံကိန်းတွင် ဖော်ထုတ်ထားသော အဓိက အစောပိုင်းအဆင့် ဦးစားပေး လုပ်ငန်းအစီအစဉ်များကို အကောင် အထည်ဖော်ခြင်း<br>• အကျိုးသက်ဆိုင်ပါဝင်သူများ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သည့် အစီအမံများကို နက်ရှိုင်းစေခြင်းနှင့် အကဲဖြတ်သုံးသပ်ရေး၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် စီမံကိန်း ရေးဆွဲရေးတို့တွင် အကျိုးသက်ဆိုင် ပါဝင်သူများ ပါဝင်စေခြင်း |

| | ကာလတို လုပ်ငန်းများ (ပထမနှစ်မှ ဒုတိယ နှစ်) အခြေခံဦးစားပေးများ | ကာလရှည် လုပ်ငန်းများ (တတိယနှစ်မှ ပဥ္စမ နှစ်) အရှိန်အဟုန်မြှင့်တင်ခြင်း/ ကြီးထွားခြင်း |
|---|---|---|
| **ဦးစားပေး ကိစ္စရပ် ၂ - ဥပဒေပြု မူဘောင်** | ဥပဒေပြု မူဘောင်သည် ကြောင်းကျိုး ဆီလျော်ပြီး အဓိကဥပဒေများကိုအတည်ပြုပြီး/ အချင်းချင်း ကိုက်ညီမှုရှိစေရန် ညှိနှိုင်းခြင်း၊ ဥပဒေပြုရေးနှင့် စီမံကိန်းရေးဆွဲရေးအတွက် စုစည်း ညီညွတ်ပြီး ထိရောက်သော အခြေခံဖြစ်စေခြင်းတို့အတွက် <u>အဓိကလုပ်ဆောင်ရမည့် လုပ်ငန်းများ</u><br>• မြန်မာနိုင်ငံ၏ ပကတိ အခြေအနေနှင့် နိုင်ငံတကာ အတွေ့အကြုံကို ထည့်သွင်း စဉ်းစားလျက် နောင်အခါ ဥပဒေပြုမှု မူဘောင် ဖွဲ့စည်းမှုပုံသဏ္ဍာန် နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ယင်းမူဘောင် ကို အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း အားလုံး သဘောတူညီမှု ရရှိရေး အကျိုးသက်ဆိုင်ပါဝင်သူများကို ပါဝင်ဆောင်ရွက်စေခြင်းနှင့် ပညာရေးနှင့် ပတ်သက်သော ဥပဒေများကိုထည့်သွင်းခြင်း<br>• တစ်ပြေးညီ စုစည်းမှုရှိသော ဥပဒေမူဘောင်ဖြစ်စေရန် တည်ဆဲဥပဒေများနှင့် အဆိုပြုထားသော ဥပဒေများအကြား လိုအပ်သည့် ချိတ်ဆက်မှုများကို ဖော်ထုတ်ခြင်း<br>• ဤမူဘောင်အပေါ် အခြေခံလျက် (ပညာရေး အလုပ်သမား စသည့်) ပင်မ ဥပဒေများကို ဆက်လက်၍ ပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် အပြီးသတ်ပြုစုခြင်း | အားကောင်းပြီး အများပါဝင်လျက် လက်တွေ့ကျပြီး အကောင်အထည်ဖော်နိုင်သော ဥပဒေပြုမူဘောင်တစ်ရပ်ကို အပြည့်အစုံ ချမှတ်ထားရှိနိုင်ရန်နှင့် အသေးစိတ် စည်းမျဉ်းများ ရေးဆွဲပြီး ထိရောက်စွာ ကျင့် သုံးနိုင်ရန် <u>အဓိကလုပ်ဆောင် ရမည့်လုပ်ငန်းများ</u><br>• ပင်မဥပဒေများကို ထိရောက်စွာ ကျင့်သုံးနိုင်စေရန် သက်ဆိုင်ရာ အကျိုးသက်ဆိုင်ပါဝင်သူများနှင့် ထိတွေ့ဆောင်ရွက်လျက် ပံ့ပိုးမှုပေးသော ဥပဒေများနှင့် စည်းမျဉ်းများ အသေးစိတ် ပြုစုခြင်း<br>• အကောင်အထည်ဖော်ရန် တာဝန်ပေးအပ်ထားသော အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို တိုးမြှင့်ပေးခြင်း<br>• ဥပဒေများ ထိရောက်မှုကို စဉ်ဆက်မပြတ် အကဲဖြတ်ခြင်း၊ အကောင်အထည်ဖော်ခြင်း အပိုင်းကဏ္ဍများနှင့် မြန်မာနိုင်ငံ အခြေအနေနှင့် သင့်တော်ခြင်း အပါအဝင် ဖြစ်ပါသည်။ |

| | **ကာလတို လုပ်ငန်းများ (ပထမနှစ်မှ ဒုတိယ နှစ်) အခြေခံဦးစားပေးများ** | **ကာလရှည် လုပ်ငန်းများ (တတိယနှစ်မှ ပဉ္စမ နှစ်) အရှိန်အဟုန်မြှင့်တင်ခြင်း/ ကြီးထွားခြင်း** |
|---|---|---|
| **ဦးစားပေး ကိစ္စရပ် ၃ - အထွေထွေ ပညာရေး ပြုပြင် ပြောင်းလဲမှု များ** | အထွေထွေပညာရေး ပြုပြင်ပြောင်းလဲသည့် မဟာဗျူဟာများကို အပြီးသတ် ပြုစုရန်နှင့် အရည်အသွေးနှင့် သက်ဆိုင်မှု တိုးတက်ကောင်းမွန်စေရန် ပြုပြင်ပြောင်းလဲခြင်းကို အလေးအနက်ပြုလျက် ပြုပြင်ပြောင်းလဲရေး အခြေခံအုတ်မြစ်အပိုင်းများ ချမှတ်ပြီးဖြစ်ရန် <u>အဓိကလုပ်ဆောင် ရမည့်လုပ်ငန်းများ</u><br>• အဓိကကျသော မူဂါဒကိစ္စရပ်များတွင် အားလုံး သဘောတူညီမှု ရရှိရေး ထပ်မံဆွေးနွေးခြင်းနှင့် သင်ရိုးညွှန်းတမ်းတွင် ပါဝင်သော အကြောင်းအရာများ၊ သင်ကြားနည်း၊ အကဲဖြတ်ခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ အပါအဝင် အခြေခံ ပညာရေး ပြုပြင်ပြောင်းလဲမှုများအတွက် မဟာဗျူဟာ/ အချိန်ဇယားကို အပြီးသတ် ပြုစုခြင်း<br>• မြန်မာနိုင်ငံတွင်းရှိ အဖွဲ့အစည်းများကို စုစည်းခြင်းနှင့်/သို့မဟုတ် ကိုယ်ပိုင် ဆုံးဖြတ်ဆောင်ရွက်နိုင်စေခြင်းအပါအဝင် အဆင့်မြင့်ပညာအတွက် အကျိုးသက်ဆိုင်ပါဝင်သူများကို ပါဝင်စေလျက် ဆက်လက် အကဲဖြတ်ပြီး ပြုပြင်ပြောင်းလဲရေးအတွက် လက်တွေ့ဖြစ်နိုင်ပြီး အဆင့်လိုက်ဖော်ပြ ထားသော မဟာဗျူဟာများ ဖော်ထုတ်ခြင်း၊<br>• အထွေထွေပညာရေးနှင့် TVETကိုချိတ်ဆက်ပေးသော လေ့လာသင်ယူမှု လမ်းကြောင်းများကို ဖော်ထုတ်ထားရှိခြင်း<br>• အသေးစိတ် အစီအစဉ် ရေးဆွဲခြင်း/ ရှေ့နောက် စီစဉ်ခြင်း၊ အရင်းအမြစ် ဖြည့်ဆည်းပေးခြင်း၊ အဖွဲ့အစည်းပိုင်း စွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ ကနဦး ပြုပြင်ပြောင်းလဲရေးအပိုင်းများ ဆောင်ရွက်ခြင်း | • အခြေခံအုတ်မြစ်အပေါ် ဆက်လက် တည်ဆောက်ပြီးတိုးချဲ့ရန်၊ အရှိန်မြှင့်တင်ပြီး ကနဦး အောင်မြင်မှု များကို ခိုင်မာစေရန် (စနစ်တည်ဆောက်ခြင်းနှင့် အရည်အသွေး /သက်ဆိုင်မှုကို ဆက်လက် ၍ အဓိကထားလျက်) <u>အဓိကလုပ်ဆောင် ရမည့်လုပ်ငန်းများ</u><br>• ကနဦးအဆင့် ပြုပြင်ပြောင်းလဲမှုများအရ တိုးတက်မှုကို ပြန်လည်သုံးသပ်ခြင်းနှင့် ဆက်လက်၍ ပြုပြင်ပြောင်းလဲရန် အစီအစဉ် အတွက် ရေးဆွဲထားသော စီမံကိန်းများကို ပိုမို ကောင်းမွန်စေခြင်း<br>• (တိုင်းဒေသကြီး/ပြည်နယ်အဆင့် အပါအဝင်) ပြုပြင်ပြောင်းလဲမှုများကို ထိရောက်စွာ အကောင် အထည်ဖော်ရန် စွမ်းဆောင်မှုများကို ဆက်လက်၍ ကျယ်ပြန့်စေခြင်းနှင့် နက်ရှိုင်းစေခြင်း၊ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်ရေး ပံ့ပိုးမှုပေးရန် အထူးပြု အသိပညာ ရှိသော အမျိုးသားအဆင့် ကျွမ်းကျင်သူများကို ဆက်လက်၍ စုစည်းထားရှိခြင်း (ဘတ်ဂျက် ရန်ပုံငွေများနှင့် ပြည်ပတွင် လေ့လာသင်ယူရန် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ပါဝင်နိုင်ပါသည်။)<br>• ပြုပြင်ပြောင်းလဲမှုများ၏ ထိရောက်မှုကို စဉ်ဆက်မပြတ် အကဲဖြတ်လျက် အဆင့်မြှင့်တင် ဆောင်ရွက်ရာတွင် ပြန်လည် ထည့်သွင်းခြင်းနှင့် ပိုမိုကျယ်ပြန့်လာသော ပြုပြင်ပြောင်းလဲရေး အစီအစဉ်အတိုင်း ဆောင်ရွက်နိုင်ရေး ရင်းနှီး မြှုပ်နှံမှုများ တိုးချဲ့ရန် ပံ့ပိုးမှုပေးခြင်း |

| | **ကာလတို လုပ်ငန်းများ (ပထမနှစ်မှ ဒုတိယ နှစ်) အခြေခံဦးစားပေးများ** | **ကာလရှည် လုပ်ငန်းများ (တတိယနှစ်မှ ပဥ္စမ နှစ်) အရှိန်အဟုန်မြှင့်တင်ခြင်း/ ကြီးထွားခြင်း** |
|---|---|---|
| **ဦးစားပေး ကိစ္စရပ် ၄ - TVET ပြုပြင် ပြောင်းလဲမှု များ** | • ကဏ္ဍအများ ပါဝင်ပြီး စုစည်းညီညွတ်လျက် လုပ်ငန်းမှ မောင်းနှင်ပေးသော TVET ကဏ္ဍခွဲ စနစ်တည်ဆောက်ရေးအတွက် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာများ အပြီးသတ်ပြုစုရန်နှင့် စတင်ကျင့်သုံးရန် <u>အဓိက လုပ်ဆောင် ရမည့်လုပ်ငန်းများ</u><br>• CESR တွေ့ရှိချက်များကို ထည့်သွင်းစဉ်းစားခြင်း၊ နောက်ထပ် အကြံဉာဏ်တောင်းခံခြင်း၊ TVET ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်များကို သဘောတူညီမှု ရယူရန် အကျိုးသက်ဆိုင် ပါဝင်သူများနှင့် ထိတွေ့ဆောင်ရွက်ခြင်း (ဥပမာ အစိုးရနှင့် လုပ်ငန်းစု အကြား ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သည့် အစီအမံများ၊ TVET ကောင်စီ)<br>• အသေးစိတ်အစီအစဉ်များ ရေးဆွဲခြင်း/ ရှေ့နောက်စီစဉ်ခြင်း၊ အရင်းအမြစ် ဖြည့်ဆည်းပေးခြင်း၊ အဆင့်လိုက်စနစ် တည်ဆောက်နိုင်ရန် ပံ့ပိုးမှုပေးသည့် အဖွဲ့ အစည်းပိုင်း စွမ်းဆောင်ရည် တည်ဆောက် ခြင်း၊ ကနဦး ရင်းနှီးမြှုပ်နှံမှုများမှ ကာလရှည် စနစ် တည်ဆောက်ရေးအတွက် အကျိုးကျေးဇူး အများဆုံး ထွက်ပေါ်ရန် လုပ်ဆောင်ခြင်း (ဥပမာ ကျွမ်းကျင်မှု အခြေပြု သင်ခန်းစာစု module အလိုက် ရက်တို သင်တန်းများ စသည်)<br>• အရည်အသွေး မြင့်မား/သက်ဆိုင်မှု ရှိသော TVET တက်ရောက်သင်ကြားနိုင်မှု တိုးချဲ့ပေးရန် အများပြည်သူနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ စတင်တိုးချဲ့ရေး ပုဂ္ဂလိကကဏ္ဍနှင့် ဆွေးနွေးခြင်း | • TVET ပြုပြင်ပြောင်းလဲမှုများသည် အခြေခံအုတ်မြစ်များအပေါ် ဆက်လက် တည်ဆောက်နိုင်ပြီး ပြုပြင်ပြောင်းလဲမှုများကို တိုးချဲ့ လုပ်ဆောင်ရန်၊ အရှိန်အဟုန် မြှင့်တင်ရန်၊ ကနဦး တိုးတက်မှုများ ခိုင်မာစေရန် (စနစ်တည်ဆောက်ခြင်းနှင့် အရည်အသွေး/သက်ဆိုင်မှုကို ဆက်လက်၍ အဓိကထားလျက်) <u>အဓိကလုပ်ဆောင်ရမည့်လုပ်ငန်းများ</u><br>• ကနဦးအဆင့် ပြုပြင်ပြောင်းလဲမှုများအရ တိုးတက်မှုကို ပြန်လည်သုံးသပ်ခြင်းနှင့် ဆက်လက်၍ ပြုပြင်ပြောင်းလဲရန် အစီအစဉ်အတွက် ရေးဆွဲထားသော စီမံကိန်းများကို ပိုမို ကောင်းမွန်စေခြင်း<br>• အမျိုးသားအဆင့် စနစ်များနှင့် အဖွဲ့ အစည်းပိုင်း စွမ်းဆောင်မှုများ တည်ဆောက်ရေးကို ဆက်လက်၍ အလေးအနက်ထားခြင်း၊ တစ်ချိန်တည်းတွင် နယ်မြေဒေသတွင်း ကျွမ်းကျင်မှုလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အစီအမံများကို ပိုမို၍ အဓိကထား လုပ်ဆောင်ခြင်း<br>• ပြုပြင်ပြောင်းလဲမှုများ၏ ထိရောက်မှုကို စဉ်ဆက်မပြတ် အကဲဖြတ်လျက် အဆင့်မြှင့်တင် ဆောင်ရွက်ရာတွင် ပြန်လည်ထည့်သွင်းခြင်းနှင့် ပိုမိုကျယ်ပြန့်လာသော ပြုပြင်ပြောင်းလဲရေး အစီအစဉ်အတိုင်း ဆောင်ရွက်နိုင်ရေး ရင်းနှီး မြှုပ်နှံမှုများ တိုးချဲ့ရန် ပံ့ပိုးမှုပေးခြင်း |

## ၉။ ကဏ္ဍအများနှင့် သက်ဆိုင်သော အကြောင်းအရာများနှင့် လုပ်ငန်းစီမံချက်များ

၉၄။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အကဲဖြတ်ခြင်းနှင့် အတည်ပြုခြင်းလုပ်ငန်းစဉ်တွင် ဤစာတမ်း၏ ရှေ့အပိုင်းများတွင် ဖော်ပြခဲ့သော ကဏ္ဍအလိုက် တွေ့ရှိချက်များအပြင် အောက်ဖော်ပြပါ အရေးပါသော ကဏ္ဍအများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကိုလည်းတွေ့ရှိရပါသည်။

- ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်မှာကျယ်ပြန့်ပြီး ဒေသအဆင့် ပြိုင်ဆိုင်မှု တိုးတက်များပြားခြင်း အပါအဝင် **အလွန်ခက်ခဲသော အခြေအနေများတွင် ထူးခြားစွာ တိုးတက်မှုရရှိပါသည်။** စိန်ခေါ်မှု အခက်အခဲများ များပြားပြီး မျှော်မှန်းချက်များ မြင့်မားနေခြင်းကြောင့် ပုဂ္ဂလိကကဏ္ဍ တိုးတက်မှုနှင့် ရှင်သန်လှုပ်ရှားမှုကိုအားပေးမြှင့်တင်သည့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး အခြေခံ ပြုပြင်ပြောင်းလဲမှုကို အဆောတလျင် ဆောင်ရွက်ရပါမည်။

- **နိုင်ငံတော်အစိုးရ၏ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများမှာ ရည်ရွယ်ချက်ကောင်းမွန်သော်လည်း** ဗဟိုမှစီမံကိန်းရေးဆွဲသည့် လုပ်နည်းလုပ်ဟန်များ၊ ကဏ္ဍ/အဖွဲ့အစည်း/ဝန်ကြီးဌာနတို့က သီးခြား လုပ်ဆောင်နေခြင်းများကို အမွေဆက်ခံရခြင်းကြောင့် အကန့်အသတ်ရှိပါသည်။ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှု အားနည်းခြင်း၊ အကောင်အထည်ဖော်မှု အချိတ်အဆက်မမိဘဲ ဂန်ထုပ်ဂန်ပိုးဖြစ်နေခြင်းများရှိပါသည်။

- **အပြောင်းအလဲဖြစ်စေရန် မောင်းနှင်လျက်ရှိသော အကြောင်းအချက်များ များပြားနေပြီး နိုင်ငံတော်အစိုးရ၏ စွမ်းဆောင်ရည် အဆုံးစွန်အထိရောက်ရှိနေပါသည်။** နိုင်ငံရေး အသွင်ကူးပြောင်းမှု လျင်မြန်ခြင်း၊ အဆောတလျင် ဆောင်ရွက်ပေးရမည့် ပြည်သူ့ဆန္ဒများရှိနေခြင်း၊ ဒေသအဆင့် တစ်ပေါင်းတည်းစုစည်းရန် ကတိကဝတ်များအတိုင်း လုပ်ဆောင်ရခြင်းနှင့် နိုင်ငံတကာအကူအညီနှင့် ရင်းနှီးမြှုပ်နှံမှု လျင်မြန်စွာကြီးထွားလာခြင်းတို့ကြောင့် အစိုးရပိုင်းမှ ဥပဒေပြုခြင်းနှင့် လုပ်ငန်းအစီအစဉ် ဖွံ့ဖြိုးရေးတို့ ပိုမိုဆောင်ရွက်လျက်ရှိပါသည်။

- **သီးခြားစီ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုမရှိသော** ဥပဒေပြုခြင်းနှင့် မူဝါဒနှင့် လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း၊ လုပ်ပိုင်ခွင့်နှင့် ဆက်သွယ်ပြောဆိုမှု လမ်းကြောင်းများ မရှင်းလင်းခြင်းများမှာ လွှမ်းခြုံသော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးမှု မူဝါဒ မူဘောင် မရှိခြင်း၊ ကဏ္ဍအများနှင့် သက်ဆိုင်သော မဟာဗျူဟာများ၊ ကဏ္ဍတစ်ခုလုံးအတွက် မဟာဗျူဟာများ မရှိခြင်းကြောင့် ပိုမိုဆိုးဝါးသွားပါသည်။

- နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်ကြီးမားသော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးမှု မျှော်မှန်းချက်နှင့် ရည်မှန်းချက်ပန်းတိုင်များမှာ ခေတ်မမီတော့သော အများပြည်သူကဏ္ဍ အတွေးအခေါ်၊ မနိုင်ဝန်ထမ်းဆောင်နေရသော နိုင်ငံ့ဝန်ထမ်းများနှင့် မထိရောက်သော အဖွဲ့အစည်းစနစ်ပိုင်း အစီအမံများအကြားတွင် ကြီးမားသော **ဆန့်ကျင်ဘက် ဂိရောဓိ အခြေအနေ** ဖြစ်ပေါ်နေပါသည်။ ယခင်က ချဉ်းကပ်ပုံများကို ဆက်လက်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အစိုးရ၏ မျှော်မှန်းချက်များနှင့် အစိုးရ - ပုဂ္ဂလိကကဏ္ဍတို့ နှစ်ဘက်ရင်ဆိုင်နေရသော စိန်ခေါ်မှု အခက်အခဲများအကြားကွာဟချက်ကို ဖြည့်ဆည်းပေးနိုင်မည်မဟုတ်ပါ။

- **ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးကို အများပြည်သူကဏ္ဍမှ ထိရောက်စွာပံ့ပိုးမှုပေးနိုင်ရန် လူသားအရင်းအနှီး တိုးတက်ကောင်းမွန်စေရေးမှာ အထူးအရေးကြီးပါသည်။** နိုင်ငံအတွင်း အပြောင်းအလဲ အများအပြား လျင်မြန်စွာ ဖြစ်ပွားနေချိန်တွင် အဆင့်အားလုံးရှိဝန်ထမ်းများသည် စွမ်းဆောင်ရည် ပြည့်ဝပြီး စေတနာမှန်ကန်သူများဖြစ်သည့်တိုင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးအစီအစဉ်အတိုင်း ထိရောက်စွာ လုပ်ဆောင်နိုင်ရန် ကျွမ်းကျင်မှု အသစ်များ၊ လေ့ကျင့်သင်တန်းပေးမှု အခွင့်အလမ်းများနှင့် အခြား လူ့စွမ်းအား အရင်းအမြစ်ပံ့ပိုးမှုများ လိုအပ်ပါသည်။

- **ထိရောက်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး ဖြစ်စေရန် အရည်အသွေးမြင့်မားသော အိုင်စီတီ ပံ့ပိုးမှု လိုအပ်ပါသည်။** နိုင်ငံတစ်ဝန်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး လုပ်ဆောင်နေသော အစိုးရအဖွဲ့အစည်းများနှင့် ဝန်ထမ်းများသည် အဓိက အရေးပါသော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး သတင်းအချက်အလက်နှင့် ကိန်းဂဏန်းများ စုဆောင်းရန်၊ ဆန်းစစ် လေ့လာရန်နှင့် ရလဒ်များကိုမျှဝေရန်၊ အဖွဲ့အစည်းအချင်းချင်း၊ ပုဂ္ဂလိကကဏ္ဍတို့နှင့် ဆက်သွယ်ပြောဆိုရန် သတင်းအချက်အလက်နှင့် ဆက်သွယ်ပြောဆိုမှုနည်းပညာ (အိုင်စီတီ) လိုအပ်ပါသည်။ ထင်သာမြင်သာရှိမှု တိုးတက်ကောင်းမွန်စေရန်၊ အဂတိလိုက်စားမှုကို လျှော့ချရန်နှင့် လုပ်ငန်းအတွက် အချိန်ကုန် ငွေကုန်သက်သာစေရန်၊ စည်းမျဉ်းထိန်းချုပ်ရေး သတင်းအချက်အလက်များနှင့် ခွင့်ပြုချက်ပေးသည့်လုပ်ငန်းစဉ်များကို အင်တာနက်တွင် တင်ထားရပါမည်။

- **ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဝါဒ ပြုပြင်ပြောင်းလဲမှုအောင်မြင်ရန် ခံယူချက် အတွေးအခေါ်သစ်လိုအပ်ကြောင်း အစိုးရပိုင်း ဦးဆောင်သူများက အသိအမှတ်ပြုရန်လိုအပ်ပါသည်။** ခံယူချက်အတွေးအခေါ်သစ်အရ အစိုးရအရာရှိ များသည် ပုဂ္ဂလိကလုပ်ငန်းဆောင်ရွက်ရာတွင် တိုက်ရိုက်ပါဝင်ရာမှပြောင်းလဲလျက် မူဝါဒချမှတ်ခြင်းနှင့် ပုဂ္ဂလိက ကဏ္ဍအား ဈေးကွက်အင်အားစုများကို တုံ့ပြန်ရန် ကူညီပံ့ပိုးပေးခြင်းတို့ကို လုပ်ဆောင်ရပါမည်။

- **အခြေခံ စွမ်းဆောင်နိုင်သော အခြေခံ အဆောက်အဦ မလုံလောက်ခြင်း။** လျှပ်စစ်ဓာတ်အား၊ သယ်ယူပို့ဆောင်ရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ဆက်သွယ်ရေး၊ ထောက်ပံ့ပို့ဆောင်ရေးအပါအဝင် လုပ်ငန်းအတွက် မရှိမဖြစ် လိုအပ်သော အခြေခံအဆောက်အဦများမှာ နှစ်ပေါင်းများစွာ လျစ်လျူရှုထားခြင်းကြောင့် အခြေခံအားဖြင့် အသုံးမပြုနိုင်တော့ပါ။

- **အများပြည်သူ-ပုဂ္ဂလိက ဆွေးနွေးခြင်း။** မြန်မာစီးပွားရေးလုပ်ငန်းများ-ဖိုရမ်ဆွေးနွေးပွဲအဖွဲ့ Myanmar Business Forum ကဲ့သို့သော အများပြည်သူ-ပုဂ္ဂလိက ဆွေးနွေးခြင်းကို ပံ့ပိုးမှုပေးရန် အစီအမံများ တည်ထောင်ထားရှိသည့်အပြင် စီးပွားရေးလုပ်ငန်းများ၊ နိုင်ငံတော်အစိုးရနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများအကြားတွင်လည်းကောင်း၊ ယင်း အဖွဲ့အစည်းများအတွင်းတွင်လည်းကောင်း ဆွေးနွေးခြင်းနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ခြင်းကို ပံ့ပိုးမှုပေးရန် များစွာ ဆက်လက်ဆောင်ရွက်ရပါမည်။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးကိစ္စရပ်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရန်နှင့် မျှဝေရန် ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများအကြားတွင် အလွတ်သဘောတွေ့ဆုံခြင်းများကို မကြာသေးမီက စတင် ပြုလုပ်ခဲ့ပါသည်။

**ဒေသဆိုင်ရာ-ဥပမာ။ - မလေးရှားနိုင်ငံတွင် အထူးကောင်းမွန်သော အများပြည်သူ/ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဖြင့် မောင်းနှင် ဆောင်ရွက်သော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး အောင်မြင်မှုများ**

၉၅။ မလေးရှားနိုင်ငံသည် နှစ်အနည်းငယ်အတွင်း စီးပွားရေး တိုးတက်မှု အများအပြား ရရှိလာပါသည်။ နိုင်ငံ့အစိုးရနှင့် စီးပွားရေးလုပ်ငန်းများတွင် ဦးဆောင်ဦးရွက်ပြုသူများကို နှိုးဆော်လျက် ကမ္ဘာ့အကောင်းဆုံး လုပ်နည်းလုပ်ဟန်များကို ကျင့်သုံးရန်နှင့် အတူတကွ ပူးပေါင်းဆောင်ရွက်မှုသာပြည့်မီနိုင်မည့် မြင့်မားသောလျာထားချက်များ ထားရှိရန်ဖြစ်ပါသည်။ အောင်မြင်မှုများနှင့် ရရှိသော သင်ခန်းစာများတွင် အောက်ပါတို့ ပါဝင်ပါသည်။

- လုပ်ငန်းဆောင်ရွက်ရန် လိုအပ်သည့်အချိန်/ လုပ်ဆောင်ချက်အဆင့်များအား သိသာစွာ လျှော့ချနိုင်ခြင်း
- ဆောက်လုပ်ရေးခွင့်ပြုချက် ပါမစ်များထုတ်ပေးရန် ကြာမြင့်ချိန်ကို အများအပြားလျှော့ချခြင်း၊ မလေးရှားနိုင်ငံမှာ ဤနယ်ပယ်တွင် အထူးသဖြင့် အားနည်းသည့် ဖြစ်စဉ်မှတ်တမ်း ရှိပါသည်။
- နိုင်ငံတော်အစိုးရက လိုင်စင်ထုတ်ပေးခြင်းနှင့် ဈေးပြိုင်လုပ်ဆောင်မှု အများစုကို အင်တာနက်စနစ်များဖြင့် ပြောင်းလဲလုပ်ဆောင်ခြင်း
- စီးပွားရေးနယ်ပယ်မှအခြေင်းပွားမှုများကိုဖြေရှင်းရာတွင် အချိန်ကာလ သတ်မှတ်ချက်ထားရှိသော ချဉ်းကပ်ပုံဖြင့် ဆောင်ရွက်ပြီး ကျစ်လျစ်စွာဖွဲ့စည်းထားသော စီးပွားရေးလုပ်ငန်းများဆိုင်ရာ-တရားရုံးစနစ်သစ်ကို ဖန်တီးတည်ထောင်ခြင်း

၉၆။ မလေးရှားနိုင်ငံမှ နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ အကျိုးသက်ဆိုင်ပါဝင်သူများသည် အောက်ပါတို့ကို အောင်မြင်မှုရရှိရေးအတွက် အရေးပါသော အကြောင်းအချက်များအဖြစ် ဖော်ထုတ်ထားရှိပါသည်။

- **နိုင်ငံ့အစိုးရနှင့် စီးပွားရေးလုပ်ငန်းပိုင်းတို့ ပူးပေါင်းစီစဉ်သော မိတ်ဖက်ဆောင်ရွက်ခြင်း၊** နိုင်ငံ့အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ဖြစ်နိုင်သမျှ အထိရောက်ဆုံးအဆင့်တွင် အကောင်အထည်ဖော်ရန်ဖြစ်ပါသည် (ဝန်ကြီးချုပ်ရုံးနှင့် လုပ်ငန်းဥက္ကဋ္ဌများ၊ အမှုဆောင်အရာရှိချုပ်များ၊ စီးပွားရေးလုပ်ငန်း အသင်းအဖွဲ့ အကြီးအကဲများ)။
- အိမ်နီးချင်းနိုင်ငံများ (စင်္ကာပူ) မှ ပြိုင်ဆိုင်မှု အပါအဝင် **ဒေသအဆင့်နှင့် ကမ္ဘာ့အဆင့် ပြိုင်ဆိုင်ရာမှ ထွက်ပေါ်လာသည့် အဆောတလျင် စိန်ခေါ်မှုအခက်အခဲများ၊ အခွင့်အလမ်းများနှင့် စေ့ဆော်သော ဆွဲဆောင်မှုများ**

- **စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်နိုင်ပြီး ဖွံ့ဖြိုးတိုးတက်နိုင်သော ပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေရေး မြင့်မားသော ရည်မှန်းချက်ပန်းတိုင်များ**
- **စဉ်ဆက်မပြတ် အများပြည်သူ/ပုဂ္ဂလိကကဏ္ဍ ဆွေးနွေးမှုများ** နှင့် အဆင့်အမြင့်ဆုံး ခေါင်းဆောင်များကို စုစည်းပေးသော လစဉ် အဆင့်မြင့် လုပ်ငန်းအုပ်စု အစည်းအဝေးများ (အောက်အဆင့်များသို့ တာဝန်လွှဲအပ်ခြင်းကို ခွင့်မပြုပါ။)
- ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ရန် **သီးခြား "လုပ်ငန်းအဖွဲ့များ"** ဖွဲ့စည်းထားရှိပြီး တိုးတက်မှုကို ဝန်ကြီးချုပ်နှင့်အတူ နှစ်ပတ်တစ်ကြိမ် ပြန်လည်သုံးသပ်ခြင်း
- **စံနှုန်းသတ်မှတ်ခြင်းနှင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲရေး တိုးတက်မှုကို အဓိက လုပ်ငန်းဆောင်ရွက်သည့် အညွှန်းကိန်း (KPI) များနှင့်တိုက်ဆိုင်လျက် စောင့်ကြည့်စစ်ဆေးခြင်း** - ပြုပြင်ပြောင်းလဲသည့် လုပ်ငန်းစဉ်အစပိုင်းတွင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်မှုအစီရင်ခံစာ Doing Business report နှင့် ကမ္ဘာ့စီးပွားရေး ဖိုရမ်အဖွဲ့ World Economic Forum ၏ ကမ္ဘာတစ်ဝန်း ပြိုင်ဆိုင်နိုင်မှု အညွှန်းကိန်း Global Competitiveness Index ကဲ့သို့သော နိုင်ငံတကာအညွှန်းကိန်းများကို အသုံးပြုခြင်းကြောင့် (၁) ရလဒ်ဖြင့် မောင်းနှင်သော လုပ်ဆောင်ချက်များ လုပ်ဆောင်နိုင်ကြောင်း (၂) စင်္ကာပူကဲ့သို့သော ဒေသတွင်းနိုင်ငံများနှင့် ပြိုင်ဆိုင်မှုကို တွန်းအားပေးကြောင်း (၃) ထင်သာမြင်သာရှိသော နိုင်ငံတကာအညွှန်းကိန်းဖြစ်၍ ပြည်တွင်း နိုင်ငံရေးအရ ကြိုးကိုင်ချယ်လှယ်ခြင်းမခံရကြောင်း မလေးရှား အများပြည်သူ-ပုဂ္ဂလိက အထူးတာဝန်အဖွဲ့က ရှင်းလင်းပြောကြားပါသည်။ အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ မလေးရှားခေါင်းဆောင်များသည် နိုင်ငံတကာအဆင့်သတ်မှတ်ခြင်းများတွင်မပါဝင်သည့် အရေးပါသော မူဝါဒ အတားအဆီးများနှင့် နှောင့်နှေးကြန့်ကြာစေသောကိစ္စများကို ဖော်ထုတ်လျက် ပြုပြင်ပြောင်းလဲရေးအတွက် မဟာဗျူဟာ လျာထားချက်များကို စာရင်းပြုစုခဲ့ပါသည်။
- **သီးခြားလွတ်လပ်သော "တွေးခေါ်မြော်မြင်ရေးအဖွဲ့များ" က မူဝါဒဆန်းစစ်ချက် ပြုလုပ်ခြင်း**နှင့် မလေးရှားနိုင်ငံအတွေ့အကြုံနှင့် ကမ္ဘာတစ်ဝန်း အကောင်းဆုံးလုပ်နည်းလုပ်ဟန်များကို စောင့်ကြည့်လေ့လာခြင်းအပေါ် အခြေခံလျက် မူဝါဒချမှတ်သူများအား သွင်းအားစုများ ဖြည့်ဆည်းပေးခြင်း
- အာဆီယံ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကဲ့သို့သော ဒေသအဆင့်နှင့် ကမ္ဘာ့အဆင့် အဖွဲ့အစည်းများတွင် ပါဝင်ခြင်းဖြင့် **နိုင်ငံတကာ မိတ်ဖက်လုပ်ဆောင်ခြင်း၊** ပံ့ပိုးမှုပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

## ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဝါဒ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သည့် အစီအမံများနှင့် အများပြည်သူ/ပုဂ္ဂလိက ကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်း

၉၇။ အစိုးရဌာနအဖွဲ့အစည်းများအကြား (ဥပဒေပြုခြင်း အပါအဝင်) အဆင့်မြင့် မူဝါဒ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းနှင့် အများပြည်သူ/ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းတို့မှာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးအတွက် မရှိမဖြစ် လိုအပ်သော အပိုင်းများဖြစ်ပါသည်။ ၎င်းအပိုင်းများရှိမှသာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်သတ်မှတ်ခြင်း၊ စုစည်း ညီညွတ်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဝါဒရေးဆွဲခြင်း၊ ဦးတည်ချက်များအတိုင်း လက်တွေ့လုပ်ဆောင်လျက် အလိုရှိသောရလဒ်များ ထွက်ပေါ်စေခြင်းတို့ကို လုပ်ဆောင်နိုင်ပါမည်။ အဓိက အကျိုးသက်ဆိုင်ပါဝင်သူအားလုံးအကြားတွင် ထိရောက်စွာ ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် အပြန်အလှန်ယုံကြည်မှု၊ အများက ယုံကြည်ထိုက်သည်ဟု သတ်မှတ်မှု၊ စိတ်ချမှုတို့ကိုတည်ဆောက်နိုင်ပါသည်။ ပုဂ္ဂလိကကဏ္ဍ ပိုမိုလျင်မြန်စွာ တိုးတက်ကြီးထွားနိုင်ပါသည်။ ဦးစားပေးကဏ္ဍတစ်ခုစီအတွက် လုပ်ငန်းဆောင်ရွက်ခြင်းကို ပံ့ပိုးမှုပေးရန် ပင်မအကြံပေးအဖွဲ့သည် ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ရေးအစီအမံများနှင့် အများပြည်သူ/ပုဂ္ဂလိက ဆွေးနွေးပွဲများဆိုင်ရာ ပဏာမဦးစားပေးလုပ်ငန်းများ ဖော်ထုတ်ထားရှိပါသည်။

| **မဟာဗျူဟာ ဦးတည်ချက်များ** | **အခြေခံ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး ရည်မှန်းချက်များ** | **ဦးစားပေးလုပ်ဆောင်ချက်များ** |
|---|---|---|
| **မျှော်မှန်းချက်** - မဟာဗျူဟာမြောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မျှော်မှန်းချက်၊ ရည်မှန်းချက်ကို အဓိကထားသော လုပ်ငန်းစဉ်နှင့် သက်ဆိုင်ရာ အစိုးရ အဖွဲ့အစည်းဌာနအားလုံးတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဂါဒ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရန် ထိရောက်သော အဖွဲ့အစည်းပိုင်း အစီအမံများ ရှိစေရန်၊ အောက်ပါတို့ကို ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။<br>၁။ တန်းတူ ပူးပေါင်းဆောင်ရွက်သော မိတ်ဖက်အဖြစ် ပုဂ္ဂလိကကဏ္ဍနှင့် ထိတွေ့ဆောင်ရွက်ခြင်း<br>၂။ တိုင်းတာနိုင်သော လုပ်ငန်းဆောင်ရွက်မှု မြင့်မားသော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး ထွက်ပေါ်ရလဒ်များ ပေါ်ပေါက်လာရန်မောင်းနှင်ပေးခြင်း | | |
| **မဟာဗျူဟာဦးတည်ချက် ၁** -<br>အစိုးရ တစ်ခုလုံး အတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မျှော်မှန်းချက်၊ မူဂါဒ လုပ်ငန်း စဉ်နှင့် ပံ့ပိုးမှုပေးမည့် ခံယူချက် အတွေးအခေါ် တို့ကို ဖော်ထုတ်ထားရှိရန် ဖြစ်ပါသည်။<br>အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍ၏ ဖြည့်ဖက်ဖြစ်သော အခန်းကဏ္ဍများကို အားဖြည့်ပေးနိုင်ရပါမည်။ | ၁။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မျှော်မှန်းချက်၊ မူဂါဒလုပ်ငန်းစဉ်နှင့် ဦးစားပေးများကို ထိပ်တန်း ခေါင်းဆောင်များက အလေးအနက် ဆောင်ရွက်ခြင်း၊ စွမ်းဆောင်ရည် တည်ဆောက်ရေး အပါအဝင် ပံ့ပိုးမှု အရင်းအမြစ်များ ဖြည့်ဆည်းပေးခြင်း<br>၂။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး ရည်မှန်းချက်များ သတ်မှတ်ရန်၊ ဦးစားပေးများ ဖော်ထုတ်ရန်၊ စီးပွားရေး နှင့် လူမှုရေး အညွှန်းကိန်းများ သတ်မှတ်ရန်နှင့် တိုးတက်မှုကို တိုင်းတာရန် ဟန်ချက်ညီ အမှတ်ပေး ကတ်ပြား Balanced Scorecard [12] ချဉ်းကပ်ပုံကို ကျင့်သုံးခြင်း | ၁။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မျှော်မှန်းချက်/ မဟာဗျူဟာကို အဓိက ဆောင်ရွက်ရန် ပုဂ္ဂလိကကဏ္ဍ ဦးစီးဦးဆောင်ပြုသူများနှင့် တိုင်ပင် ဆွေးနွေးလျက် ဖွံ့ဖြိုးမှု မိတ်ဖက် အဖွဲ့အစည်းများနှင့် ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ပြီး ပင်မ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး ခေါင်းဆောင်မှုနှင့် အကြံပေးအဖွဲ့ သတ်မှတ်ထားရှိခြင်း<br>၂။ ပုဂ္ဂလိကကဏ္ဍအနေဖြင့် ထိရောက်စွာ ပါဝင်ဆောင်ရွက်စေနိုင်မည့် အထိရောက်ဆုံး ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဂါဒ လုပ်ငန်းများနှင့် ချဉ်းကပ်ပုံများကို ကမ္ဘာတစ်ဝန်း စစ်တမ်းကောက်ယူ ဖော်ထုတ်ခြင်း<br>၃။ အဓိက အောင်မြင်မှု အကြောင်းအချက်များနှင့် ၎င်းတို့ကို မြန်မာနိုင်ငံတွင် အသုံးချနိုင်မှုကို အထောက်အကူပြုသော ခေါင်းဆောင်မှု ဆွေးနွေးပွဲများ စီစဉ်ပြုလုပ်ခြင်း |

[12] ဟန်ချက်ညီ အမှတ်ပေးကတ်ပြား balanced scorecard ဆိုသည်မှာ မဟာဗျူဟာမြောက် စီမံကိန်းရေးဆွဲရေးနှင့် စီမံခန့်ခွဲရေး စနစ်တစ်ရပ်ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများကို အဖွဲ့အစည်း၏မျှော်မှန်းချက်၊ မဟာဗျူဟာတို့နှင့်ကိုက်ညီစေရန်၊ အဖွဲ့အစည်းအတွင်းနှင့် အဖွဲ့အစည်းပြင်ပ ဆက်သွယ်ပြောဆိုမှုကိုတိုးတက်ကောင်းမွန်စေရန်နှင့် မဟာဗျူဟာဦးတည်ချက်များနှင့် နှိုင်းယှဉ်လျက် အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုကို စောင့်ကြည့်စစ်ဆေးရန် ယင်းစနစ်ကိုအသုံးပြုပါသည်။

| **မဟာဗျူဟာ ဦးတည်ချက်များ** | **အခြေခံ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး ရည်မှန်းချက်များ** | **ဦးစားပေးလုပ်ဆောင်ချက်များ** |
|---|---|---|
| **မဟာဗျူဟာ ဦးတည်ချက် ၂** - ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဝါဒရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ အုပ်ချုပ်စီမံခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းကို လမ်းညွှန်ရန်နှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရန် ထိရောက်ပြီး လုပ်ငန်း တွင်ကျယ်လျက် ဘက်စုံ ပါဝင်သော အစိုးရတစ်ခုလုံး အဖွဲ့အစည်း အစီအမံများ ပြုလုပ်ထားရှိခြင်း | ၁။ လုံလောက်စွာ စွမ်းဆောင်နိုင်လျက် အဆင့်မြင့် (လွှတ်တော် နှင့် တကွ) အစိုးရ တစ်ရပ်လုံး ပါဝင်သည့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး မူဝါဒ အစီအစဉ်နှင့် ညှိနှိုင်း ပေါင်းစပ် ဆောင်ရွက်ရေး အစီအမံရှိခြင်း<br>၂။ လက်ရှိ အစိုးရဌာန ဝန်ဆောင်မှုပေးသည့်အဖွဲ့များကို အစားထိုးရန် အစိုးရတစ်ရပ်လုံး ပါဝင်သည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးမူဝါဒ အကောင်အထည်ဖော်ရေး အစီအမံရှိခြင်း<br>၃။ ခေတ်မမီတော့သော အချက်အလက်စုဆောင်းရေးနှင့်မှတ်တမ်းထားရှိရေးစနစ်မှ အထောက်အထားအခြေပြု မူဝါဒ ဖွံ့ဖြိုးရေးကို ပံ့ပိုးမှုပေးသော ခေတ်မီ အိုင်စီတီစနစ်သို့ ကူးပြောင်းခြင်း<br>၄။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သည့် အစီအမံအတွင်းတွင် ပညာရှင်အဆင့် အများပြည်သူဆက်ဆံရေးနှင့် ဆက်သွယ်ပြောဆိုရေး လုပ်ငန်းကို ထည့်သွင်း ထားရှိခြင်း | ၁။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် သတ်မှတ်ခြင်းနှင့် အစိုးရတစ်ရပ်လုံးပါဝင်သည့် ကြီးကြပ်ရေးလုပ်ငန်းအတွက်တာဝန်ယူမည့် အဆင့်မြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး ကောင်စီ/ ဘုတ်အဖွဲ့ တည်ထောင်ခြင်း၊ ယင်းဘုတ်အဖွဲ့တွင် အကြံပေး၊ သုတေသနနှင့် စောင့်ကြည့် စစ်ဆေးရေးလုပ်ဆောင်ရန် လုံလောက်သော ဝန်ထမ်းများ ပါဝင်ပြီး ဘတ်ဂျက်အလုံအလောက် ရှိခြင်း၊ ယုံကြည်ဖွယ်ရာရှိသော ပုဂ္ဂလိကကဏ္ဍနှင့် တိုင်ပင် ဆွေးနွေးသည့် အစီအမံများ ရှိခြင်း<br>၂။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးမူဝါဒ လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်နှင့်အကောင်အထည်ဖော်ရန် အစိုးရတစ်ရပ်လုံး ပါဝင်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများ ခေါင်းဆောင်မှု အစုအဖွဲ့ (ဝန်ကြီးဌာန/အေဂျင်စီ အဆင့်၊ လွှတ်တော် အပါအဝင်) တည်ထောင်ခြင်း<br>၃။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးမူဝါဒ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း/ပူးပေါင်းဆောင်ရွက်ခြင်းကို ကူညီပံ့ပိုးရန် (ယုံကြည်လောက်သော ပုဂ္ဂလိကကဏ္ဍ ပါဝင်မှုဖြင့်) အထူးတာဝန်အဖွဲ့ ဖွဲ့စည်းခြင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး လျာထားချက်များနှင့် ထွက်ပေါ်ရလဒ်များကို သတ်မှတ်ခြင်းနှင့် တိုင်းတာခြင်း<br>၄။ အစိုးရတစ်ရပ်လုံးတွင်လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍတွင်လည်းကောင်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ခြင်း/ ပူးပေါင်း ဆောင်ရွက်ခြင်းများ တိုးတက် လုပ်ဆောင်ရာတွင် နိုင်ငံတော်အစိုးရ/ အစိုးရဝန်ထမ်းများ ထိရောက်မှု နှင့် လုပ်ငန်းပြီးစီးမှုတိုးမြင့်စေရန် အိုင်စီတီစနစ် ကျင့်သုံးခြင်း<br>၅။ အထူးတာဝန်အဖွဲ့အတွက် အများပြည်သူ ဆက်ဆံရေးနှင့် ဆက်သွယ် ပြောဆိုရေး မဟာဗျူဟာ ရေးဆွဲခြင်း၊ ယင်းမဟာဗျူဟာတွင် အထောက်အထားအခြေပြု မူဝါဒချဉ်းကပ်ပုံကို အသုံးပြုခြင်း |

| မဟာဗျူဟာ ဦးတည်ချက်များ | အခြေခံ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး ရည်မှန်းချက်များ | ဦးစားပေးလုပ်ဆောင်ချက်များ |
|---|---|---|
| **မဟာဗျူဟာ ဦးတည်ချက် ၃** - မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှု မျှော်မှန်းချက်များကိုပံ့ပိုးမှုပေးလျက်ရှင်သန်လှုပ်ရှားပြီး စဉ်ဆက်မပြတ် ဆောင်ရွက်သော အများပြည်သူ/ ပုဂ္ဂလိက ကဏ္ဍ ပူးပေါင်း ဆောင်ရွက်ရေး လုပ်ငန်းစဉ်ကို တည်ထောင်ပြီး အမျိုးသားအဆင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးစေခြင်းနှင့် ယှဉ်ပြိုင်နိုင်စေခြင်း | ၁။ ပူးပေါင်းရေးဆွဲပြီး ပူးပေါင်း စီမံခန့်ခွဲမည့် အများပြည်သူ/ပုဂ္ဂလိကကဏ္ဍမူဝါဒ တိုင်ပင်ဆွေးနွေးသည့် လုပ်ငန်းစဉ်ထားရှိပြီး အစည်းအဝေး ပုံမှန် ပြုလုပ်လျက် အပြန်အလှန် အကျိုးကျေးဇူး ဖြစ်ထွန်းခြင်း<br>၂။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး အောင်မြင်စွာ အကောင်အထည်ဖော်ရန် အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍ ခေါင်းဆောင်များအကြား စဉ်ဆက်မပြတ် တန်းတူညီမျှမှုရှိသော ဆွေးနွေးပွဲ ပြုလုပ်ခြင်း<br>၃။ အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍများ ပူးပေါင်းလျက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ခြင်း/ ပူးပေါင်း ဆောင်ရွက်ခြင်း လုပ်ငန်းများနှင့် အစီအမံများအတွက် ဖွံ့ဖြိုးမှု မိတ်ဖက်များက မဟာဗျူဟာမြောက် ပံ့ပိုးမှုနှင့် စွမ်းဆောင်ရည် တည်ဆောက်မှု ဖြည့်ဆည်းပေးခြင်း | ၁။ ကမ္ဘာတစ်ဝန်းရှိ အများပြည်သူ/ပုဂ္ဂလိကကဏ္ဍ ပူးပေါင်း ဆောင်ရွက်ခြင်း အစီအစဉ်များကို စစ်တမ်းကောက်ယူခြင်း၊ လေ့လာရေးခရီးစဉ်များ စီစဉ်ခြင်း<br>၂။ အများယုံကြည်လောက်သော ပုံမှန်ဆွေးနွေးပွဲနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ် ပူးပေါင်း ရေးဆွဲရာတွင် အဓိက အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ အကျိုးသက်ဆိုင် ပါဝင်သူများကို ကူညီပံ့ပိုးခြင်း<br>၃။ နိုင်ငံတကာ သုတေသန အကြံပေးအဖွဲ့ 'think tank' များ၊ တက္ကသိုလ်များနှင့် ချိတ်ဆက်ထားသည့် အဆင့်မြင့် သီးခြားလွတ်လပ်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဝါဒဆိုင်ရာ သုတေသန အကြံပေးအဖွဲ့ 'think tank' ကို တည်ထောင်ရန်/ ပံ့ပိုးမှု ပေးရန် လုပ်ငန်းစီမံချက် ရေးဆွဲခြင်း<br>၄။ အများပြည်သူ/ပုဂ္ဂလိက ဆွေးနွေးခြင်း၊ စွမ်းဆောင်ရည် တည်ဆောက်ခြင်းနှင့် နည်းပညာပိုင်း ပံ့ပိုးမည့် အစီအမံများကို ပံ့ပိုးမှုပေးရန် ဖွံ့ဖြိုးမှု မိတ်ဖက်များအား ဖိတ်ခေါ်လျက် ပူးပေါင်း ဆောင်ရွက်ခြင်း |

## နောက်ဆက်တွဲ ၁ - စီမံချက်လုပ်ငန်းစဉ်များနှင့် ပြီးစီးအောင်ဆောင်ရွက်သည့် လုပ်ငန်းများ

### မြန်မာနိုင်ငံအတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဘောင်နှင့် လုပ်ငန်းစီမံချက်

**ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဝါဒ ခြုံငုံဖော်ပြချက်**

- မြန်မာနိုင်ငံ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး လုပ်ငန်းများကို အဓိကကဏ္ဍ ၅ရပ်ခွဲလျက် ခြုံငုံ ဖော်ပြခြင်း (၁) ဥပဒေနှင့် စည်းမျဉ်း ထိန်းချုပ်မှု ပတ်ဝန်းကျင် (၂) ငွေကြေးဝန်ဆောင်မှု ရယူအသုံးပြုနိုင်မှု (၃) ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု (၄) စီးပွားရေး လုပ်ငန်းများလုပ်ဆောင်မှုနှင့် ဝန်ဆောင်မှုဖြည့်ဆည်းပေးရာတွင် နိုင်ငံတော်၏ အခန်းကဏ္ဍကို ပြန်လည်စုဖွဲ့ခြင်း (၅) လူသားအရင်းအနှီး
- အဓိက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး ဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းများတွင်လည်းကောင်း၊ ဥပဒေပြုကဏ္ဍမှ မဟုတ်သော လုပ်ငန်းများ/လုပ်နည်းလုပ်ဟန်များ/လုပ်ငန်းအစီအစဉ်များတွင်လည်းကောင်း ဖော်ပြထားသော စီမံကိန်း ရေးဆွဲရေး စာရွက်စာတမ်းများနှင့် မူဝါဒများကို အသုံးပြုလျက် ယနေ့အထိ ရေးဆွဲထားသော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဝါဒကို စုစည်းညီညွတ်သော ခြုံငုံဖော်ပြချက် ပြုစုခြင်း
- ယနေ့အထိ ပြုစုပြီး အကောင်အထည်ဖော်ထားသော မြန်မာနိုင်ငံ၏ ပင်မ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဝါဒများနှင့် မူများကို အကျဉ်းချုပ်ပြုစုခြင်း
- ပင်မ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် နီးကပ်စွာ တိုင်ပင်ဆွေးနွေးမှုကို ထင်ဟပ်ပေါ်လွင်စေခြင်း

**ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးမှု ပြုပြင်ပြောင်းလဲရေး အကဲဖြတ်ချက်**

- အဓိကကဏ္ဍ ၅ရပ်ပိုင်းခြားလျက် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်စေမည့် ပတ်ဝန်းကျင်ကို အကဲဖြတ်ခြင်း
- သက်ဆိုင်သောဥပဒေကို အကျဉ်းချုပ်ဖော်ပြခြင်း (တည်ဆဲနှင့် မူကြမ်းပြုစုဆဲ)
- ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲနှင့် အဆိုပြုထားသော ဥပဒေပြုခြင်း မဟုတ်သည့် ပြုပြင်ပြောင်းလဲမှုများကို ပြန်လည်သုံးသပ်ခြင်း
- သက်ဆိုင်ရာ နိုင်ငံတကာအကောင်းဆုံးလုပ်နည်းလုပ်ဟန်နှင့် နှိုင်းယှဉ်လျက် မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဝါဒများတွင် လစ်ဟာချက်များ/ရှေ့နောက်မညီခြင်းများ/ကန့်သတ်ချက်များကို ဖော်ထုတ်ခြင်း
- ဒေသတွင်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး ပြုပြင်ပြောင်းလဲမှု ဥပမာများ နှင့် မြန်မာနိုင်ငံနှင့် အကျုံးဝင်နိုင်သည့် သင်ခန်းစာများကို ရယူအသုံးပြုခြင်း
- အစိုးရ၊ စီးပွားရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ကျယ်ပြန့်စွာ တိုင်ပင်ဆွေးနွေးလျက်အတည်ပြုခြင်း

**ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးမှု မူဘောင်နှင့် လုပ်ငန်းစီမံချက်**

- ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးမူဝါဒ ခြုံငုံဖော်ပြချက်နှင့် ပြုပြင်ပြောင်းလဲရေး အကဲဖြတ်ချက်အပေါ်အခြေပြုလျက် ကာလတို (၁နှစ်မှ ၂နှစ်) နှင့် ကာလရှည် (၃နှစ်မှ ၅နှစ်) အတွက် ပြုပြင်ပြောင်းလဲမှုများကို အကြံပြုခြင်း
- ထိရောက်ပြီး လက်တွေ့လုပ်ဆောင်နိုင်မည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး ပြုပြင်ပြောင်းလဲမည့် အစီအစဉ် ရေးဆွဲရာတွင် မူဝါဒ ချမှတ်သူများ လမ်းညွှန်အဖြစ် အသုံးပြုနိုင်မည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဘောင်ကိုတင်ပြခြင်း (နောက်ဆက်တွဲ ၂ ကို ကြည့်ပါ။)
- ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး ပြုပြင်ပြောင်းလဲမှုများကို စီမံခန့်ခွဲ/ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန် အဖွဲ့အစည်း အစီအမံများ ချမှတ်ရာတွင် ရွေးချယ်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဖော်ထုတ်ခြင်း၊ ကဏ္ဍအလိုက် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ရန် အဖွဲ့အစည်းပိုင်း အစီအမံချမှတ်ခြင်း
- နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့် အချိန်များစွာယူလျက် အပြန်အလှန်ဆွေးနွေးပြီး အတည်ပြုထားသော လုပ်ငန်းစီမံချက်ပါ အကြောင်းအရာများနှင့် ပြုပြင်ပြောင်းလဲရေးအတွက် အဖွဲ့အစည်း အစီအမံများကိုတင်ပြခြင်း

**နောက်ဆက်တွဲ ၂ - ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး အယူအဆများ**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး ပင်မအယူအဆများနှင့် မူများကို နားလည်သဘောပေါက်ရေးမှာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဘောင်နှင့် လက်ဦးမှုရယူဆောင်ရွက်သော ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာသတ်မှတ်နိုင်ရန်အတွက် အခြေခံဖြစ်ပါသည်။

မြန်မာနိုင်ငံအတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးမူဘောင်ရေးဆွဲနိုင်ရန် အောက်ပါတို့လိုအပ်ပါသည်။

- စိတ်အားထက်သန်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးမျှော်မှန်းချက်၊ ကောင်းစွာသတ်မှတ်ထားသော စီးပွားရေးဖွံ့ဖြိုးမှု ရည်မှန်းချက်ပန်းတိုင်များနှင့် အလိုရှိသော ထွက်ပေါ်ရလဒ်များ
- နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ၏ ဖြည့်ဘက်ဖြစ်သော အခန်းကဏ္ဍများကို နားလည်သဘောပေါက်ခြင်း
- ကမ္ဘာတစ်ဝန်း အကောင်းဆုံးလုပ်နည်းလုပ်ဟန်များ၊ မူများနှင့် ရရှိခဲ့သောသင်ခန်းစာများကို သင့်တော်သော နည်းလမ်းဖြင့် ထည့်သွင်းစဉ်းစားခြင်း
- မြန်မာနိုင်ငံ၏ပိုင်ဆိုင်မှုများ၊ ပုဂ္ဂလိကကဏ္ဍ တိုးတက်မှုကို မောင်းနှင်ပေးနိုင်ရန် အလားအလာရှိသည့် အကြောင်းအချက်များ၊ အဓိက စိန်ခေါ်မှုအခက်အခဲများ၊ ဖြေရှင်းဆောင်ရွက်ရမည့်အကန့်အသတ်များကို နားလည် သဘောပေါက်ခြင်း
- ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး၏ အပိုင်းကဏ္ဍအများပါဝင်သော သဘောသဘာဝနှင့် မတူညီသော မူဝါဒ နယ်ပယ် အသီးသီးတွင် အရေးပါသော ကဏ္ဍအများဆိုင်ရာ ဆက်စပ်မှုများကို နားလည်သဘောပေါက်ခြင်း
- မူဝါဒရေးဆွဲရန်၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်နှင့် အကောင်အထည်ဖော်ရန် ထိရောက်သော အဖွဲ့အစည်းပိုင်း အစီအမံများနှင့် လုပ်ငန်းစဉ်များ
- ပုဂ္ဂလိကကဏ္ဍနှင့် ဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်ရန် အစိုးရအရာရှိများ၏ နိုင်ငံရေးအရဆန္ဒရှိခြင်း၊ ခေါင်းဆောင်မှုနှင့် တူညီသော ခံယူချက် အတွေးအမြင်

**ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး အဓိပ္ပာယ်ဖော်ပြချက်နှင့် ရည်ရွယ်ချက်**

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးဆိုသည်မှာ ဈေးကွက်ကမောင်းနှင်သော ပုဂ္ဂလိကကဏ္ဍ စီးပွားရေးတိုးတက်မှုကိုအားပေးပြီး ပြုစုပျိုးထောင်ပေးမည့် စွမ်းဆောင်နိုင်သော စီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင်ကို နိုင်ငံတော်အစိုးရအနေဖြင့် ဖန်တီးပေးသည့် ရှင်သန်လှုပ်ရှားပြီး ကဏ္ဍအများပါဝင်သောလုပ်ငန်းစဉ်ဖြစ်ပါသည်။ ကောင်းမွန်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးတွင် ခိုင်မာသော စီးပွားရေးလုပ်ငန်းများ ပေါ်ပေါက်ခြင်း၊ စွန့်ဦးတီထွင် လုပ်ငန်းလုပ်ကိုင်ခြင်းနှင့် စွန့်စားဆောင်ရွက်ခြင်း၊ ပြိုင်ဆိုင်ခြင်းနှင့် ဆန်းသစ်တီထွင်ခြင်း၊ ဝန်ဆောင်မှုကို ထိရောက်စွာ ဖြည့်ဆည်းပေးခြင်း၊ နိုင်ငံသားအားလုံးအတွက် တန်းတူညီတူ အခွင့်အလမ်းများ ဖြည့်ဆည်းပေးသော ထုတ်လုပ်မှုစွမ်းအားမြင့်မားသည့် စီးပွားရေးလုပ်ငန်းများရှိခြင်းဟူသော သွင်ပြင်လက္ခဏာများကို တွေ့မြင်နိုင်ပါသည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး၏ ယေဘုယျရည်ရွယ်ချက်မှာ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုနှင့် လုပ်ငန်းဆောင်ရွက်မှုကို နှိုးဆွရန်ဖြစ်ပါသည်။ ထိရောက်သော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးသည် နိုင်ငံသားများ၏ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကိုကျယ်ပြန့်စေပြီး မိမိတို့၏ စီးပွားရေးအနာဂတ်များကို ထိန်းချုပ်နိုင်စေပါသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံ၏ စီးပွားရေးနှင့် ပြိုင်ဆိုင်နိုင်မှုကို အားကောင်းစေပါသည်။

ဤစာတမ်းတွင် ကဏ္ဍတစ်ခုချင်း သို့မဟုတ် အထူးဦးတည်ရည်ရွယ်သော ဖွံ့ဖြိုးရေး အကြောင်းအရာများကို အဓိက ဖော်ပြမည့်အစား ကဏ္ဍအားလုံးတွင် စီးပွားရေးတိုးတက်မှုနှင့် ရှင်သန်လှုပ်ရှားမှုကို ပံ့ပိုးမှုပေးသည့်အဆင့်မြင့်ကဏ္ဍ - အများနှင့်သက်ဆိုင်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး အခြေခံအုတ်မြစ် မူဝါဒများကို အဓိကဖော်ပြထားပါသည်။

ထိရောက်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးမူဝါဒ မူဘောင်တွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ၏ အရေးပါသော အခန်းကဏ္ဍများ ပါဝင်ပါသည်။ ယင်းဖြည့်ဘက်ဖြစ်သော အခန်းကဏ္ဍများနှင့် ယင်းတို့၏အခြေခံအတွေးအခေါ်များကို နားလည်သဘောပေါက်ပြီး လက်ခံကျင့်သုံးခြင်းဖြင့် အောင်မြင်သော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး မူဝါဒ၏ အချက်အချာဖြစ်သော သဘောထား ခံယူချက် ဖြစ်တည်လာပါသည်။ အစိုးရနှင့် စီးပွားရေးလုပ်ငန်းများသည် မိတ်ဖက်များအဖြစ် စီးပွားရေးလုပ်ငန်းနှင့်

တန်ဖိုးဖန်တီးခြင်းတွင် ပုဂ္ဂလိကကဏ္ဍ ဦးဆောင်မှုကို တိုးမြှင့်ပေးရန် တူညီသော ရည်မှန်းချက် ပန်းတိုင်ရှိရပါမည်။ တစ်ချိန်တည်းမှာပင် ကူးသန်းရောင်းဝယ်ရေးတွင် နိုင်ငံတော်အစိုးရ၏ တိုက်ရိုက်အခန်းကဏ္ဍနှင့် ပါဝင်ဆောင်ရွက်မှုကို လျှော့ချရပါမည်။ (အောက်ပါပုံကို ကြည့်ပါ။)

## ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဘောင်တွင် မရှိမဖြစ် ပါဝင်ရမည့် အစိတ်အပိုင်းများ

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး ပုံစံတစ်ခုတည်းဖြင့် အားလုံးကို ခြုံငုံမိရန် မဖြစ်နိုင်ပါ။ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ဖွံ့ဖြိုးမှုအဆင့်များ၊ စိန်ခေါ်မှုအခက်အခဲများ၊ ဦးစားပေးများ၊ သမိုင်းကြောင်းနှင့် သဘာဝသယံဇာတ ပိုင်ဆိုင်မှုများ မတူညီကြသောကြောင့် ဖြစ်ပါသည်။ သို့ရာတွင် အာရှတိုက်တွင်သာမက ကမ္ဘာတစ်ဝန်းတွင်ပါ လွန်ခဲ့သော နှစ်ပေါင်း ၄၀ အတွေ့အကြုံမှ ပုဂ္ဂလိကက ဖွံ့ဖြိုးရေး အကောင်းဆုံးလုပ်နည်းလုပ်ဟန်နှင့် သင်ခန်းစာများ အများအပြား ရရှိခဲ့ပါသည်။

## ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ အခန်းကဏ္ဍများ

| အစိုးရ | ပုဂ္ဂလိကကဏ္ဍ |
|---|---|
| **ကဏ္ဍများအတွက် အခြေခံ အုတ်မြစ် မဟာဗျူဟာများ** | |
| လွှမ်းခြုံသော စီးပွားရေးနှင့် လူမှုရေး မူဝါဒ မူဘောင်၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေသော ပတ်ဝန်းကျင်၊ ဥပဒေ/စည်းမျဉ်း ထိန်းချုပ်မှု အုပ်ချုပ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုအတွက် ဟန်ချက်ညီသော ဆွဲဆောင်မှုများ၊ စားသုံးသူနှင့် ပြိုင်ဆိုင်မှု မူဝါဒ၊ မက်ခရိုစီးပွားရေးနှင့် ဘဏ္ဍာရေး တည်ငြိမ်မှု၊ ပုဂ္ဂလိကကဏ္ဍမှ ဖြည့်ဆည်းပေးရန် စီးပွားရေးအရ တွက်ခြေမကိုက်သော အများပြည်သူ ပစ္စည်းများ/ အခြေခံအဆောက်အဦ/ ဝန်ဆောင်မှုများ အတွက် တာဝန်ယူပါသည်။ | အောက်ပါတို့ကို အဓိက ဖန်တီး မောင်းနှင်ပေးပါသည်။ စီးပွားရေးကြီးထွားမှု၊ ပုဂ္ဂလိကပိုင်ဆိုင်မှု၊ စီးပွားရေးလုပ်ငန်းများ ဖန်တီးခြင်း၊ ဆန်းသစ်တီထွင်ခြင်း၊ ကုန်ပစ္စည်း/ဝန်ဆောင်မှုများ ထုတ်လုပ်ခြင်း၊ ဈေးကွက်ကြီးထွားမှု၊ ပြိုင်ဆိုင်မှု၊ အရင်းအမြစ်များကို ထိရောက်တွင်ကျယ်စွာ ခွဲဝေသတ်မှတ်ခြင်း၊ ပုဂ္ဂလိက လုပ်ငန်းဆောင်ရွက် ခြင်း/ရင်းနှီးမြှုပ်နှံခြင်းနှင့် စီးပွားရေး/လူမှုရေး အကျိုးကျေးဇူး ဖြစ်ထွန်းစေရန် စွန့်စားမှုယူခြင်းဖြင့် အလုပ်အကိုင်များ၊ ဝင်ငွေနှင့် ချမ်းသာကြွယ်ဝမှု ဖန်တီးခြင်းတို့ဖြစ်ပါသည်။ |
| **ဥပဒေနှင့် စည်းမျဉ်းထိန်းချုပ်ခြင်း** | |
| စွန့်ဦးတီထွင်လုပ်ဆောင်ခြင်း၊ risk ယူခြင်း၊ ပြိုင်ဆိုင်ခြင်းနှင့် ထင်သာမြင်သာရှိခြင်းတို့ကို အားပေးရန် စီးပွားရေး လုပ်ကိုင်ရာတွင် လိုက်နာရမည့် ဥပဒေများကို ချမှတ်ပြီး မျှတစွာ အုပ်ချုပ်စီမံခြင်း | ဥပဒေဘောင်အတွင်း ကျင့်ဝတ်နှင့်အညီ ရှင်သန်လှုပ်ရှား လုပ်ငန်းဆောင်ရွက်ခြင်း |
| **ငွေကြေးဝန်ဆောင်မှု ရယူအသုံးပြုနိုင်ခြင်း** | |
| ခိုင်မာသော ငွေကြေးဝန်ဆောင်မှုစနစ် တည်ထောင်ထားရှိပြီး စီးပွားရေး လုပ်ငန်းများနှင့် လုံခြုံမှုအတွက် အခြေခံ အုတ်မြစ်ဖြစ်သည့် ငွေကြေး ဝန်ဆောင်မှု ရယူအသုံးပြုနိုင်မှုကို အားပေးမြှင့်တင်ခြင်း | ရန်ပုံငွေခွဲဝေသတ်မှတ်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်း/ချေးငွေထုတ်ချေးခြင်း၊ ဈေးကွက်လိုအပ်ချက်ကို တုံ့ပြန်လျက် စွန့်စားမှု ယူခြင်း |
| **ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု** | |
| ပြည်တွင်းလုပ်ငန်းများကို နိုင်ငံတကာဈေးကွက်များသို့ ဝင်ရောက် ယှဉ်ပြိုင်နိုင်ရန် အကူအညီပေးခြင်းနှင့် နယ်မြေဒေသတွင်း ကြီးထွားမှုကို မောင်းနှင်ပေးရန် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ခြင်း | ဒေသအဆင့်နှင့် ကမ္ဘာ့အဆင့် ဈေးကွက်များတွင် စီးပွားရေးအခွင့်အလမ်း၊ စီးပွားရေး ကြီးထွားမှုနှင့် မြင့်တက်မှု ဖန်တီးခြင်း |
| **အများပြည်သူ ဝန်ဆောင်မှုများ (နိုင်ငံပိုင်လုပ်ငန်းများနှင့် PPP များ)** | |
| စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုနှင့် လူမှုရေး ဖွံ့ဖြိုးမှုကို ပံ့ပိုးမှုပေးရန် အများပြည်သူ ဝန်ဆောင်မှုများနှင့် အခြေခံ အဆောက်အဦများကို ထိရောက်တွင်ကျယ်စွာ ဖြည့်ဆည်းပေးခြင်း | လိုအပ်သော အများပြည်သူ ကုန်ပစ္စည်းများနှင့် အခြေခံ အဆောက်အဦ ဖြည့်ဆည်းပေးရာတွင် ပုဂ္ဂလိကအရင်းအနှီးကို ရင်းနှီးမြှုပ်နှံခြင်း |
| **လူသားအရင်းအနှီး** | |
| စီးပွားရေးကြီးထွားရာတွင် လူငယ်များနှင့် အလုပ်သမားများ ပါဝင်နိုင်ရေး လိုအပ်သော အသိပညာ ကျွမ်းကျင်မှုများ ရှိစေရန် ခိုင်မာသော ဥပဒေ/ မူဝါဒ မူဘောင်များ ချမှတ်ပြီး (TVET အပါအဝင်) ပညာရေး ဆောင်ရွက်ပေးခြင်း သို့မဟုတ် ဘဏ္ဍာငွေကြေး ဖြည့်ဆည်းပေးခြင်း | လုပ်ငန်းဆောင်ရွက်နိုင်မှု မြင့်မားသော အလုပ်အကိုင်များ ဖန်တီးခြင်း၊ ပညာရေး/လေ့ကျင့်သင်တန်းပေးမှု ဖြည့်ဆည်းပေးခြင်း၊ လုပ်ငန်းအလိုက် ကျွမ်းကျင်မှု လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ပိုမိုကောင်းမွန်သော မူဝါဒများ ချမှတ်နိုင်ရည် စည်းရုံးလှုံ့ဆော်ခြင်း |

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးမူဘောင်တွင်ပါဝင်ရမည့် အဓိကအစိတ်အပိုင်းများနှင့်ကဏ္ဍများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**ဆက်စပ်လွှမ်းခြုံသော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မျှော်မှန်းချက်နှင့် ရည်မှန်းချက်ပန်းတိုင်**

- ကာလရှည်မျှော်မှန်းချက်၊ ရည်မှန်းချက်ပန်းတိုင်နှင့် မောင်းနှင်ပေးသော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး အတွေးအခေါ်

**အလိုရှိသော စီးပွားရေး ရည်မှန်းချက်ပန်းတိုင်များနှင့် ထွက်ပေါ်ရလဒ်များ**

- **အပြိုင်အဆိုင် လုပ်ငန်းဆောင်ရွက်သော ရေရှည်တည်တံ့နိုင်သည့် စီးပွားရေးလုပ်ငန်းများ တိုးတက်များပြားလာစေရန် လိုအပ်သောအခြေအနေများဖန်တီးခြင်း၊** လုပ်ငန်းကြီး၊ လုပ်ငန်းအလတ်၊ လုပ်ငန်းငယ်၊ ပြည်တွင်းလုပ်ငန်း၊ ပြည်ပလုပ်ငန်း၊ တရားဝင်မှတ်ပုံတင်ထားသောလုပ်ငန်းများ၊ အလွတ်သဘောလုပ်ငန်းများနှင့် လယ်ယာလုပ်ငန်းများ၊လက်ရှိလုပ်ငန်းရှင်များနှင့် လုပ်ငန်းရှင်ဖြစ်လာရန် အလားအလာရှိသူများ၊ အမျိုးသမီးများနှင့် အမျိုးသားများ၊ စီးပွားရေး လုပ်ငန်းများ ဆန်းသစ်တီထွင်နိုင်မှုကို အားပေးမြှင့်တင်ခြင်းနှင့် စီးပွားရေးလုပ်ငန်းများကို ပြုစုပျိုးထောင်ပေးသော 'incubator' များ ပါဝင်ပါသည်။

- **မိုက်ခရိုစီးပွားရေးအဆင့်နှင့် မက်ခရိုစီးပွားရေးအဆင့် နှစ်ဆင့်စလုံးတွင် ရလဒ်များ တိုးတက်ရရှိခြင်း**

  (က) မိုက်ခရိုစီးပွားရေးအဆင့် - လုပ်ငန်းအရေအတွက် များပြားလာခြင်း၊ တရားဝင်မှတ်ပုံတင်လျက် လုပ်ဆောင်ခြင်း၊ အရွယ်အစား၊ ကဏ္ဍများ၏ အတိုင်းအတာနှင့် နက်ရှိုင်းမှု၊ တန်ဖိုးကွင်းဆက်များ စုစည်းခြင်းနှင့် ကုန်သွယ်မှု

  (ခ) မက်ခရိုစီးပွားရေးအဆင့် - အလုပ်အကိုင်၊ ကုန်သွယ်မှု၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၊ လုပ်ငန်းပြီးစီးမှုနှုန်း၊ စုစုပေါင်း ပြည်တွင်းထုတ်ကုန် (ဂျီဒီပီ) တိုးမြင့်လာခြင်း၊ ဆင်းရဲနွမ်းပါးမှုနှင့် မညီမျှမှု လျော့နည်းကျဆင်းခြင်း

**ကဏ္ဍအများနှင့် သက်ဆိုင်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး စီးပွားရေး ဖွံ့ဖြိုးမှုနှင့် ကြီးထွားမှု ဦးတည်ချက်များ**

- **စီးပွားရေးတွင် နိုင်ငံတော်၏ ပါဝင်မှုကို လျှော့ချခြင်းဖြင့် ဈေးကွက်များကျယ်ပြန့်လာစေခြင်း** - ပုဂ္ဂလိကကဏ္ဍ ဈေးကွက်အခွင့်အလမ်းများပေါ်ပေါက်စေရန် အောက်ပါနည်းလမ်းများဖြင့်လုပ်ဆောင်ခြင်း - စီးပွားရေးလုပ်ဆောင်မှုများ၊ စီးပွားရေးလုပ်ငန်းများနှင့် ကုန်ပစ္စည်း/ဝန်ဆောင်မှုများဖြည့်ဆည်းပေးခြင်းတို့တွင် အများပြည်သူကဏ္ဍမှပါဝင်သော အခန်းကဏ္ဍကို နည်းပါးစေခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းနှင့် အများပြည်သူ-ပုဂ္ဂလိက မိတ်ဖက်လုပ်ငန်း (PPP)များ တည်ထောင်ခြင်း၊ ကဏ္ဍများကို ကန့်သတ်ချုပ်ကိုင်ထားသော စည်းမျဉ်းများ အား ပယ်ဖျက်ပေးခြင်း၊ ပုဂ္ဂလိကကဏ္ဍ ခွင့်မပြုစာရင်း (negative list)များ (ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများကို မလုပ်ကိုင်ရန် တားမြစ်ထားသော ကဏ္ဍများ)ကို လျှော့ချခြင်း၊ လက်ဝါးကြီးအုပ်သော ဈေးကွက် လုပ်နည်းလုပ်ဟန်များကို လျှော့ချခြင်းနှင့် တားဆီးခြင်း

- **ပိုမို၍ အများပါဝင်သော ပုဂ္ဂလိကကဏ္ဍ ဖြစ်စေခြင်း** - နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေး လုပ်ငန်းများကို ခွင့်ပြုခြင်း၊ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်တိုးတက်ကောင်းမွန်စေခြင်းနှင့် ကောင်းမွန်သောအုပ်ချုပ်မှုဖြစ်စေခြင်း၊ ငွေကြေးဝန်ဆောင်မှုကဏ္ဍကို ပြုပြင်ပြောင်းလဲခြင်း၊ ငွေရင်းငွေနှီး စုစည်းဖြစ်ပေါ်ရေး ဆွဲဆောင်မှုများ ဖြည့်ဆည်းပေးခြင်း (ပစ္စည်းကိရိယာ၊ အဆောက်အဦများနှင့် အခြားကြားခံပစ္စည်းများ)၊ မက်ခရိုစီးပွားရေး တည်ငြိမ်မှုကို ထိန်းသိမ်းခြင်း၊ ဒေသအဆင့်/ကမ္ဘာ့အဆင့် ကုန်သွယ်မှုအစီအစဉ်များတွင်ပါဝင်ခြင်းနှင့် ကုန်သွယ်ရေး အတားအဆီးများကို လျှော့ချခြင်း

- **ပုဂ္ဂလိကလုပ်ငန်းများအတွက် ပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေခြင်း** - လုပ်ငန်းအားလုံးအတွက် လုပ်ကိုင်ရသည့် အခြေအနေကို တန်းတူဖြစ်စေရန် စည်းမျဉ်းထိန်းချုပ်ခြင်းနှင့် အုပ်ချုပ်စီမံမှု ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခြင်းဖြင့် ပိုမို ခိုင်မာသော ပုဂ္ဂလိကကဏ္ဍ ဖြစ်စေခြင်းနှင့် ပိုမိုခိုင်မာသော ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင် ဖန်တီးခြင်း၊ စည်းမျဉ်းထိန်းချုပ်ရေး ပြုပြင်ပြောင်းလဲမှုများ၏ ရည်ရွယ်ချက်မှာ မမျှတသောပြိုင်ဆိုင်မှုကို လျှော့ချရန်နှင့် တားဆီးရန် ဖြစ်သင့်ပါသည်။ တစ်ချိန်တည်းမှာပင် စီးပွားရေးလုပ်ငန်းများ လိုက်နာရသည့် စည်းမျဉ်းများမှာ တစ်ပြေးညီ ဖြစ်စေရပါမည်။ ကြိုတင်ခန့်မှန်းနိုင်ရန်လည်း လိုအပ်ပါသည်။ အုပ်ချုပ်စီမံမှု ပြုပြင်ပြောင်းလဲရာတွင် ရည်ရွယ်ချက်မှာ ပုဂ္ဂလိကလုပ်ငန်းများ အထူးသဖြင့် အသေးစားနှင့်အလတ်စားလုပ်ငန်း (SME)များ ရင်ဆိုင်နေရသော လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းလိုက်နာရေး ဝန်ထုပ်ဝန်ပိုးကို လျှော့ချရန် ဖြစ်သင့်ပါသည်။

- **အခြေခံအဆောက်အဦ ဖြည့်ဆည်းပေးရန် လုပ်ဆောင်ခြင်း** - လူသားအရင်းအနှီး အပါအဝင် ပညာရေး/လေ့ကျင့်သင်တန်းပေးရေး အပါအဝင် စီးပွားရေးလုပ်ငန်းများ လိုအပ်သော အခြေခံအဆောက်အဦ (လျှပ်စစ်ဓာတ်အား၊ သယ်ယူပို့ဆောင်ရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ဆက်သွယ်ရေး၊ ထောက်ပံ့ပို့ဆောင်ရေး စသည်) ဖွံ့ဖြိုးရေး သို့မဟုတ် ပိုမိုကောင်းမွန်ရေးကို ပံ့ပိုးမှုပေးခြင်းအားဖြင့် ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်ရသည့် အခြေအနေ တိုးတက်ကောင်းမွန်စေခြင်း

- **လုပ်ငန်းများနှင့် စွန့်ဦးတီထွင် လုပ်ကိုင်တတ်မှု ပိုမိုလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေခြင်း** - ငွေကြေးဝန်ဆောင်မှု၊ အသိပညာ၊ ဆန်းသစ်တီထွင်သော နည်းပညာနှင့် ကွန်ရက်ဆက်သွယ်ခြင်းတို့ကို ပိုမို၍ ရယူအသုံးပြုနိုင်စေရန်၊ စီးပွားရေး လုပ်ငန်း အသင်းများကို စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်းဖြင့် အားကောင်းစေရန်၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများကို ပျိုးထောင်ပေးသည့် လုပ်ငန်းများနှင့် တန်ဖိုးကွင်းဆက်များ ဖွံ့ဖြိုးတိုးတက်ရေး အပါအဝင် စွန့်ဦးတီထွင်လုပ်ငန်းများ လုပ်ဆောင်နိုင်စွမ်းကိုအားပေးမြှင့်တင်လျက် ဆွဲဆောင်ရန်၊ လုပ်ငန်းစီမံခန့်ခွဲမှု ဝန်ဆောင်မှု ဖြည့်ဆည်းပေးသူများ၏ အရည်အသွေးနှင့် အတိုင်းအတာကိုမြှင့်တင်ပေးရန် ကြားခံလမ်းကြောင်းများနှင့် အဖွဲ့အစည်းများ ဖြည့်ဆည်းပေးခြင်း

**မူဝါဒရေးဆွဲခြင်း၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းအတွက် အဖွဲ့အစည်းပိုင်း လုပ်ငန်းစဉ်များနှင့် အစီအမံများ**

- **ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဝါဒရေးဆွဲရာတွင် အစိုးရ-အကြီးတန်းအရာရှိပိုင်းမှ ခေါင်းဆောင်မှု** - ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဝါဒရေးဆွဲခြင်း၊ လုပ်ငန်းစဉ်သတ်မှတ်ခြင်း၊ ဝန်ကြီးဌာနများ/အဖွဲ့အစည်းများ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကကဏ္ဍနှင့်လည်းကောင်း သက်ဆိုင်ရာ ဖွံ့ဖြိုးမှု မိတ်ဖက် အကျိုးသက်ဆိုင်ပါဝင်သူများနှင့်လည်းကောင်း၊ တိုင်ပင် ဆွေးနွေးမှုအပေါ် ဆက်လက်တည်ဆောက်ခြင်းတို့ကို လမ်းညွှန်မှုပေးရန် အမြင့်ဆုံးအဆင့်မှ ခေါင်းဆောင်မှုသည် အထူးအရေးကြီးပါသည်။

- **အဖွဲ့အစည်းပိုင်း အစီအမံများနှင့် လုပ်ငန်းစဉ်များ** - စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း အပါအဝင် (ဝန်ကြီးဌာနအများနှင့် နိုင်ငံတော်အစိုးရအဆင့်အားလုံးတွင်) ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်ရန် အဖွဲ့အစည်းပိုင်း အစီအမံများနှင့် လုပ်ငန်းစဉ်များ၊ စွမ်းဆောင်ရည် တည်ဆောက်ရေး အရင်းအမြစ်များဖန်တီးခြင်း

- **အများပြည်သူ/ပုဂ္ဂလိက ဆွေးနွေးခြင်း** - ခိုင်မာမှုရှိပြီး စဉ်ဆက်မပြတ်လုပ်ဆောင်နိုင်သည့် အများပြည်သူ/ပုဂ္ဂလိက ကဏ္ဍ ဆွေးနွေးသော လုပ်ငန်းစဉ်နှင့် ယင်းနှင့်သက်ဆိုင်သော စွမ်းဆောင်ရည် ဖွံ့ဖြိုးမှုကို ပြုစုပျိုးထောင်ခြင်း

**ကမ္ဘာတစ်ဝန်း အကောင်းဆုံးလုပ်နည်းလုပ်ဟန်များ၊ ပထမမူများနှင့် ရရှိခဲ့သော သင်ခန်းစာများ**

- ပြည့်စုံသော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဘောင်ရေးဆွဲရာတွင် အခြေခံအဖြစ် အာရှမှလည်းကောင်း၊ ရရှိသည့် အတွေ့အကြုံ များကို လက်တွေ့အသုံးပြုခြင်း

**ဤ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဘောင် အယူအဆများနှင့် အဓိက အပိုင်းများကို အားလုံး စုပေါင်းလိုက်ပါက အောက်ပါတို့ကို စွမ်းဆောင်နိုင်ပါသည်။**

- မြန်မာနိုင်ငံ၏ ထူးခြားသော ပကတိအခြေအနေနှင့် ကမ္ဘာ့အဆင့်/ဒေသအဆင့် အကောင်းဆုံး လုပ်နည်းလုပ်ဟန်များ နှစ်ရပ်စလုံးကို ပေါင်းစည်းထည့်သွင်းခြင်း

- ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဘောင်နှင့် လုပ်ငန်းစီမံချက် ပဏာမ ဖော်ပြချက်စာတမ်း အတွက် ဘက်စုံ လွှမ်းခြုံသော စုဖွဲ့ပုံ၊ လုပ်ငန်းစဉ်နှင့် အခြေခံအုတ်မြစ် ဖြည့်ဆည်းပေးခြင်း

- အစိုးရ၏ အဆင့်မြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မျှော်မှန်းချက်/ရည်မှန်းချက်ပန်းတိုင်များကတစ်ဖက်၊ ခေတ်မမီသော အများပြည်သူကဏ္ဍ အတွေးအခေါ်၊ မနိုင်ဝန်ထမ်းနေရသော အများပြည်သူကဏ္ဍ အဖွဲ့အစည်းများနှင့် အများပြည်သူ/ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမထိရောက်ခြင်း၊ အပြန်အလှန်အကျိုးမပြုခြင်းနှင့် မိတ်ဖက်မဆောင်ရွက်နိုင်ခြင်းများက တစ်ဖက် ချိတ်ဆက်မမိခြင်းကို ကုစားရန် လွှမ်းခြုံနိုင်သော ဖွဲ့စည်းမှုပုံသဏ္ဍာန်ပုံ ဖန်တီးခြင်း

- ထုတ်ဖော်ကြေညာထားသော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မျှော်မှန်းချက်များ၊ ရည်မှန်းချက်ပန်းတိုင်များနှင့် တိုက်ဆိုင်လျက် မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး ပြုပြင်ပြောင်းလဲမှု တိုးတက်မှု၊ မလုံလောက်မှုများနှင့် စိန်ခေါ်မှုများကို အကဲဖြတ်သုံးသပ်နိုင်ရန်နှင့် မြေပုံရေးဆွဲ ဖော်ပြနိုင်ရန် လမ်းညွှန်ပေးခြင်း

မြန်မာနိုင်ငံ ခေါင်းဆောင်များအနေဖြင့် အားကောင်းသော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဘောင်နှင့် မဟာဗျူဟာကို ရေးဆွဲအကောင်အထည်ဖော်ရာတွင် အသုံးပြုနိုင်မည့် စုစည်းစီစဉ်သည့် မူများ၊ စုဖွဲ့ပုံနှင့် လုပ်ငန်းစဉ်များကို **အောက်ပါ ပုံတွင် ဖော်ပြ**ထားပါသည်။ ခိုင်မာမှုရှိပြီး မိမိတို့ လုပ်ငန်းအဖြစ် အပြည့်အဝ ခံယူသော မြန်မာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဘောင် ပေါ်ထွက်လာစေရန် အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍ အကျိုးသက်ဆိုင် ပါဝင်သူများအကြား အချိန်ယူလျက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ အခြေခံကဏ္ဍ ၅ရပ် မဟာဗျူဟာများသည် ပိုမိုကျယ်ပြန့်သော မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဘောင် အစိတ်အပိုင်းများအဖြစ် အပြန်အလှန် ဆက်စပ်နေပုံကို ဖော်ပြထားပါသည်။ ကဏ္ဍအများနှင့် သက်ဆိုင်သော မူဝါဒများနှင့် လုပ်ဆောင်ချက်များကို ပုံတွင် အမှန်ခြစ်လျက် ဖော်ပြထားပါသည်။ လုပ်ငန်းစီမံချက်များ ပြုစုရာတွင် ကဏ္ဍတစ်ခုစီအတွင်း ယင်းတို့ကို ဖော်ထုတ်ရေးဆွဲရပါမည်။ (လုပ်ငန်း ၃)

**ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဘောင်နှင့် လုပ်ငန်းစီမံချက် ပဏာမ ဖော်ပြချက်စာတမ်း - အဓိကအစိတ်အပိုင်းများနှင့် ကဏ္ဍများ**

**ကာလရှည်မျှော်မှန်းချက်**
*မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့နိုင်ပြီး အများပါဝင်သော စီးပွားရေးတိုးတက်မှုနှင့် ချမ်းသာကြွယ်ဝမှု*

**လွှမ်းခြုံသော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင်များ**
*ပုဂ္ဂလိကကဏ္ဍမှာ အသက်ဝင်ရှင်သန်တိုးတက်ပြီး ဒေသတွင်း ပကတိအခြေအနေတွင် ခိုင်မာသော စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးမှုကို မောင်းနှင်ပေးသည်။*

**မရှိမဖြစ်လိုအပ်သော အဖွဲ့အစည်းပိုင်း လုပ်ငန်းစဉ်များနှင့် အကောင်အထည်ဖော်မှု**
*ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဝါဒ ရေးဆွဲခြင်း၊ အကောင်အထည် ဖော်ခြင်း၊ စောင့်ကြည့် စစ်ဆေးခြင်း/အကဲဖြတ်သုံးသပ်ခြင်း အစီအမံများနှင့် အများပြည်သူ/ပုဂ္ဂလိကဆွေးနွေးခြင်းတွင် အဆင့်မြင့် ခေါင်းဆောင်များက ခေါင်းဆောင်မှုပေးခြင်း*

| **ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး ဦးတည်ချက်များ** | **ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး ကဏ္ဍ မဟာဗျူဟာများ** | **အလိုရှိသော စီးပွားရေး ထွက်ပေါ်ရလဒ်များ** |
|---|---|---|

<table>
<tr>
<th></th>
<th>ကဏ္ဍ ၁<br>ဥပဒေ / စည်းမျဉ်း ထိန်းချုပ်မှု ပိုမိုကောင်းမွန်ခြင်း</th>
<th>ကဏ္ဍ ၂<br>ငွေကြေးဝန်ဆောင်မှု ရယူအသုံးပြုနိုင်စေခြင်း</th>
<th>ကဏ္ဍ ၃<br>ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ခြင်း</th>
<th>ကဏ္ဍ ၄<br>စီးပွားရေးလုပ်ငန်းတွင် နိုင်ငံတော်၏ အခန်းကဏ္ဍကို ပြန်လည်စုဖွဲ့ခြင်း</th>
<th>ကဏ္ဍ ၅<br>လူသားအရင်းအနှီး အခြေခံကို တည်ဆောက်ခြင်း</th>
<th rowspan="6">ရေရှည် လုပ်ကိုင်နိုင်သည့် လုပ်ငန်းများ များပြားလာခြင်း<br>- အရေအတွက်<br>- တရားဝင် မှတ်ပုံတင်လျက် လုပ်ဆောင်ခြင်း<br>- ပြိုင်ဆိုင်နိုင်မှု<br>- နယ်ပယ်/နက်ရှိုင်းမှု<br>- တန်ဖိုးကွင်းဆက်/ ကုန်သွယ်မှုပေါင်းစည်းခြင်း<br><br>အောက်ပါတို့ တိုးတက်လာခြင်း<br>- အလုပ်အကိုင်<br>- ကုန်သွယ်မှု<br>- နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု<br>- အလုပ်ပြီးစီးနှုန်း<br>- ဂျီဒီပီ<br>- ဆင်းရဲနွမ်းပါးမှု / မညီမျှမှု လျော့ချခြင်း<br>- အမျိုးသမီး/လူနည်းစု ပါဝင်မှု</th>
</tr>
<tr>
<td>(က) ဈေးကွက် ကျယ်ပြန့်လာခြင်းနှင့် နိုင်ငံတော်အစိုးရ၏ ပါဝင်မှု လျှော့ချခြင်း</td>
<td>✓</td><td>✓</td><td>✓</td><td>✓</td><td>✓</td>
</tr>
<tr>
<td>(ခ) ပုဂ္ဂလိကကဏ္ဍကို ဖွင့်လှစ်ပေးလျက် အများပါဝင်နိုင်စေခြင်း</td>
<td>✓</td><td>✓</td><td>✓</td><td>✓</td><td>✓</td>
</tr>
<tr>
<td>(ဂ) စွမ်းဆောင်နိုင်စေသော စီးပွားရေး လုပ်ငန်း ပတ်ဝန်းကျင်</td>
<td>✓</td><td>✓</td><td>✓</td><td>✓</td><td>✓</td>
</tr>
<tr>
<td>(ဃ) ပံ့ပိုးမှုပေးသော စီးပွားရေး လုပ်ငန်း အခြေခံ အဆောက်အအုံ အနေအထား</td>
<td>✓</td><td>✓</td><td>✓</td><td>✓</td><td>✓</td>
</tr>
<tr>
<td>(င) လုပ်ငန်းများ ပိုမို လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ပြီး စွန့်ဦးတီထွင် ပိုမိုလုပ်ကိုင်နိုင်ခြင်း</td>
<td>✓</td><td>✓</td><td>✓</td><td>✓</td><td>✓</td>
</tr>
</table>

| **အကောင်းဆုံးလုပ်နည်းလုပ်ဟန်များ** | **ကမ္ဘာတစ်ဝန်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးမှု အခြေခံမှုများ** | **ရရှိခဲ့သော သင်ခန်းစာများ** |
|---|---|---|

**နောက်ဆက်တွဲ ၃ - အင်္ဂလိပ်ဘာသာအတိုကောက်ဝေါဟာရများ**

| | |
|---|---|
| ADB | Asian Development Bank အာရှဖွံ့ဖြိုးရေးဘဏ် |
| ASEAN | Association of South East Asian Nations အရှေ့တောင်အာရှနိုင်ငံများအသင်း၊ အာဆီယံ |
| BECF | Basic Education Curriculum Framework အခြေခံပညာရေးသင်ရိုးညွှန်းတမ်း မူဘောင် |
| BTA | bilateral trade agreement နှစ်ဘက်ကုန်သွယ်မှု သဘောတူညီချက် |
| CBM | Central Bank of Myanmar မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| CESR | Comprehensive Education Sector Review ဘက်စုံပညာရေးကဏ္ဍပြန်လည်သုံးသပ်ချက် |
| DB | Doing Business Report of the World Bank ကမ္ဘာ့ဘဏ်၏ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်း အစီရင်ခံစာ |
| DICA | Directorate of Investment and Company Administration ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန |
| ESD | Educational Skills Development ပညာရေးဆိုင်ရာကျွမ်းကျင်မှု ဖွံ့ဖြိုးရေး |
| EU | European Union ဥရောပသမဂ္ဂ |
| FESR | Framework for Economic and Social Reforms စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှုများ အတွက် မူဘောင် |
| FDI | foreign direct investment နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု |
| FIs | financial institutions ငွေကြေးဝန်ဆောင်မှုအဖွဲ့အစည်းများ |
| FRD | Financial Regulatory Department (of the MOF) ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန |
| GDP | gross domestic product စုစုပေါင်း ပြည်တွင်းထုတ်ကုန် |
| GOM | Government of Myanmar မြန်မာနိုင်ငံတော်အစိုးရ |
| ICT | information and communications technology သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ |
| IPP | independent power producer သီးခြားလွတ်လပ်သော လျှပ်စစ်ဓာတ်အားထုတ်လုပ်သူ |
| MADB | Myanmar Agricultural Development Bank မြန်မာ့လယ်ယာဖွံ့ ဖြိုးရေးဘဏ် |
| MBF | Myanmar Business Forum မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်း ဖိုရမ်ဆွေးနွေးပွဲအဖွဲ့ |
| MBI | Mekong Business Initiative မဲခေါင်ဒေသစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် |
| MF | microfinance အသေးစားချေးငွေ |
| MFI | microfinance institution အသေးစားချေးငွေအဖွဲ့အစည်း |
| MIC | Myanmar Investment Commission မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် |
| MOC | Ministry of Commerce စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| MOE | Ministry of Education ပညာရေးဝန်ကြီးဌာန |
| MOF | Ministry of Finance ဘဏ္ဍာရေးဝန်ကြီးဌာန |
| MOLESS | Ministry of Labour, Employment and Social Security အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန |
| MSE | Myanmar Securities Exchange မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် စျေးကွက် |
| NCDP | National Comprehensive Development Plan အမျိုးသားဘက်စုံဖွံ့ဖြိုးမှု စီမံကိန်း |
| NEL | National Education Law အမျိုးသားပညာရေးဥပဒေ |
| NESP | National Education Strategic Plan အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း |
| NCHRDP | National Comprehensive Human Resource Development Plan အမျိုးသားဘက်စုံ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေး စီမံကိန်း |
| NSSA | National Skill Standard Authority အမျိုးသားကျွမ်းကျင်မှုစံနှုန်းအာဏာပိုင်အဖွဲ့ |

| | |
|---|---|
| OECD | Organization for Economic Cooperation and Development စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုအဖွဲ့ |
| PPP | public-private partnership အများပြည်သူ- ပုဂ္ဂလိက မိတ်ဖက်ဆောင်ရွက်ခြင်း |
| PSD | private sector development ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး |
| RCEP | Regional Comprehensive Economic Partnership ဒေသအဆင့် ဘက်စုံ စီးပွားရေး မိတ်ဖက် ဆောင်ရွက်ခြင်း |
| SECM | Securities and Exchange Commission of Myanmar မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် ကြီးကြပ်ရေးကော်မရှင် |
| SEEs | State Economic Enterprises နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ |
| SFI | state-owned financial institution နိုင်ငံပိုင် ငွေရေးကြေးရေးအဖွဲ့အစည်း |
| SME | small and medium enterprise အသေးစားနှင့်အလတ်စားလုပ်ငန်း |
| SOCBs | state-owned commercial banks နိုင်ငံပိုင် ကူးသန်းရောင်းဝယ်ရေးဘဏ် |
| SOE | state-owned enterprise နိုင်ငံပိုင်လုပ်ငန်း |
| SPS | sanitary and phytosanitary measures သန့်ရှင်းရေးနှင့် အပင်များသန့်စင်မှု အစီအမံများ |
| TVET | technical and vocational education and training နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာရေးနှင့် လေ့ကျင့်သင်တန်းပေးခြင်း |
| UNESCAP | United Nations Economic and Social Commission for Asia and the Pacific အာရှပစိဖိတ်ဒေသ ကုလသမဂ္ဂ စီးပွားရေးနှင့်လူမှုရေးကော်မရှင် |
| UMFCCI | Republic of the Union of Myanmar Federation of Chambers of Commerce and Industry ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်ကြီးများနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် |
| UNCDF | United Nations Capital Development Fund ကုလသမဂ္ဂ ငွေရင်းငွေနှီးဖွံ့ဖြိုးရေးရန်ပုံငွေ |
| WTO | World Trade Organization ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ |
| WBG | World Bank Group ကမ္ဘာ့ဘဏ်အုပ်စု |